www.burmeseclassic.com



# ကျိုက်မရောမြို့

# ထင်ပေါ်ကျော်ကြား ဆုတောင်းပြည့် မြတ်စွာဘုရားကြီး


## သမိုင်း



သာနိုင်အောင် (ကျိုက်မရော) ရေးသားပူဇော်သည်

www.burmeseclassic.com


www.burmeseclassic.com



# ဆုတောင်းပြည့်မြတ်စွာ ဘုရားကြီး

www.burmeseclassic.com


www.burmeseclassic.com



# ပဋ္ဌာမြားမျက်ရှင်ဘုရား

www.burmeseclassic.com

www.burmeseclassic.com



# နဂါးရုံဘုရား

www.burmeseclassic.com

www.burmeseclassic.com



ပြည်လုံးချမ်းသာစေတီတော်



ရဟန္တာဆံတော်ရှင်ဆုတောင်းပြည့်စေတီတော်

www.burmeseclassic.com

www.burmeseclassic.com



ဂန္ဓကုဋိတိုက်အတွင်းရှိဘုရားများ




ဘုရားကြီးမုခ်ဝ



လေးမျက်နှာဘုရား

www.burmeseclassic.com

www.burmeseclassic.com



# ရှင်ဥပဂုတ္တ (ရေကန်တော်)

www.burmeseclassic.com

www.burmeseclassic.com



မွန်ပြည်နယ် ၊ ကျိုက်မရောမြို့ ၊ ဆုတောင်းပြည့်ဘုရားကြီးကျောင်းတိုက်ဝင်းအတွင်းရှိ
ဓဂ္ဂိဏာရာမိက သာသနာ့ ဗိမာန်တော်ကြီး



မွန်ပြည်နယ် ၊ ကျိုက်မရောမြို့ ၊ ဆုတောင်းပြည့်ဘုရားကြီးကျောင်းတိုက်ဝင်းအတွင်းရှိ
ဒက္ခိဏာရာမိက သာသနာ့ ဗိမာန်တော်မှရရှိသော မူလ ဥ အမတေ (အမြုတေ) ပုံ




ဒက္ခိဏာရာမိက သာသနာ့ ဗိမာန်တော်မှရရှိသော မူလ ဥ အမတေ (အမြုတေ) နှင့်
အနယ်နယ်အရပ်ရပ်မှ လာရောက်ပို့ဆောင်လာသော ဥ အမတေ (အမြုတေ) ပုံ

www.burmeseclassic.com

www.burmeseclassic.com



မွန်ပြည်နယ်၊ ကျိုက်မရောမြို့၊ ဆုတောင်းပြည့်ဘုရားကြီးကျောင်းတိုက်ဝင်းအတွင်းရှိ
ဒက္ခိဏာရာမိက သာသနာ့ ဗိမာန်တော်ကြီး



ဒက္ခိဏာရာမိက သာသနာ့ဗိမာန်တော်မှရရှိသော မူလဥအမတေ(အမြုတေ) နှင့်
အနယ်နယ်အရပ်ရပ်မှ လာရောက်ပို့ဆောင်လာသော ဥအမတေ (အမြုတေ) ပုံ



ဒက္ခိဏာရာမိက သာသနာ့ဗိမာန်တော်မှရရှိသော မူလဥအမတေ(အမြုတေ) နှင့်
အနယ်နယ်အရပ်ရပ်မှ လာရောက်ပို့ဆောင်လာသော ဥအမတေ (အမြုတေ) ပုံ

www.burmeseclassic.com

www.burmeseclassic.com

# မြန်နန်းသူဇာ နဂါးမယ်တော်ကြီး

ဘိုးတော်ပွားကိုယ်စား(ဘိုးပွားအောင်) ပွား
လာရောက်တင်ပြလျှောက်ထားသွားပါသည်။




## ဓါတ်ကြိုး + နတ်ကြိုး + သိုက်ကြိုး

ကြိုးသုံးကြိုး ဓါတ်ပန္နက်အဓိဋ္ဌာန်အတွက်

**မြန်နန်းသူဇာ နဂါးမယ်တော်ကြီး သစ္စာပန္နက်ဆုတောင်းပြည့်ဗိမာန်
ပုံစံငယ်**




www.burmeseclassic.com

www.burmeseclassic.com

# ကျိုက်ကါမရောဖြို့

ထင်ပေါ်ကျော်ကြား ဆူတောင်းပြည့်
မြတ်စွာဘုရားကြီး
သမိုင်း

www.burmeseclassic.com

www.burmeseclassic.com

# ကျိုက်မရောမြို့
## ထင်ပေါ်ကျော်ကြား ဆုတောင်းပြည့်မြတ်စွာဘုရားကြီး
## သမိုင်း

## မာတိကာ


| | စာမျက်နှာ |
|---|---|
| ၁။ နိဒါန်း | ၁ |
| ၂။ ကျိုက်မရောမြို့ | ၅ |
| ၃။ မွန်လူမျိုး | ၈ |
| ၄။ ကျိုက်မရောဆုတောင်းပြည့် ဘုရားကြီးသမိုင်း | ၂၂ |
| ၅။ မြတ်စွာဘုရားရုပ်ပွားတော်မြတ်ကြီး (အမိကဘုရားကြီး) | ၆၃ |
| ၆။ ဘုရားကြီးကျောင်းတိုက် | ၆၈ |
| ၇။ ဘုရားကြီးကျောင်းတိုက်ဓမ္မာရုံကြီး | ၆၉ |
| ၈။ ရှင်ဥပဂုတ္တ (ရေကန်တော်) | ၇၀ |
| ၉။ ရဟန္တာဆံတော်ရှင်ဆုတောင်းပြည့် စေတီတော် | ၇၁ |
| ၁၀။ ပြည်လုံးချမ်းသာစေတီတော် | ၇၁ |
| ၁၁။ လေးမျက်နှာဘုရား | ၇၂ |
| ၁၂။ နဂါးရုံဘုရား | ၇၃ |
| ၁၃။ ပိဋကတ်တိုက်တော် | ၇၄ |
| ၁၄။ ရဟန္တာကလျာဏသိမ်တော် | ၇၄ |
| ၁၅။ သံဃာ့ကျောင်းဆောင်သစ် | ၇၅ |


www.burmeseclassic.com

www.burmeseclassic.com

၁၆။ ဥပုသ်သည်အရှေ့မွှာရုံနှင့်
အနောက်မွှာရုံ ၇၅
၁၇။ သီလရှင်ဇရပ် ၇၆
၁၈။ ဝတ်ကလေး (ဗုဒ္ဓဝင်ပြခန်း) ၇၇
၁၉။ ညှိသည်တည်းခိုဆောင်နှစ်ဆောင်
(အထူး၊ ရိုးရိုး) ၇၇
၂၀။ မုခ်ဦး (အဝင်ဝ) ၇၈
၂၁။ ဆုတောင်းပြည့်ဘုရားကြီး၏
ထူးခြားချက်များ ၇၉
၂၂။ ဆုတောင်းပြည့်ဘုရားကြီး၏ ဘုရားပွဲတော် ၈၂
၂၃။ ဘုရားကြီးနှင့် ပတ်သက်ဆက်နွယ်သော
အကြောင်းများသုံးသပ်ချက် ၈၄
၂၄။ မှီငြမ်းပြုသော စာအုပ်၊ စာတန်းများ ၉၄

www.burmeseclassic.com

www.burmeseclassic.com



## နိဒါန်း

မွန်ပြည်နယ်၊ ကျိုက်မရောမြို့ ဘုရားကြီးသည် မြန်မာနိုင်ငံတွင် မွန်ဘုရင်မ ရှင်စောပု ပြုပြင်စီရင် တည်ထားကိုးကွယ်သော ဘုရားအဖြစ် လူသိများသည်။ ထင်ပေါ်ကျော်ကြား သမိုင်းဝင် ဆုတောင်းပြည့်ဘုရားကြီးလည်း ဖြစ်ပါသည်။

ကျိုက်မရောဘုရားကြီးသမိုင်းသည် ပါးစပ်ရာဇဝင်အဖြစ်သာ တည်ရှိခဲ့ရပြီး၊ ကျမ်းတစ်စောင်ပေတစ်ဖွဲ့ အဖြစ် မှတ်တမ်းတင်နိုင်ခဲ့ခြင်း မရှိကြောင်း တွေ့ရှိရသည်။ မွန်ဘာသာသာရှိပြီး မြန်မာဘာသာလို မရှိသေးပါ။ မွန်ဘာသာရေးသူမှာ ကမာဝက်ကျေးရွာကျောင်းသစ်ကျောင်းဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တပါလိတ ဖြစ်ပါသည်။ ဘုရားကြီးသည် အစဉ်အလာကြီးမားခဲ့ပြီး၊ အံ့ချီးဖွယ်ရာ ဂုဏ်တော်အဖြာဖြာနှင့်ပြည့်စုံခြင်း၊ ရှားပါးသော မုဒြာရုပ်ပွားတော်မြတ်ဖြစ်ခြင်း၊ နိုင်ငံတော် အတိုင်းအတာဖြင့် ထင်ပေါ်ကျော်ကြား တန်ခိုးကြီးမားခြင်း၊ ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့၏ ရှေးနှစ်ပေါင်းများစွာ အစဉ်အဆက်ကပင် သဒ္ဓါကြည်ညို ပူဇော်ကိုးကွယ်ရာ ဖြစ်ခဲ့ခြင်း ဗုဒ္ဓဘာသာ သာသနာရောင်ဝါ နေသို့ ဆက်လက်လင်းထိန်တည်တံ့ပြန့်ပွားခိုင်မြဲစေဖို့ ဖြစ်ပေါ်စေခြင်း စသည်တို့အတွက် စာထက်အက္ခရာပေါ်တွင် မှတ်တမ်းတင် ပြုစုရေးသားရန် လိုအပ်လာပါသည်။

စာအုပ်တစ်အုပ် ပြုစုရာတွင် မူလဘုရားကြီးသမိုင်း အချက်အလက်များကို အခြေခံ၍ ပြုပြင်ဖြည့်စွက်ပြီး ဘုရားသမိုင်းတစ်စောင်တွင် ရှိသင့်ရှိအပ်သော မြို့ပြသမိုင်း နောက်ခံ အကြောင်းအရာများ၊ တည်ရာဒေသ ပထဝီဝင် အချက်အလက်များ၊ ဘုရားကြီး၏ အရန်စေတီပုထိုးများ၊ ထင်ရှားသော သာသနိကအဆောက်အအုံများ စသဖြင့် ကျိုက်မရော ဘုရားကြီးသို့ ရောက်ရှိသူများကိုယ်တိုင်ကိုယ်ကျ သွားရောက်ကြည်ညို ဖူးမြော်ရသကဲ့သို့ အကျိုး

www.burmeseclassic.com

www.burmeseclassic.com



ကျေးဇူး ရရှိခံစားနိုင်စေရန်အထိ ရည်ရွယ်၍ ရေးသားပူဇော် ပြုစုထားပါသည်။

ဗုဒ္ဓဘာသာဝင်များအတွက် ဗုဒ္ဓမြတ်စွာဘုရား ရုပ်ပွားတော်၊ ဗုဒ္ဓဓာတ်တော်မွေတော်များ ဌာပနာထားသော စေတီတော်၊ ဗုဒ္ဓမြတ်စွာဘုရားနှင့် ပတ်သက်သော တရားဓမ္မစာ၊ ဝတ်ရွတ်စဉ်များ၊ သုတ်တော်များသည် အနက်အဓိပ္ပာယ်ကို ပိုမိုရှင်းရှင်းလင်းလင်း သိရှိထားခြင်းဖြင့် ရွတ်ဖတ်ကြည်ညိုမှု၊ ကြည်ညိုပူဇော်မှု ပို၍ အကျိုးအာနိသင် ထိရောက်ကြောင်း သိရှိရပါသည်။ သို့အတွက် ကြောင့်လည်း ကျိုက်မရော ဘုရားကြီးသမိုင်းကို ခိုင်မာစွာ တည် ဆောက်ရေးသားပြုစုထားခြင်းဖြင့် ဖတ်ရှုပူဇော်ရာတွင် အကျိုး အာနိသင် ပိုမိုရရှိစေလိုသော ရည်ရွယ်ချက်လည်း ပါရှိပါသည်။

ကျိုက်မရောမြို့နှင့် ကျိုက်မရောဘုရားကြီးသည် အပြန် အလှန်အားဖြင့် ကြောင်းကျိုးဆက်နွယ် မှီတွယ်၍ ဖြစ်ပေါ်နေ ကြောင်း တွေ့ရှိရသည်။ ကျိုက်မရောမြို့ ဆိုသည့်အဓိပ္ပာယ်မှာ မွန်ဘာသာမှ ကျိုက်ဗရေ့၏ ဟူသောစကားဖြစ်ပြီး ထင်ပေါ်ကျော် ကြားသည့် ဘုရားရှိသောမြို့ဟူ၍ အဓိပ္ပာယ်ရသည်။ ဘုရားကြီး ကို အမှီပြု၍ မြို့အမည်နာမ ရရှိသလို မြို့တည်ရာဌာန သာယာ လှပမှုကြောင့်လည်း ဘုရားတန်ခိုးသည် ပိုမို ထွန်းလင်းတောက်ပ လာကြောင်း တွေ့ရှိရမည် ဖြစ်ပါသည်။

ကျိုက်မရောမြို့နှင့် ကျိုက်မရောဘုရားကြီးသည် ကင်းကွာ၍ မရစကောင်းသဖြင့် ဘုရားသမိုင်းတွင် ကျိုက်မရောမြို့ အကြောင်း လည်း လက်လှမ်းမီသလောက် ရေးသားဖော်ညွှန်းထားပါသည်။ လောကသဘာဝတရားအရ သက်ရှိသက်မဲ့အရာများ ငယ်ရာမှ ကြီး၊ ကြီးရာမှ ထင်ရှားတောက်ပလာပြီး၊ တစ်ဖန် မှေးမှိန်ကာ ပျောက်ကွယ်တတ်သော အနိစ္စဝရသခါရ သဘောအတိုင်း ဆောင် နေကြပါသည်။ ၄င်းအပြင် ဗုဒ္ဓသာသနာသည်လည်း လင်းချိန် တစ်ခါ၊ မှိန်ချိတစ်လှည့် ဖြစ်ပေါ်တတ်ကြောင်း တွေ့ရှိနိုင်ပါသည်။ ထို့အတူ ကျိုက်မရောမြို့နှင့် ကျိုက်မရောဘုရားကြီးသည်လည်း တစ်ချိန်က မှေးမှိန်ခဲ့မှု ရှိနိုင်သော်လည်း ယခုအချိန်အခါသည်

www.burmeseclassic.com

www.burmeseclassic.com



ထင်ရှားတောက်ပလာသော အခါသမယ ဖြစ်ပါသည်။ လမ်းပန်းဆက်သွယ်ရေးလည်း ကောင်းမွန်ပြီး စိတ်လက်ကြည်လင် အေးချမ်းစွာဖြင့် ရှိခိုးပူဇော်၊ ဖူးမြော်မာန်လျော့ ကန်တော့ရမည့် ကောင်းသော အခါသမယလည်း ဖြစ်နေပါသည်။

"ဘုရားကြီးနှင့် ကျိုက်မရောမြို့ သာယာလှပေသည်" ဟူသော ပညတ်ချက်များအတိုင်း ဘုရားကြီး၏ ဂုဏ်ကျက်သရေ မာတ်သက်ပါ ပါဝင်နေပြန်ပါသဖြင့် မြန်မာနိုင်ငံတစ်ဝှမ်းလုံးမှ ဘုရားဖူးလာရောက်သူ ရဟန်းရှင်လူ ပြည်သူအပေါင်းက သဒ္ဓါတရားများ ပိုမိုဖြစ်ပေါ် တိုးပွားလာရေးအတွက်လည်း အကူအညီ အထောက်အပံ့ ရရှိမည်ဟု ယုံကြည်မျှော်လင့်ပါသည်။

ဤဘုရားသမိုင်း ဖြစ်မြောက်လာရေးအတွက် အဘက်ဘက်မှ ကူညီအားပေးခဲ့ကြသော ရဟန်းပညာရှင်၊ လူပညာရှင်၊ စေတနာရှင်များအား အထူးကျေးဇူးတင်ရှိပါသည်။ အထူးသဖြင့် ဘုရားကြီးကျောင်းတိုက်ဆရာတော် သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဝါရိန္ဒ အားကျေးဇူးတင်ရှိပါသည်။ ကျိုက်မရောဘုရားကြီး ဂေါပကအဖွဲ့ဝင်များ၊ ကျိုက်မရောမြို့ရှိ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ဌာနဆိုင်ရာများမှ ကူညီပံ့ပိုးပေးသူများ၊ ရန်ကုန်မြို့ ပါရမီအင်ဂျင်နီယာလုပ်ငန်း ကုမ္ပဏီမှ အုပ်ချုပ်မှု ဒါရိုက်တာ ဦးတင့်လှိုင်နှင့် ဒါရိုက်တာအဖွဲ့ဝင်များ၊ စာရေးဆရာ ဦးအောင်ကျော်ဆန်းနှင့် စာအုပ်ထုတ်ဝေနိုင်ရေးအတွက် ကူညီပံ့ပိုးပေးခဲ့သူများအား လှိုက်လှဲစွာဖြင့် အထူးပင် ကျေးဇူးဥပကာရ တင်ရှိပါကြောင်း ဖော်ညွှန်းအပ်ပါသည်။

သမိုင်းတစ်ရပ်တွင် သက္ကရာဇ်ကွဲ၊ မှုကွဲများ ရှိတတ်ပါသည်။ လိုအပ်ချက်ရှိက ပြီးပြည့်စုံအောင် ထပ်မံဖြည့်စွက်ရပါမည်။ လောလောဆယ် စာအုပ်တစ်အုပ် ဖြစ်မြောက်ရန် အရေးကြီးပါသည်ဟု ဗိုလ်တထောင် မွန်ပရိယတ္တိစာသင်တိုက် ဆရာတော် မဟာဂန္ထဝါစက ပဏ္ဍိတ ဓမ္မစရိယ ဒုတိယအကျော် ဘဒ္ဒန္တ ကေသရမှ မိန့်ကြားပါသည်။

www.burmeseclassic.com

www.burmeseclassic.com



မည်သူပြုစုရေးသားသည် ဆိုသည်မှာ အရေးမကြီးပါ။ ဘုရားကြီးသမိုင်းစာအုပ် တစ်အုပ်ဖြစ်မြောက်ပြီး ရဟန်းရှင်လူ ပြည်သူများ ဖတ်ရှုနိုင်လျှင် ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်နိုင်ပြီ ဖြစ်ပါသည်။ ဤသို့လည်း ကျိုက်မရောဘုရားကြီးကျောင်းတိုက် ဆရာတော် သဒ္ဓမ္မဇောတိကာဓဇ ဘဒ္ဒန္တဝါရိန္ဒမှ ဩဝါဒစကား ပေးသနားတော်မူပါသည်။

ရှေးဘဝရေစက်၊ ပစ္စုပ္ပန်ဆက်များအရ ဘုရားကြီးကို ပြုပြင် မွမ်းမံ တည်ဆောက်ရာတွင် ပါဝင်ရခြင်း၊ ဘုရားကြီးသမိုင်းကို ရေးသားရာတွင် ပါဝင်ကူညီရခြင်း ဖြစ်သည်ဟု ခိုင်မာမြင့်မြတ်စွာ ယုံကြည်လျက် ရှိကြောင်း ရိုးသားစွာ ဖော်ပြအပ်ပါသတည်း။

(ဗုဒ္ဓသာသနံ၊ စိရံတိဋ္ဌတု)
(ဗုဒ္ဓမြတ်စွာသာသနာ၊ ရှည်ကြာလေးမြင့် တည်စေသော်)

နေ့စွဲ ၂၀၀၈ ခုနှစ်၊ ဇွန်လ (၂၀) ရက်

သာနိုင်အောင် (ကျိုက်မရော)
ဓိုလ်မှူးကြီးသာအောင် (ငြိမ်း)

□

www.burmeseclassic.com

www.burmeseclassic.com



# ကျိုက်မရောမြို့

## တည်နေရာ

ကျိုက်မရောမြို့သည် မြောက်လတ္တီတွဒ် (၁၆) ဒီဂရီ (၇) မိနစ်နှင့် (၁၆) ဒီဂရီ (၃၄) မိနစ်ကြား၊ အရှေ့လောင်ဂျီတွဒ် (၉၇) ဒီဂရီ (၃၉) မိနစ်မှ (၉၇) ဒီဂရီ (၅၀) မိနစ်ကြား တည်ရှိသည်။ မွန်ပြည်နယ် မြို့တော် မော်လမြိုင်မြို့မှ (၁၅) မိုင်ကွာဝေးပြီး အတ္တရံ မြစ်ကမ်းနဖူးပေါ်တွင် သာယာလှပစွာ တည်ရှိသည်။ ဧရိယာ ၅၁၆း၀၄ စတုရန်းမိုင် ကျယ်ဝန်းသည်။

မွန်ပြည်နယ် (၁၀) မြို့နယ်တွင် ပါဝင်ပြီး၊ မော်လမြိုင်ခရိုင်အတွင်း တည်ရှိသည်။ မော်လမြိုင်မြို့နှင့် ဆက်သွယ်ထားသော ကားလမ်းမှာ ထန်းပင်တန်းများဖြင့် သာယာလှပစွာ တည်ရှိသည်။ "ထန်းပင်ထန်းလက် ထန်းရွက်စုညီ၊ ကျိုက်မရောမြို့က သာယာလှပသည်။ ကျိုက်မရောတွင် ထင်ရှား ဗုဒ္ဓရုပ်ပွား ဘုရားစေတီ၊ ရှေးဘုရင်များ တည်ထားကိုးကွယ် တန်ခိုးကြွယ်လှသည်" ဟု အဆိုတော် ထားက သီဆိုထားပါသည်။ ဆိုခဲ့ပြီးသော သီချင်းအတိုင်း အမှန်တကယ်ပင် သာယာလှပပြီး ဘုရားမှာလည်း တန်ခိုးကြီးမားလှကြောင်း တွေ့ရှိနိုင်ပါသည်။ အခြားဆက်သွယ်ထားသော ကားလမ်းမှာ ဘားအံမြို့၊ မုဒုံမြို့၊ ကြာအင်းဆိပ်ကြီးမြို့များ ဖြစ်ကြသည်။

အခြား ဆက်သွယ်ထားသော ရေလမ်းခရီးမှာ မွန်ပြည်နယ် မော်လမြိုင်မြို့၊ မုတ္တမမြို့နှင့် ကရင်ပြည်နယ် ဘားအံမြို့၊ ကြာအင်းဆိပ်ကြီးမြို့များ ဖြစ်ကြသည်။ ရန်ကုန်မြို့မှ မော်လမြိုင်မြို့အထိ ကားလမ်း၊ ရထားလမ်းပေါက်ပြီး၊ မော်လမြိုင်မြို့မှ ကျိုက်မရောမြို့သို့ ကုန်းလမ်း၊ ရေလမ်းခရီးဖြင့် သွားရောက်နိုင်ပါသည်။ မော်လမြိုင်မြို့တွင် လေယာဉ်ကွင်းရှိသဖြင့် လေကြောင်းခရီးဖြင့်လည်း သွားနိုင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျိုက်မရောမြို့အနီးမှ စီးဆင်းသွားသော အတ္တရံ မြစ်သည် မြောက်မှတောင်သို့ စီးဆင်းသော မြစ်မဟုတ်ဘဲ၊ တောင်မှမြောက်သို့ ထူးခြားစွာ စီးဆင်းသော မြစ်တစ်စင်း ဖြစ်သည်။ ရေစီးညင်သာသဖြင့် ရေလမ်းခရီးအတွက် များစွာအထောက်အကူပြုသည်။

ကျိုက်မရောမြို့၏ မြောက်ဘက်တွင် မော်လမြိုင်မြို့နယ်နှင့် ဘားအံမြို့နယ်၊ အရှေ့ဘက်တွင် ကော့ကရိတ်မြို့နယ်နှင့် ကြာအင်းဆိပ်ကြီးမြို့နယ်၊ တောင်ဘက်တွင် ကြာအင်းဆိပ်ကြီးမြို့နယ်၊ အနောက်ဘက်တွင် မုဒုံမြို့နယ်တို့ ဆက်စပ်၍ တည်ရှိသည်။ ကျိုက်မရောမြို့နယ်သည် အနောက်မြောက်မှ အရှေ့တောင်သို့ ရှည်မျောမျောသဏ္ဌာန် တည်ရှိသည်။

❖ ❖ ❖

## မြေမျက်နှာပြင်

ကျိုက်မရောမြို့သည် အတ္တရံမြစ်ဝှမ်းအတွင်း တည်ရှိသဖြင့် အများအားဖြင့် ပြန့်ပြူးသည်။ မြောက်ဘက်တွင် ဂျိုင်းမြစ်ဝှမ်းနှင့် ဆက်စပ်တည်ရှိသည်။ မြို့ပတ်လည်တွင် လယ်ကွင်းပြင်များ တစ်မျှော်တစ်ခေါ် ရှိကြသည်။ မြို့၏ အနောက်ဘက်တွင် တောင်ညိုတောင်တန်းနှင့် အရှေ့ဘက်တွင် ဒေါနတောင်များ တည်ရှိသည်။ ဤတောင်တန်းများသည် မြို့၏အလှကို ပို၍ ပန့်တင့်စေပါသည်။ ညီညာပြန့်ပြူးသော လွင်ပြင်နှင့် ထန်းပင်တန်းများသည်လည်း မြို့၏ ကျက်သရေကို ပို၍ တိုးပွားစေပါသည်။

မြို့အနီးတွင်ရှိသော စပယ်ဂူနှင့် ရှေးဟောင်းဂန္ဓာရီဂူကြီး ဖြစ်သော ဖားဘောင်ဂူတို့မှာ ထင်ရှားလှသည်။ ပင်လယ်ရေမျက်နှာပြင်အထက် (၁၅) ပေသာ မြင့်သည်။ လယ်ကွင်းနှင့် ဥယျာဉ်ခြံမြေများ ပေါများသည်။ ရော်ဘာပင်များကို မြေပွတ်၊ မြေရိုင်းများပါမကျန် မြောက်မြားစွာ စိုက်ပျိုးကြပါသည်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com



## ရာသီဥတု

ပူအိုက်စွတ်စိုသော ရာသီဥတု ဖြစ်သည်။ အမြင့်ဆုံး ပျမ်းမျှ အပူချိန်မှာ (၃၇.၀၇) စင်တီဂရိတ်ဖြစ်ပြီး၊ အနိမ့်ဆုံး ပျမ်းမျှအပူချိန်မှာ (၁၉.၂၃) စင်တီဂရိတ် ဖြစ်သည်။

နှစ်စဉ်ပျမ်းမျှ မိုးရေချိန်လက်မမှာ (၁၈၅) လက်မခန့်ရှိသဖြင့် မိုးများသည်။ မိုးများခြင်း၊ သစ်တောပြုန်းတီးခြင်း၊ ရေထိန်းရန် ဆည်မြောင်းများ နည်းပါးခြင်း၊ ပင်လယ်ရေမျက်နှာပြင်ထက် (၁၅) ပေသာ မြင့်ခြင်း၊ အရှေ့ဘက် ဒေါနတောင်တန်းများမှ ရေများစွာ စီးဆင်းခြင်းကြောင့် နှစ်စဉ်လိုလိုပင် ရေကြီးသည်။ ရေကြီးက လှေစီးကြရသဖြင့် တစ်မျိုးပင် ပျော်စရာကောင်းနေသေးသည်။ ကျောင်းများပိတ်ရခြင်း၊ လူများ ကိုယ်လက်လှုပ်ရှား သွားလာမှု ခက်ခဲခြင်းတို့ကြောင့် ပညာရေးနှင့် ကျန်းမာရေး ထိခိုက်မှု အနည်းအကျဉ်း ရှိသည်။

မိုးများသော်လည်း ပွင့်လင်းရာသီတွင် ရာသီဥတု သာယာလှပသဖြင့် ဘုရားဖူးခရီးသည်များ အကြိုက်တွေ့နိုင်ပါသည်။ ထန်းပင်တန်းနှင့် ကျိုက်မရော ကားလမ်းသည်လည်း စိတ်၏ ပျော်ရွှင်ချမ်းမြေ့မှု၊ ကြည်နူးနှစ်သိမ့်မှုကို ရရှိခံစားစေနိုင်ပါသည်။ မော်လမြိုင်မြို့မှ ကျိုက်မရောမြို့သို့ ရေလမ်းခရီးဖြင့် နှစ်ထပ်သင်္ဘောကြီး စီးသွားလျှင် တောတောင်ရေမြေ သဘာဝအလှအပများကို ကြည့်ရှုခံစားရသည်မှာ တစ်မျိုးပင် ကြည်နူး၍ ပျော်ရွှင်ဖွယ် ကောင်းနေပြန်သည်။

ဘုရားဖူးဧည့်သည်များသည် မော်လမြိုင်မြို့မှ ကျိုက်သုတ်၊ ကျိုက်သလ္လံ၊ မဟာမြတ်မုနိဘုရားများ ဖူးတွေ့ပြီးလျှင် တစ်ဆက်တည်းပင် ခရီးနီးသော ကျိုက်မရောဘုရားကြီးသို့ ဒိုးယိုပေါက် ရောက်ရှိနိုင် သွားနိုင်ကြပါသည်။

"ဘုရားလည်းဖူး၊ လိပ်ဥလည်းတူး" ဆိုသလိုပင် ဒေသထွက် ထန်းသီး၊ ထန်းလျက်ခဲ၊ ဒူးရင်း၊ မင်းကွတ်၊ ကြက်မောက်၊ ကျွဲကော၊ စိမ်းစားဥများလည်း ဝယ်ယူ စားသောက်နိုင်ကြပြီး၊ အိမ်အပြန်လက်ဆောင်ကောင်းအဖြစ် သယ်ဆောင်နိုင်ကြပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျိုက်မရောထွက် ကြွက်မောက်သီးနှင့် ကျွဲကောသီးမှာ ထင်ရှား ကျော်ကြားလှသည်။

ကျိုက်မရောမြို့ ဆုတောင်းပြည့်ဘုရားကြီးသည် နှစ်စဉ် သင်္ကြန်ရက်အတွင်း၊ ဘုရားပွဲ ကျင်းပလေ့ရှိသည်။ သင်္ကြန်ရက် အတွင်း ကျိုက်မရောမြို့နှင့် ကျိုက်မရောဘုရားကြီး၌ လူပရိသတ် များဖြင့် အလွန့်အလွန် စည်ကားလှသည်။ ဘုရားဖူးများလည်း ပြည့်ကျပ်နေတတ်ပါသည်။

သာယာလှပသော ကျိုက်မရောမြို့နှင့် ကျိုက်မရောဘုရား ကြီးတွင် ဘုရားဖူးရင်း ကြည်ညိုသဒ္ဓါပွားများလျက် နောင်ဘဝ အတွက် အထောက်အပံ့ကောင်းများ ရရှိခံစားနိုင်ပေသည်။

❑

## မွန်လူမျိုး

### ရှေးမွန်များ

မြန်မာနိုင်ငံတွင် တိုင်းရင်းသားမျိုးနွယ်စု (၁၃၅)စု ရှိသည်။ မွန်လူမျိုးသည် မွန်ဂိုလွိုက် မျိုးနွယ်စုဝင် ဖြစ်သည်။ မွန်ဂိုလီးယား နယ်တွင် တရုတ်တို့ မနေထိုင်မီနေခဲ့ကြသည်။

မွန်တို့သည် ရှေးဦးပထမ ဂိုဗီသဲကန္တာရတွင် နေကြောင်း၊ "အရထ"ဟူသော စကားအရသိရသည်။ အရထမှာ ပါဠိမှ မွန်ဘာသာပြန်ဆိုခြင်း ဖြစ်သည်။ သဝ်ကျာ-သုင်ကျာ ဟူသော ဥတ္တရဒိသာ၊ ဒက္ခိဏဒိသာအရပ် ဖြစ်သည်။ ဂိုဗီတွင် တစ်နှစ်မှာ (၉) လ သဲလေပြင်းတိုက်သည်။ လေပြင်းဒဏ်ခံရသည်။ နေထိုင် စားသောက်မှု အန္တရာယ်ရှိခဲ့သည်။ လေကို ရန်သူအဖြစ် စိတ်နာ စရာ ဖြစ်ခဲ့သည်။ "အရထ"မှာ ဆင်းရဲကြောင်း ဖော်ပြသော စကားလုံး ဖြစ်သည်။

ဂိုဗီသဲကန္တာရတွင် သဲလေပြင်းဒဏ်ကြောင့် နေရာဒေသ အသစ်ရှာခဲ့သည်။ ဂိုဗီ၏ အနောက်ဘက်မှ သက်ဆင်းသူများ

www.burmeseclassic.com

www.burmeseclassic.com



ယန်စီမြစ်ဖျားဒေသရောက်ကြသည်။ ဂိုဗီအရှေ့ဘက်မှ သက်ဆင်းသူများ ယန်စီမြစ် အရင်းပိုင်းတစ်လျှောက် ရောက်ခဲ့သည်။

မွန်တို့ ယန်စီမြစ်ကမ်းတစ်လျှောက် နေခဲ့မှုကို ယန်စီကြုင်ဟုခေါ်သော မှတ်တမ်းအရ သိရသည်။ မွန်ဝေါဟာရ-ကြုင်(သို့မဟုတ်) ဝိမှာ မြစ်ချောင်းကို ခေါ်ခြင်းဖြစ်သည်။ မွန်ဂိုလီးယားမှ တောင်ဘက် ရေကြည်ရာမြက်နုရာသို့ သက်ဆင်းခဲ့သည်။ အင်ဒိုချိုင်းနားဒေသ၊ မြန်မာနိုင်ငံ မြစ်ကြီး (၄) စင်းအတိုင်း ဆင်းခဲ့ကြသည်။

မြန်မာနိုင်ငံသို့ မရောက်လာသူမှာ ဗီကောင်း၊ ဗီနာမ် မြစ်ကြီးနှစ်သွယ်အတိုင်း အင်ဒိုချိုင်းနားသို့ ရောက်သည်။ ဗီယက်နမ်၊ လာအို၊ ကမ္ဘောဒီးယား၊ ထိုင်းသို့ ရောက်ကြသည်။ မွန်ဘာသာ ကျောက်စာများအရ ထိုင်းတွင် (ဒွါရဝတီ) မည်သော မွန်နိုင်ငံတော်ကြီး ရှိခဲ့သည်။ လင်းဖွန်းမြို့၊ လော့ဖူရီမြို့ တို့၌ တွေ့ရှိရသော ကျောက်စာများမှာ အခိုင်အမာ သက်သေ ဖြစ်သည်။ မွန်မြို့တော်သည် လော့ဖူရီမှ လင်ဖွန်းသို့ မွန်ဘုရင်မ စမ္မဒေဝီက ပြောင်းခဲ့သည် ဆိုသည်။ ထိုင်းအစိုးရ ကျောက်စာဝန်ဖြစ်ခဲ့သူ မစ္စတာဇောဒီးက ဖော်ပြခဲ့သည်။

သုဝဏ္ဏဘူမိ ဆိုသည်မှာ သထုံ တစ်မြို့သာ ခေါ်သည်မဟုတ်။ ပုသိမ်မှစ၍ ထိုင်း အပါအဝင်၊ တရုတ်ပင်လယ်ကွေ့တံကင်းအထိပါကြောင်း သမိုင်းသုတေသီများက ဆိုသည်။ ဒွါရဝတီ (ထိုင်း)သည် မြောက်ဘက် လောအထိ။ တောင်ဘက် ပရပထုံ၊ အနောက်ဘက် ရာဇပုရီထိ၊ အရှေ့ဘက် ဇရင်ချမ်း ဖြစ်သည်။ သုဓမ္မဝတီ (သထုံ) သည် သုဝဏ္ဏဘူမိတိုင်း၏ အနောက်ဘက် စီးပွားရေး၊ ဘာသာရေး ဝင်ရောက်ရာ တံခါးပေါက် ဖြစ်သည်။ ဤသို့ ဒေါက်တာထင်အောင်က ကောက်ချက်ချခဲ့သည်။ ပရပထုံ၌ တွေ့ရှိသော စေတီ၊ ဆင်းတုတော်ရုပ်ပွား၊ ရွှေပုရပိုက်များ၊ လော့ပူရီကျောက်စာ၊ လင်းပွန်းကျောက်စာ လောနိုင်ငံ ကျိုက်ကော်စေတီ ကျောက်စာတို့သည် ဖိုယူဆချက် မှန်ကန်ကြောင်း သက်သေပြလျက် ရှိသည်။ မွန်တို့သည် အင်ဒို

www.burmeseclassic.com

www.burmeseclassic.com



ချိုင်းနား ဒေသများတွင် နေထိုင်ခဲ့ကြောင်း သမိုင်းသုတေသီဆရာ ပါမောက္ခဒေါက်တာ နိုင်ပန်းလှကလည်း ကောက်ချက်ချခဲ့ပါ သည်။

❖ ❖ ❖

## သုဝဏ္ဏဘူမိခေတ်

မြန်မာနိုင်ငံသို့ ရောက်ရှိသော မွန်တို့သည် သုဓမ္မဝတီ (သထုံ) ပြည်ကို ထူထောင်ကြသည်။ ရိုးသားစွာ အသက်မွေး၍ နေထိုင်ကြသည်။ သင့်တော်ရာကို ယုံကြည်ကိုးကွယ်ကြသည်။ သံသရာဘေး ကြောက်သူများက လူ့ဘောင်လူ့ရှာကို စွန့်ကြ သည်။ ရသေ့ရဟန်းပြု တောထွက်ကြသည်။ အိန္ဒိယမှ ယဉ်ကျေး မှု ထိုးဖောက်လာသည်။ ယဉ်ကျေးမှုအဆင့် မြင့်မားသည်။ စည်းရုံးရေးအား ပိုကောင်းသည်။ မဇ္ဈိမဒေသ (အိန္ဒိယ)မှ ယဉ်ကျေးမှုကို မွန်တို့ လက်ခံလာသည်။ မူလမွန်တို့၏ ယဉ်ကျေး မှုကိုလည်း ထိန်းသိမ်းထားသည်။ မွန်တို့သည် မိမိရှိရင်းစွဲ ယဉ်ကျေးမှုကို အိန္ဒိယယဉ်ကျေးမှုဖြင့် ထပ်ဆင့်ပြုပြင်၍ ကျင့်သုံး လာကြခြင်းပင် ဖြစ်သည်။

မဇ္ဈိမဒေသ (အိန္ဒိယ)မှ စီးပွားရေး၊ လူမှုရေး၊ ဘာသာရေး များသည် ဤသို့အားဖြင့် သုဓမ္မဝတီ (သထုံ)သို့ စတင် ရောက် ရှိလာသည်။ ထိုမှ စစ်တောင်း၊ သံလွင်၊ ဧရာဝတီ၊ မြစ်ဝကျွန်း ပေါ်ဒေသများသို့ ရောက်ရှိပျံ့နှံ့ခဲ့သည်။ အိန္ဒိယမှ ဗုဒ္ဓဘာသာနှင့် ဟိန္ဒူဘာသာတို့သည် ရောပြွမ်း ရောက်ရှိခဲ့သည်။ မွန်တို့သည် သံသရာအတွက် ပို၍ လက်တွေ့ဆန်သော ဗုဒ္ဓဘာသာကို ယုံကြည်ကြသည်။ ဤသို့ဖြင့် မွန်တို့ ဗုဒ္ဓဘာသာကို သက်ဝင် ယုံကြည်ကိုးကွယ်လာကြသည်။ မွန်ဒေသများသို့ မြတ်စွာဘုရား ၏ ဗုဒ္ဓဘာသာ သာသနာတော်သည် သာသနာဝင် ကျမ်းဂန်များ ၏ အဆိုအရ (၄) ကြိမ် ဝင်ရောက်ခဲ့ကြောင်း တွေ့ရသည်။ သမိုင်းအထောက်အထားများအရ သိရှိရသည်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com



## ပထမအကြိမ် ဗုဒ္ဓသာသနာရောက်ရှိခြင်း

ဂေါတမမြတ်စွာဘုရားသည် ဘိုးတော်အဉ္ဇနမင်း ဖြိုခွင်းသော သက္ကရာဇ် ၁၀၃ ခုနှစ်၊ ကဆုန်လပြည့်နေ့တွင် ဘုရားအဖြစ် ရောက်ရှိသည်။ သတ္တဌာန၌ သတ္တသတ္တာဟ (ခုနစ်ရက်၊ ခုနစ်လီ) ကို ကုန်လွန်စေခဲ့သည်။ ဆဌမသတ္တာဟ အဝင် ရာဇာယတန လင်းလွန်းပင်ရင်း၌ စံနေတော်မူစဉ် မွန်တိုင်းဌာန ဥက္ကလာပ (အသိတဉ္ဇနဂရ)မှ မွန်ညီနောင် နှစ်ဦးတို့ ရောက်လာကြသည်။ တပုဿနှင့် ဘလ္လိကာ ကုန်သည် ညီနောင်သည် ဘုရားရှင်အား ဆွမ်းဦးအဖြစ်၊ မုန့်ကြွပ်ကျစ်နှင့် မုန့်ဆွမ်းတို့ကို လောင်းလှူသည်။ သောက်သုံးတော်ရေ ဆက်ကပ်ပြီး၊ အပြစ် (၆) ရပ်မှ လွတ်ရာ အရပ်၌ နေထိုင်ကြသည်။

ဘုရားရှင်သည် ကုန်သည်ညီနောင်တို့အား တရားဟောတော်မူသည်။ ဒေသနာတော်အဆုံး၌ ညီနောင်တို့ ဒွေဝါစိက သရဏဂုံ တည်လေသည်။ ကုန်သည်ညီနောင်တို့အား ပူဇော်နိုင်ရန် ဆံတော်ဓာတ် (၈) ဆူ ပေးသနားတော်မူလေသည်။

ကုန်သည်ညီနောင်တို့ ဆံတော်ဓာတ်တို့ကို ရွှေကြုတ်၌ ထည့်၍ ပင့်ဆောင်ခဲ့သည်။ နေရင်းဒေသသို့ ရောက်သောအခါ ဥက္ကလာပမင်းကြီးက ခမ်းနားကြီးကျယ်စွာ ကြိုဆိုပင့်ဆောင်သည်။ မင်းကြီးသည် ရှေးမြတ်စွာဘုရားသုံးဆူတို့၏ ပရိဘောဂများ ဌာပနာရာ သိင်္ဂုတ္တရကုန်းတွင် စေတီတော် တည်သည်။ သက္ကရာဇ် ၁၀၃ ခုနှစ်၊ တပေါင်းလဆန်း (၁၄) ရက်နေ့၌၊ အပေါ်ဖိနပ်တော် (၃၃) တောင်၊ ဉာဏ်တော် (၁၈) တောင်ရှိ စေတီတော်ကို တည်ထား ကိုးကွယ်လေသည်။

ဤကား ပထမအကြိမ် မွန်တိုင်းဌာနီသို့ သာသနာတော် ရှေးဦးအစ ရောက်ရှိလာခြင်းပင် ဖြစ်သည်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com



## ဒုတိယအကြိမ် ဗုဒ္ဓသာသနာရောက်ရှိခြင်း

ဂေါတမမြတ်စွာဘုရားရှင်သည် (၈) ဝါ၊ သက္ကရာဇ် (၁၁၁) ခုနှစ်တွင် မွန်တိုင်းဌာနီ ရာမညဆီသို့ ဒေသစာရီ ကြွချီတော်မူသည်။ အရှင်ဂဝမ္ပတိ မထေရ်ပင့်လျှောက်သဖြင့်၊ နောက်ပါ ရဟန္တာ (၅၀၀) လိုက်ပါလျက် ကြွတော်မူသည်။ သာဝတ္ထိပြည်မှ သီဟိုဠ်ရောက်သည်။ ထိုမှ စူမတြားကျွန်း၊ အချင်းမြို့။ ထိုမှ မာလာယုကျွန်းဆွယ်၊ မလက္ကာမြို့။ ထိုမှ မွန်ဒေသ ဒွါရဝတီ (လော့ဗုရီ၊ အယုဒ္ဓယ သုခေါဒယ)၊ ဟရိဘုဉ္စ (လဖွန်း)။ ထိုမှ တနင်္သာရီ၊ ထားဝယ်၊ ရေး၊ မော်လမြိုင်၊ မုတ္တမနှင့် သုဓမ္မဝတီ (သထုံ)သို့ ကြွရောက်တော်မူသည်။

သုဓမ္မဝတီ (သထုံ)တွင် (၇) ရက်တိုင်တိုင် သီတင်းသုံးတော်မူကာ တရားဒေသနာတော်များ ဟောကြားခဲ့သည်။ များစွာသော ရဟန်းရှင်လူ ဘိက္ခုနီ ရသေ့၊ သူတော်စင်တို့ မဂ်၊ ဖိုလ် ရကြလေသည်။

မွန်တို့ဌာနီသထုံနှင့် ပတ်ဝန်းကျင်ဒေသတို့ သာသနာတော် အဓွန့်ရှည် တည်မည်ကို မြင်တော်မူသည်။ သို့ဖြင့် စေတီတည်ထား ကိုးကွယ်ရန် ဆံတော်ဓာတ်တော်များ ပေးသနားတော်မူသည်။ သဒ္ဒင်သီရိ၊ ဉလက၊ နာရဒ၊ လောမ၊ သီလာ၊ ဘာဂီယ ရသေ့ (၆) ဦးတို့ ဆံတော်ဓာတ်ရရှိသည်။ မဟာသီရိမာသောကမင်းအတွက် ဓာတ်တော်ရရှိရေး ဗျာဒိတ်ပေးတော်မူသည်။

မဟာသက္ကရာဇ် ၁၄၈-ခု၊ ကဆုန်လပြည့်နေ့တွင် "ငါဘုရား ပရိနိဗ္ဗာန်ပြုလတ္တံ့။ ကုသိနာရုံ၊ အင်ကြင်းတော ဥယျာဉ်ရှိ ငါ၏ရုပ်အလောင်းတော် တေဇောဓာတ်လောင် လတ္တံ့။ ငါဘုရား၏ အမိဋ္ဌာန်ဖြင့် (၃၃-ချောင်းတွင် ဖြစ်သော) တစ်ချောင်းသော သွားတော်ဓာတ်ကို၊ စန္ဒကူးထင်းပုံထက်မှ ထုတ်၍ ဂဝမ္ပတိမထေရ်ဆောင်ခဲ့လတ္တံ့။ ထိုဓာတ်တော်ကို အသင်မင်းကြီးတို့ ပူဇော်ကော်ရော်ကြရလတ္တံ့။" ဟု ဗျာဒိတ်ပေးသနားတော်မူခဲ့သည်။

အရှင်ဂဝမ္ပတိမထေရ်သည် သွားတော်ဓာတ် တစ်ဆူကို စန္ဒကူးထင်းပုံမှ ထုတ်၍ သယ်တော်မူသည်။ ဗျာဒိတ်တော်

www.burmeseclassic.com

www.burmeseclassic.com



အတိုင်း ကောင်းကင်ခရီးဖြင့် သွားပြီး သထုံပြည့်ရှင် မဟာသီရိမာသောကမင်းအား ပေးလေသည်။

မင်းကြီးသည် သွားတော်ဓာတ် တစ်ဆူမှဖြစ်သော ဓာတ်တော်သုံးဆယ့်သုံးဆူကို ယူ၍ ကျောက်စေတီ (၃၃) ဆူ ဌာပနာပြီး စေတီတည်သည်။ မြတ်စွာဘုရား လျှုတော်မူစဉ် (၇) ရက်ပတ်လုံး၊ သီတင်းသုံးတော်မူဖူးသော တောင်ထွတ်အရပ်တွင် ရဟန်းရှင် လူထုပရိသတ်နှင့် တည်ထားကိုးကွယ်ခဲ့ခြင်း ဖြစ်သည်။

ဤကား မွန်တိုင်းဌာနီသို့ ဒုတိယအကြိမ် ဗုဒ္ဓသာသနာတော်ရောက်ရှိလာခြင်းပင် ဖြစ်သည်။

❖ ❖ ❖

## တတိယအကြိမ် ဗုဒ္ဓသာသနာရောက်ရှိခြင်း

သာသနာတော်နှစ် ၂၃၅-ခုနှစ်တွင် မဇ္ဈိမဒေသ ပါဋလိပုတ်ပြည်ရှင် မဟာမောဂ္ဂလိ ပုတ္တိဿ မထေရ်ကြီးမှုး၍ တတိယသင်္ဂါယနာတင်သည်။ ကိုးတိုင်းကိုးဌာနသို့ သာသနာပြုရန် ဓမ္မဒူတ၊ သာသနာ့စေတမန်များ စေလွှတ်ခဲ့သည်။ အမှတ် (၈) ဌာန သုဝဏ္ဏဘူမိတိုင်းသို့ ရှင်သောဏမထေရ်နှင့် ရှင်ဉတ္တရမထေရ်တို့ ရွေးချယ်စေလွှတ်ခဲ့သည်။

ထိုအရှင်နှစ်ပါး ရောက်ခဲ့သော သထုံမြို့မှာ- (သုဓမ္မဝတီ) ခေါ် ပထမသထုံမဟုတ် ကေလာသတောင်ခြေနှင့် ပင်လယ်ကြားတည်ထားသော ဒုတိယသထုံ (တိုက်ကုလား) ဖြစ်သည်။

ထိုအရှင်မြတ်တို့ ကြွချိန်မှာ- ဘီလူးရက္ခိုက် အေးရန်ရှိချိန်ဖြစ်သည်။ နန်းတော်မှ ဖွားမြင်သော သတို့သားတိုင်း ဘီလူးစားသည်။ မထေရ်မြတ်တို့ ကြွခိုက်၊ နန်းတော်တွင် သားရတနာဖွားချိန်နှင့် ကြုံကြိုက်သည်။ မထေရ်မြတ်များကိုပင် ဘီလူးရက္ခိုက်ထင်မှတ်ခံရသည်။

ထိုအချိန် နန်းတော်မှဖွားသော ကလေးကို စားရန် ဘီလူးတို့လာကြသည်။ မထေရ်မြတ်များသည် ဘီလူးထက် နှစ်ဆကြီးသော ခန္ဓာကိုယ်တို့ကို ဖန်ဆင်းသည်။ ပြီးနောက် ဘီလူးများကို

www.burmeseclassic.com

www.burmeseclassic.com



ခြောက်လှန့် မောင်းထုတ်လိုက်၏။ လူအများမှာ သက်သာရာ ရကြသည်။

ရေသူရဲဘီလူးကို (ကလောက်ဥာဏ်)ဟု မွန်တို့ခေါ်ကြသည်။ ၎င်းမှာ နိဂရစ်တိုခေါ် အပုစား ကပ္ပလီလူရိုင်းများ ဖြစ်ကြောင်း ဒေါက်တာနိုင်ပန်းလှက ကောက်ချက်ချသည်။ အသားမည်းပြီး နှုတ်ခမ်းထူသည်။ ဆံပင်ကောက်ပြီး အလွန် ရက်စက်ကြမ်းကြုတ်ကြသည်။ ထိုဘေးရန်မှ မထေရ်မြတ်များ ကာကွယ်စောင့်ရှောက်ပေးခဲ့သည်။

မထေရ်မြတ်တို့ ဗြဟ္မဇာလသုတ် ဒေသနာတော်ကို ဟော ကြားခဲ့သည်။ သထုံမြို့သူမြို့သား (၆၀၀၀၀) ဗုဒ္ဓဘာသာဝင် ဖြစ်လာသည်။ အမျိုးသား (၃၅၀၀)၊ အမျိုးသမီး (၂၅၀၀)တို့ ရဟန်းပြုကြသည်။ သထုံမင်းလည်း ရဟန်းအတွက် ကျောင်း ဆောက်လုပ် လှူဒါန်းခဲ့သည်။ လူအများလည်း ရဟန်းတော်များ ကို ကြည်ညိုရှိ ကိုးကွယ်ခဲ့သည်။ ရဟန်းတော်များလည်း တရား ဓမ္မများ ဟောကြားပေးခဲ့သည်။ သူတော်ကောင်းတရားများ ပွားများအားထုတ်စေခဲ့သည်။

မထေရ်မြတ်တို့သည် မုတ္တမ၊ မော်လမြိုင်၊ ရေး၊ လမိုင်း မြို့များသို့လည်း ကြွရောက်ခဲ့ကြသည်။ သာသနာပြုခရီးကြွရင်း ဗုဒ္ဓတရားဒေသနာတော်များကို ဟောကြားခဲ့ကြသည်။ မော်လမြိုင် နှင့် ကျိုက်မရောသည် ၁၅ မိုင်ဝေးသည်။ မော်လမြိုင်မှတစ်ဆင့် ကျိုက်မရောသို့ ဗုဒ္ဓသာသနာတော် ရောက်ရှိနိုင်သည်ဟု ယူဆ ရပါသည်။

❖ ❖ ❖

## စေတုတ္ထအကြိမ် ဗုဒ္ဓသာသနာတော်ရောက်ရှိခြင်း

မွန်တိုင်းဒေသသို့ သာသနာတော် သုံးကြိမ်ရောက်ရှိခဲ့သည်။ သို့သော် ပိဋကတစာပေများကား မရောက်လာသေးပါ။ ထို့အတွက် ပရိယတ္တိသာသနာကား အခြေမခိုင်သေးပါ။ ထိုအချိန်က မွန်တို့

www.burmeseclassic.com

www.burmeseclassic.com



အက္ခရာစာပေ မရှိသေးပါ။ စာရေး စာဖတ် မတတ်သေးကြောင်း လည်း တွေ့ရသည်။

သာသနာသက္ကရာဇ် ၉၀၀ ကျော်ခန့်တွင် မဟာယနနှင့် ထေရဝါဒ ဗုဒ္ဓသာသနာဝင် ဟူ၍ ကွဲပြားသည်။ အိန္ဒိယ မြောက်ပိုင်းတွင် မဟာယာန ထွန်းကားသည်။ အိန္ဒိယတောင်ပိုင်း သီဟိုဠ်ကျွန်း၊ မြန်မာနိုင်ငံအောက်ပိုင်း ရာမညတိုင်း၊ ဒွါရဝတီ ပြည်တို့တွင် ထေရဝါဒ ထွန်းကားသည်။ ရှေးအစဉ်အလာအတိုင်း မထေရ်မြတ်များ၏ ကြိုးပမ်းဆောင်ရွက်နေမှုကြောင့် ထေရဝါဒ နိုင်မြဲနေသည်။ ထေရဝါဒတည်တံ့၍ ထွန်းလင်းတောက်ပနေသည်။ အိန္ဒိယတောင်ပိုင်း ကစ္စတနားမြစ်ဝှမ်း၊ အမရဝတီပြည်တွင် ထေရဝါဒ ထွန်းကားသည်။ အမရဝတီ စေတီတော်ကြီး တည်ထားကိုးကွယ်၍ ဗုဒ္ဓသာသနာတော် ထွန်းကားကြောင်း သာသနာဝင် ကျမ်းများတွင် ပါရှိသည်။

ထိုအချိန်၊ ရှင်မဟာဗုဒ္ဓဃောသ၊ ရှင်ဓမ္မပါလ၊ ရှင်ဗုဒ္ဓဒတ္တ မထေရ်မြတ်တို့ ပိဋကသုံးပုံ အာဂုံဆောင်နိုင်ကြသည်။ ကျမ်းပြုသူများ ဖြစ်ကြသည်။ ရှင်မဟာဗုဒ္ဓဃောသသည် ပိဋကသုံးပုံကို သီဟိုဠ်ဘာသာမှ ပါဠိဘာသာသို့ ပြန်ဆို ရေးသားခဲ့သည်။ ပါဠိတော်အဖွင့်ဖြစ်သော အဋ္ဌကထာများကို ပြုစု ရေးသားသည်။

ရှင်မဟာဗုဒ္ဓဃောသသည် (သာသနာတော်နှစ် (၉၄၇)၊ သာသနာတော်နှစ် ၉၃၀-မှကွဲ ရှိသည်) ခရစ်သက္ကရာဇ် (၄၀၃) ခုနှစ်တွင် ရာမညတိုင်း သုဝဏ္ဏဘူမိသို့ ပိဋကသုံးပုံ ပင့်ဆောင်လာခဲ့သည်။ ရာမညဒေသရှိ ရဟန်းရှင်လူများ ပိဋကသုံးပုံ ပါဠိတော်များနှင့် အဋ္ဌကထာများ လေ့လာ သင်ကြားနိုင်ခဲ့သည်။ မွန်တို့လည်း ထိုအချိန်မှစ၍ အက္ခရာစာပေများ စတင်ရေးသားလာခဲ့သည်။ စာပေပညာများကို ဆည်းပူးတတ်မြောက် လာကြသည်။

ထေရဝါဒ ဗုဒ္ဓသာသနာတော်လည်း ရာမညတိုင်းဒေသတွင် တည်တံ့ခိုင်မြဲလာခဲ့သည်။ ပရိယတ္တိ၊ ပဋိပတ္တိ၊ ပဋိဝေဓ သာသနာတော်သုံးရပ်စလုံး အရှိန်အဟုန်ကောင်းစွာ ဖွံ့ဖြိုးတိုးတက်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဗုဒ္ဓဘာသာ သာသနာတော်သည် ထိုအချိန်မှစ၍ မွန်တို့ဒေသနီတွင် ပိုမို၍ ပွင့်လင်းတောက်ပလာကြောင်း တွေ့ရသည်။

❖ ❖ ❖

## ဟံသာဝတီ (ပဲခူး)ခေတ်

မွန်တိုင်း (၃) ရပ် ရှိခဲ့သည်။ ဟံသာဝတီ (ပဲခူး) ၃၂ မြို့၊ ပုသိမ် ၃၂ မြို့၊ မုတ္တမ (၃၂) မြို့ ဖြစ်သည်။ ဟံသာဝတီ ပထမမြို့တည် မင်းဆက်မှာ သမလမင်း (ခရစ်တော် သက္ကရာဇ် ၈၂၅) မှ တိဿရာဇာမင်း (သက္ကရာဇ် ၁၀၄၃) အထိ (၁၇) ဆက် ရှိခဲ့သည်။ ဟံသာဝတီကို မွန်ဘာသာ (ဩင်ဟံင်သဝတီ) ဟု မုဋ္ဌလိန္တာ ကျောက်စာတွင် ပါရှိသည်။

ဟံသာဝတီ (ပဲခူး) ဒုတိယမြို့တည် နန်းတည်မင်းဆက်မှာ ဗညားဦးမင်း (ခရစ် သက္ကရာဇ် ၁၃၆၉) မှ ဗြမိုင်း တိရာဇာမင်း (ခရစ်သက္ကရာဇ် ၁၇၄၄) အထိ (၂၂) ဆက် ရှိခဲ့သည်။ မင်းဆက် (၈) ဆက်မြောက် မွန်ဘုရင်မ ရှင်စောပုနှင့် (၉) ဆက်မြောက် ဓမ္မစေတီမင်းတို့သည် ဘာသာရေး လွန်စွာ ကိုင်းရှိုင်းကြသည်။ ဗုဒ္ဓသာသနာတော် ရောင်ဝါနေသို့ ထွန်းလင်းရေး ကြိုးပမ်းဆောင် ရွက်ခဲ့ကြောင်း တွေ့နိုင်သည်။

ဟံသာဝတီ (ပဲခူး) မွန်ဘုရင်မ ရှင်စောပုသည် ဗညားတော ဘွဲ့အမည် ခံယူခဲ့သည်။ ကောဇာသက္ကရာဇ် (၈၁၄)၊ ခရစ် သက္ကရာဇ် (၁၄၅၂) တွင် နန်းတက်သည်။ နန်းတက် သက် (၁၉) နှစ် ရှိခဲ့သည်။ ရွှေတိဂုံစေတီတော်၊ ပဲခူးရွှေမော်ဓောစေတီ တော်၊ ကျိုက်မရောမြို့ ဘုရားကြီးတို့ကို ပြုပြင်မွမ်းမံတည်ဆောက် ခဲ့သည်။

မွန်ဘုရင်မရှင်စောပုသည် မွန်ရာဇဝင်တွင် ထင်ရှားသော ရာဇာဓိရာဇ်ဘုရင်မင်းမြတ်၏ သမီးတော် ဖြစ်သည်။ ရှင်စောပု သည် မွေးဖွားစဉ်က ထူးခြားလှပသော ဆံပင်ဖြူတစ်ပင် ပါရှိ ခဲ့သည်။ ဆံပင်ဖြူကို အစွဲပြု၍ မိစဗု (မိဆံပင်ဖြူ) မွန်အမည်မှ ရှင်စောပု ဖြစ်လာခဲ့သည်။ ကျိုက်မရောမြို့ ဘုရားကြီးကို ကောဇာ

www.burmeseclassic.com

www.burmeseclassic.com



သက္ကရာဇ် (၈၁၇) တွင် ပြုပြင်မွမ်းမံ၍ သာသနာဝင် ကျောက်စာ ရေးထိုးခဲ့သည်။ မွန်ကျောက်စာ မော်ကွန်းသည် ဘုရင်မအား ကျေးဇူးတင်သင့်ပြီး၊ မွန်တို့ ဂုဏ်ယူဖွယ်ပင် ဖြစ်သည်။

မွန်ဘုရင်မ ရှင်စောပုသည် မအိုမင်းမီ ထီးနန်းစွန့်လွှတ်ခဲ့သည်။ ကောဇာသက္ကရာဇ် (၈၃၃)၊ ခရစ်သက္ကရာဇ် (၁၄၇၁) တွင် သမက်တော် ရာဇာဓိပတိ (ခေါ်) ဓမ္မစေတီမင်းအား ထီးမွေ၊ နန်းမွေ ပေးအပ်ခဲ့သည်။ ရွှေမော်ဓောဘုရားနှင့် ရွှေတိဂုံစေတီတော်တို့ကို လက်ရှိပမာဏအထိ မြှင့်တင်၍ သာသနာပြုခဲ့သည်။ သမက်တော်အားလည်း မွန်ဗုဒ္ဓဘာသာ သာသနာ သန့်ရှင်း စင်ကြယ် ထွန်းလင်းတောက်ပရေး ကူပံ့ခဲ့သည်။ သာသနာတော် ထွန်းကားရေး ဆောင်ရွက်ရာတွင် တွန်းအားပေးခဲ့သည်။

မွန်ဘုရင်မသည် ဗုဒ္ဓဘာသာအား ယုံကြည်ကိုးကွယ်မှုတွင် စံတင်လောက်သော ပုဂ္ဂိုလ် ဖြစ်သည်။ ရွှေတိဂုံဘုရားနှင့် မဝေးလှသောနေရာတွင် တဲနန်းတည်ဆောက်သည်။ စမ်းချောင်း ရှင်စောပုဘုရားလည်း ရှိသည်။ ဘုရားသို့ နေ့စဉ် ကြွရောက် အာရုံပြုဖူးမြော်သည်။ ဘုရားဝေယျာဝစ္စကိစ္စများ ကမကထပြု၊ ဆောင်ရွက်သည်။ ဘုရားတရားကိစ္စသာ အချိန်ပြည့် ဆောင်ရွက်တော်မူခဲ့သည်။ ကွယ်လွန်အနိစ္စ ရောက်ချိန်တွင်ပင် ရွှေတိဂုံစေတီတော် ရင်ပြင်၌ ဘုရားကို အာရုံပြု ဦးခိုက်လျက် ရှိခဲ့သည်။ မအိုမီ၊ မနာမီ၊ မသေမီ ကာလတွင် ဘုရားတရားနှင့် ပတ်သက်၍ လုပ်သင့်လုပ်ထိုက်သည်များ ကြိုးကုတ်အားထုတ် ဆောင်ရွက်နိုင်ခဲ့သည်။ ဤသည်မှာ စံနမူနာယူ ဂုဏ်ယူဖွယ်ပင် ဖြစ်ပါသည်။

(လက်ရှိအခေါ် စမ်းချောင်း ဟူသည် ဘုရင်မ ရှင်စောပု တဲနန်း တည်ဆောက်ခဲ့သော နေရာဖြစ်သည်။ မင်းလမ်း ဟူသည် ဓမ္မစေတီမင်းက ရှင်စောပုထံ တိုင်ပင်တော်မူရန်၊ အခစား ဝင်ရောက်သောလမ်း ဖြစ်သည်။ ယနေ့တိုင် ရန်ကုန်မြို့ မြေနီကုန်း၊ စမ်းချောင်းရပ်တွင် ခိုင်မာသောသက်သေအဖြစ် တည်ရှိနေသည်။)

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com



## လက်ရှိမွန်တို့ အခြေအနေ

လက်ရှိမွန်တိုင်း (၃) ရပ်တွင် မွန်များမရှိသလောက် ဖြစ်သွားသည်။ မြစ်ဝကျွန်းပေါ်တွင် မွန်အမည်များသာ ကျန်ရစ်သည်။ မွန်လူမျိုး၊ မွန်စကားပြောသောသူ မရှိသလောက် ဖြစ်သည်။

မြစ်ဝကျွန်းပေါ်တွင် ကျိုက်လတ်၊ ကမာကြည်၊ ကျုံပျော်၊ ဝါးခယ်မ၊ ဖျာပုံ စသဖြင့် ရှိသည်။ ကျိုက်မှာ မွန်လို ဘုရား၊ ကမာမှာ ကန် ဖြစ်သည်။ ကျုံမှာ ချောင်း၊ ဝါးမှာ လယ်၊ ဖျာမှာ မွန်လို ဈေး ဖြစ်သည်။

ပဲခူးတိုင်းမှာလည်း အလားတူ ဖြစ်သည်။ ကမာနတ်၊ ကျိုက်ပွန် စသဖြင့် မွန်အမည်များသာ ကျန်တော့သည်။ မွန်စကားပြောဆိုခြင်း မရှိသလောက် ရှားသွားသည်။

မွန်ပြည်နယ်တွင် အချို့မြို့ရွာများ မွန်စကားပြောဆိုကြသေးသည်။ ကျိုက်မရောမြို့နယ်တွင် မွန်ရွာ အတော်များများရှိသေးသည်။ မွန်စကားလည်း ပြောဆိုကြသေးသည်။ ကျိုက်မရော အမည်မှာ ထင်ပေါ်ကျော်ကြားသော ဘုရားရှိသောမြို့ဟု အဓိပ္ပာယ်ရသည်။ ကော့ဟူသောအမည်မှာ မြန်မာလို ကျွန်းဟူ၍ အဓိပ္ပာယ်ရသည်။ ကော့ပနော်ရွာ အမည်မှာ မြန်မာလို ပိန္နဲကျွန်း ဖြစ်သည်။ ကော့ဒွန်းမှာ ဝါးကျွန်း၊ ကော့ဝမ်းမှာ ကျောက်ကျွန်း၊ ကော့ပလိုင်းမှာ ရေတွင်းကျွန်း ဖြစ်သည်။ ကော့သတ်မှာ ချမ်းသာကျွန်း၊ ကော့ခလိန်မှာ ကျွန်းရှည် ဖြစ်သည်။ ကွမ်းမှာ ရွာဟု အဓိပ္ပာယ်ရသည်။ ကွမ်းငန်း၊ ကွမ်းလှာ၊ ကွမ်းလှိုင်၊ ကွမ်းဟရိုက်များ ရှိကြသည်။

မွန်တို့သည် ယန်စီမြစ်ဝှမ်း (ယန်စီကြိုင်)မှ တောင်ဘက်သို့ ဆင်းသက်ခဲ့ရာ၊ မြန်မာပြည်အနှံ့ ရောက်ရှိနေထိုင်ခဲ့ကြသည်။ ကျိုက်မှာ ဘုရားဟု အဓိပ္ပာယ်ရ၏။ ကျိုက်ဟူသော ဘုရားအမည် ပါသည့်နေရာသည် မွန်တို့နေထိုင်ခဲ့သော အမှတ်အသားပင် ဖြစ်သည်။ ကျိုက်မရော၊ ကျိုက်ထို၊ ကျိုက်ထီးရိုး၊ ကျိုက်မော်၊ ကျိုက်ပရံ ကျိုက်ဖနဲ၊ ကျိုက်ပေါလော၊ ကျိုက်ကလို၊ ကျိုက်ကလဲ့၊ ကျိုက်

www.burmeseclassic.com

www.burmeseclassic.com



ဒေးအပ်၊ ကျိုက်ဝိုင်း၊ ကျိုက်ခေါက်၊ ကျိုက္ကဆံ၊ ကျိုက်မှော်ဝန်း၊ ကျိုက်ပွန်၊ ကျိုက်ဒုံ၊ ကျိုက်သန်လန်၊ ကျိုက်လတ်၊ ဇင်းကျိုက် စသဖြင့် ရှိကြသည်။

ကမာ ဟူသည် မွန်လို ရေကန် ဟုအဓိပ္ပာယ်ရသည်။ ကမာရွတ်၊ ကမာနတ်၊ ကမာကြည်၊ ကမာနက်၊ ကမာမောင်း၊ ကမာကဆစ်၊ ကမာဝက် ဟူ၍ ရှိသည်။ ကော့ဟူသည် မွန်လို ကျွန်း ဟုအဓိပ္ပာယ်ရသည်။ ကော့သောင်၊ ကော့ပိန်း၊ ကော့ပေါက်၊ ကော့ဗွန်း၊ ကော့ဒွတ်၊ ကော့မှူး၊ ကော့မုရာ၊ ကော့ကဒတ်၊ ကော့ခပုံ ဟူ၍ ရှိကြသည်။ ကျုံဟူသည် ချောင်းဟု မွန်လို အဓိပ္ပာယ် ရသည်။ ကျုံမနင်း၊ ကျုံဝမ်း၊ ကျုံပဒတ်၊ ကျုံဒိုး၊ ကျုံမငေး၊ ကျုံပျော်၊ ကျုံဒိုက်၊ ကျုံဒါး၊ ကျုံကဒိုက် ဟူ၍ ရှိကြသည်။ ဘားဟူသည် ကျောင်းဟု မွန်လို အဓိပ္ပာယ်ရသည်။ ဘားအံ၊ ဘားပျောက်၊ ဘားဘောင်၊ ဘားတမော့ ဟူ၍ ရှိကြသည်။

ကျောက်ဆည်မြို့ ရွှေသာလျောင်းတောင်ခြေရှိ မွန်ကျောက်စာ၊ မြစေတီကျောက်စာ၊ မုစလိန္ဒာ မွန်ကျောက်စာ (ရန်ကုန်မှ ပဲခူးကားလမ်း (၄၆) မိုင်တိုင်မှ အတွင်းဘက် ၄ ဖာလုံခန့်တွင် ရှိ) ကော့ဗွမ်းရှိ မွန်ကျောက်စာ၊ စစ်ကဲမောင်ထော်လေး ကျောက်စာ။ သမိုင်းအထောက်အထားဖြစ်သော မွန်အုတ်ခွက်ဘုရားများ အရ မြန်မာပြည်အနှံ့တွင် မွန်တို့နေထိုင်ခဲ့ကြောင်း သိရှိနိုင်သည်။

မွန်သားချော့သီချင်းများအရလည်း သိနိုင်သည်။ (မွန်ဒိုင် သားချော့သီချင်းမှာ) (ဟီးလေး ရှိလေး (လှေလှော်သံ) ချစ်သား လူလေး၊ မွန်တို့ပြည်ဒေသ၊ ဂင်္ဂါမြစ်ကမ်းနဖူးမှ၊ ငါတို့ မွန်ဒိုင် တတွေ၊ ပင်လယ်ကိုကျော်လွန်ကာ၊ တြိဂုမ္ဘ ဒဂုန်မြို့ပြသို့ ဆိုက် ရောက်ခဲ့ပါပြီ။ မူရင်းဇိပါက်၊ ရှေးကံရေစက်ကြောင့် မိဘနှင့် ကွဲကွာခဲ့ရတယ်။ ဘယ်သောအခါ နှစ်ကာလကျမှ ငါတို့ရဲ့ မွေး ဒေသကို ပြန်ရောက်ရပါ့မလဲ သားမောင်ရယ်)ဟု ဘာသာပြန်ဆို ထားပါသည်။ ပင်လယ်ကို ကျော်ဖြတ်ပြီး မြန်မာနိုင်ငံ ဒဂုန်မြို့ (ရန်ကုန်)သို့ ရောက်ရှိနေထိုင်ကြကြောင်း ကောက်ချက်ချနိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com



မွန်ဒိုင်တို့သည် အိန္ဒိယနိုင်ငံ ဥက္ကလာဒေသ ဂင်္ဂါခေါ် မဟာနဒီမြစ်ဝှမ်းမှ ရာမညတိုင်း ဒဂုံမြို့သို့ ရောက်လာကြကြောင်း သားချော့သီချင်းအရ သိရသည်။ မွန်ဒွဲတို့သည် မဒရတ်နယ် မြောက်ပိုင်း၊ ကိုရိုမန်ဒယ်ကမ်းရိုးတန်း (မွန်အခေါ် ကော့ရဲ မွန်ဒွဲ) မှ ဘင်္ဂလားပင်လယ်အော်ကို ဖြတ်၍ တနင်္သာရီ (ရှေးအခေါ် ဓယားနယ်) သံလွင်မြစ်ဝ မုတ္တမသို့ ရောက်ကြပြီး၊ ဘီလူးကျွန်းတွင် ဦးစွာနေထိုင်ခဲ့ကြောင်း မွန်ဒွဲသားချော့ သီချင်းအရ သိရသည်။

မွန်ဒွဲသားချော့သီချင်းမှာ (ဟီးလေးရိုလေး (လှေလှော်သံ) ချစ်သားလူကလေး၊ ဂေါဒါဝတီမြစ်ဝ ကော့ရဲမွန်ဒွဲ (ကိုရိုမန်ဒယ်) ပင်လယ်ကမ်းရိုးတန်းဒေသနဟာ ငါတို့ မွန်ဒွဲလူမျိုးများ၏ နေရပ်ဒေသနဟောင်း ဖြစ်တယ်။ ငါတို့ ဘီလူးကျွန်းဒေသနသို့ ရောက်လာကြရတယ် သားမောင်ရယ်)ဟု ဘာသာပြန်ဆိုထားပါသည်။

မွန်ပြည်နယ်၊ ကျိုက်မရောသားများသည် မွန်ဒွဲအဆက်ဖြစ်သည်။ ကော့ဟမ္ဗိုင်းခေါ် ဘီလူးကျွန်းမှတစ်ဆင့် ရောက်ရှိခဲ့ကြောင်း ကောက်ချက်ချနိုင်ပါသည်။

မွန်ညသားချော့သီချင်းမှာ (ဟီးလေးရိုလေး၊ (လှေလှော်သံ) ချစ်သားလူကလေး၊ တိလင်္ဂဏ (တိုက်လိုင်ဂဏ) အရပ်ဟာ ငါတို့ နေရပ်ဟောင်း ဖြစ်တယ်။ ငါတို့ အရှင်မင်းသည် စစ်ပွဲမှာ ကျဆုံး၍ ထိုအရပ်မှ စွန့်ခွာခဲ့ကြရာ သုဒ္ဓလုလင်က လမ်းညွှန်သဖြင့် ဂဝံကျောက်အငူရှိရာ သုဝဏ္ဏမည်သော ကောင်းမြတ်သော မြို့ဟောင်းသို့ ရောက်လာကြရတယ် သားမောင်ရယ်)ဟု ဘာသာပြန်ဆိုထားခဲ့ပါသည်။ အရှင်သခင် တိုက်ပွဲတွင် ကျဆုံး၍ သုဝဏ္ဏဘူမိ (သထုံ)သို့ ရောက်ရှိရကြောင်း ကောက်ချက်ချနိုင်သည်။

ဤသည်မှာ ပုသိမ်ရာဇဝင်ပါ ဆရာမာဃ အဆိုအရ ဖြစ်ပါသည်။ ဆရာဒေါက်တာ နိုင်ပန်းလှအဆို သားချော့တေးနှင့် ကွဲလွဲမှု ရှိသည်။ မွန်ဒိုင်မှာ ဒဂုံသို့၊ မွန်ဒွဲမှာ သုဝဏ္ဏဘူမိသို့၊ မွန်ညမှာ မုဒုံနယ်သို့ ရောက်လာကြောင်း ဆိုထားသည်။ ပြည်တော်သာ ဦးထွန်းရီအဆို မွန်တိမှာ သထုံ၊ မွန်စမှာ ပုသိမ်၊ မွန်ညမှာ ဒဂုံဟု ပါဒနိုင်ငံတော် ရာဇဝင်တွင် ဖော်ပြထားသည်။

www.burmeseclassic.com

www.burmeseclassic.com



မှုကွဲများရှိနေကြောင်း တွေ့ရှိရသည်။ မွန်ရာဇဝင်ကို ဆက်လက်သုံးသပ် ဖြည့်စွက်ရန် ဖြစ်ပါသည်။

ဤမွန်ဒိုင်၊ မွန်ဒဲ၊ မွန်ညကိုပင်၊ (မွန်တိ၊ မွန်စ၊ မွန်ည) ဟူ၍ ခေါ်ဝေါ်တတ်ပြန်သည်။ မွန်ဟူသောဝေါဟာရမှာ မဏ္ဍလ၊ မဏ္ဍလ်၊ မဏ္ဍိ၊ မန်(ဒ်)မှ မွန်ဟူ၍ ဖြစ်ကြောင်း ဆရာမာဃက ကောက်ချက်ချခဲ့သည်။ မွန်ကျောက်စာများတွင် ရမင်း (R' MEN) ရမန်ဟု အသံထွက်သည်။ ထိုင်းတွင် ယနေ့တိုင် မွန်လူမျိုးများကို ရမန် (R' MEN) ဟု ခေါ်ကြသည်။ ရာမညမှာလည်း ရာမဏဍိယ၊ ရာမဍျ၊ ရမန် ဟု ဆင်းသက်လာပုံရသည်။ ရာမညသည် ရာ-မည၊ ရံ-မည၊ မည၊ မွန်ည ဟူ၍လည်း ဆင်းသက်လာပုံရပြန်သည်။

တချို့ မွန်မှ မြန်မာဝေါဟာရ ဖြစ်ခဲ့၏။ ပြအိုး၊ မုလေးပန်း၊ ဝေါ၊ အင်း၊ ကတော် စသဖြင့် ဖြစ်သည်။ တချို့ မြန်မာမှ မွန်ဝေါဟာရသို့ ဖြစ်ခဲ့သည်။ အဖြစ်၊ အဖို့၊ အစ်ကို၊ အကဲ၊ အကောက်၊ လက်ကောက်၊ အောင်သွယ်၊ အပ်စပ်သည်၊ ကြီးသည်၊ အရိုက်အရာ၊ အရင်း၊ အရှိင်း၊ အရောင်၊ အလိုက်၊ အလုံး စသဖြင့် ဖြစ်ကြသည်။ မွန်မြန်မာ ရောကြော်ကပြားမှာ ကွမ်းဆော်၊ သေတ္တာ စသဖြင့် ဖြစ်ကြောင်း၊ သမိုင်းသုတေသီ ပါမောက္ခဒေါက်တာ နိုင်ပန်းလှက ကောက်ချက်ချခဲ့သည်။

အနော်ရထာ၊ ကျန်စစ်သားမင်းတို့လက်ထက်တွင် မြန်မာစာဝေါဟာရ မတွေ့ရှိခဲ့ပါ။ ကျန်စစ်သားမင်း၏ သားတော် ရာဇကုမာရက မြစေတီကျောက်စာ ရေးထိုးမှ ပျူ၊ မွန်၊ မြန်မာ ဟူ၍ စတင်တွေ့ရှိသည်။ ကျန်စစ်သားမင်းသည် မွန်မြန်မာ ချစ်ကြည်ရေးကို အရေးပေးခဲ့သည်။ မွန် မင်းသမီး ခင်ဦးကို မိဖုရားမြှောက်ခဲ့သည်။ မွန်မြန်မာသွေးစပ်သော မြေးတော် အလောင်းစည်သူမင်းကို ထီးမွေနန်းမွေ ပေးခဲ့သည်။ ကျောက်စာများတွင် မွန်ဘာသာဖြင့် ရေးထိုး၍ မှတ်တမ်းတင်ခဲ့သည်။ ဤသည်မှာ မွန်မြန်မာ ချစ်ကြည်ရေးကို အထူးအရေးပေး ဆောင်ရွက်ခဲ့ကြောင်း တွေ့မြင်နိုင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



မွန်တိုင်း (၃) ရပ်တွင် မွန်စကားပြောသော မွန်လူမျိုးများ ရှားပါးလာပြီ ဖြစ်သည်။ တစ်ချိန်က ပျူလူမျိုးများသည် စာပေနှင့် ယဉ်ကျေးမှု မြင့်မားစွာဖြင့် ထိပ်တန်းရောက်ခဲ့သည်။ ယနေ့ မွန်တို့သည်လည်း သတိပြုဖွယ်ပင် ဖြစ်သည်။ မည်သူမပြု မိမိ အမှုပင်ဖြစ်ကြောင်း သတိပေး တိုက်တွန်းအပ်ပါသည်။

❑

## ကျိုက်မရောဘုရားကြီးသမိုင်း

### မုဒြာနှင့်ပတ်သက်သော သမိုင်း

မုဒြာဟူသည်- ဘုရားရှင်၏ လက်အနေအထား အမူအရာ ပုံဟန်ဖြစ်ပြီး ဟတ္ထဟုလည်း ပါဠိလိုခေါ်သည်။ ဗုဒ္ဓဝေါဟာရမှ ဆင်းသက်ပြီး၊ အတွင်းငုပ် အနက်သဘောလည်း ဆောင်ပေသည်။ လက်တစ်ဖက် (သို့မဟုတ်) လက်နှစ်ဖက်နှင့် ဟောကြားညွှန်ပြလိုသော သဘောတရားကို ဟန်အမူအရာဖြင့် ပြထားခြင်းမျိုး ဖြစ်သည်။ မုဒြာတွင် လက်ဟန်၊ ခြေဟန်၊ ခန္ဓာအစိတ်အပိုင်းဟန်လည်း ထည့်သွင်း ဖော်ပြတတ်သည်။ ဟန်ပန်ကို မုဒြာဟူ၍လည်းကောင်း၊ လက်ဟန်ကို ဟတ္ထဟူ၍ လည်းကောင်း၊ ဌာနက (သို့) ဘင်္ဂကို ကိုယ်ဟန်၊ ခြေဟန်ဟုလည်းကောင်း၊ အာသနကို ထိုင်ဟန်ဟု လည်းကောင်း၊ သဃနကို လဲလျောင်းဟန် ဟုလည်းကောင်း ခေါ်ကြပါသည်။

❖ ❖ ❖

### မုဒြာပုံတော်များ

(၁) အဉ္ဇလီမုဒြာ။ လက်အုပ်ချီဟန်၊ ရှိခိုးဟန် ဖြစ်သည်။ သဗ္ဗရာဇိန္ဒြမုဒြာ၊ သမ္ပုဋ္ဌာဉ္ဇလီမုဒြာ၊ ဝန္ဒနီမုဒြာဟုလည်း ခေါ်သည်။ နမက္ကာရမုဒြာနှင့်လည်း ဆင်တူသည်။

(၂) အဒ္ဒစန္ဒြဟတ္ထ။ လခြမ်းပုံသဏ္ဌာန်လက်ကို ဟန်ပြထားခြင်းကို ခေါ်သည်။ လက်မနှင့် လက်ညှိုးကို လခြမ်းသဏ္ဌာန်ဖြစ်

www.burmeseclassic.com

www.burmeseclassic.com



အောင် ကွေး၍ ဆီမီးခွက်၊ သပိတ်ခွက်၊ မီးလျှံတစ်ခုခုကိုင်ထားဟန် ဖြစ်သည်။ ရတနာသုံးပါး ပူဇော်ရန် သတိပေးဟန် ဖြစ်သည်။

(၃) အဘယမုဒြာ။ လက်ဖဝါးကို အပြင်ဘက်သို့ လှန်၍ လက်ချောင်းများအပေါ်သို့ ထောင်ပြထားဟန် ဖြစ်သည်။ အန္တရာယ်မရှိအောင် ကာကွယ်ဟန်၊ ဘေးမဲ့ဟန်ဟုလည်း ခေါ်သည်။ သန္တိဒမုဒြာ၊ အဘယဟတ္ထဟုလည်း ခေါ်သည်။

(၄) အာလိင်္ဂဟတ္ထ။ တစ်ပါးနှင့်တစ်ပါး လက်များဖြင့် ဖက်ရမ်းထားသောပုံမျိုး ဖြစ်သည်။ ဇနီးခင်ပွန်းတို့ မေတ္တာစိတ် အပြည့်အဝနှင့် နေထိုင်ကြရန် ဆုံးမ ဩဝါဒပေးဟန် ဖြစ်သည်။

(၅) ဥတ္တရဗောဓိမုဒြာ။ အထွတ်အထိပ်သို့ ရောက်၍ ပွင့်တော်မူဟန် ဖြစ်သည်။ လက်ဝဲလက်ယာ၊ လက်ညှိုးနှင့် လက်မတို့ ထိထား၍ ရင်ဘတ်ကို ထိလုနီးပါးမျှ ထောင်ပြထားသော လက်ဟန်အနေအထားမျိုး ဖြစ်သည်။ ဓမ္မစကြာမုဒြာပုံနှင့် ဆင်တူသည်။ ဗောဓိပက္ခိယတရား (၃၇) ပါးတို့ ပြီးဆုံးခြင်းသို့ ရောက်တော်မူခြင်းကို ညွှန်ပြဟန် ဖြစ်သည်။

(၆) ကစ္ဆဝလမ္ဗိတဟတ္ထ။ ကဋိဟတ္ထ ဟုလည်း ခေါ်သည်။ လက်မောင်းကို ဘေးတစ်ဖက်စီချ၍ လက်ကို ခါးပေါ်တင်ထားဟန် ဖြစ်၏။ အသောက, ဝိရဇခေမမင်္ဂလာ၊ သန္တုဋ္ဌိမင်္ဂလာများကို သရုပ်ဖော်ထားခြင်း ဖြစ်သည်။ ဥပေက္ခာပါရမီကို ညွှန်ပြဟန် ဖြစ်သည်။

(၇) ကဋကဟတ္ထ။ သီဟကဏ္ဏမုဒြာပုံမျိုးနှင့် ဆင်တူသည်။ လက်ချောင်းများ၏ ထိပ်ဖျားနှင့် လက်မထိကာ၊ ဝိုင်းပြထားသော လက်ဟန် ဖြစ်သည်။ ဖူးမြော်လာသူအား ပန်းလှူဖွယ် တစ်စုံတစ်ရာ ယူလာ၍ ထိုးစိုက်လှူဒါန်းရန် တိုက်တွန်းနေဟန် ဖြစ်သည်။ ဒါနပါရမီသဘောကို ညွှန်ပြဟန် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



(၈) **ကဋိဟတ္ထ**။ ခါးထောက်နေသည့်ဟန် ဖြစ်သည်။ ကဋိသဏ္ဌိတဟတ္ထ၊ ကစ္စဝလမ္ဗိတဟတ္ထဟုလည်းခေါ်သည်။ ဥပေက္ခာပါရမီဖြည့်ဆည်းရန် ရည်ညွှန်းခြင်းသဘော ရှိသည်။

(၉) **ကရဏမုဒြာ**။ လက်တစ်ဖက်ဖက်ကို အပြင်ဘက်သို့ ဖြန့်ထားပြီး၊ လက်သန်းနှင့် လက်ညှိုး နှစ်ချောင်းကိုသာ ထောင်ပြထား၍ လက်သူကြွယ်နှင့် လက်ခလယ်နှစ်ချောင်းကို လက်မဖြင့် ဖိနှိပ်ပြထားသော လက်ဟန် ဖြစ်သည်။ အာရတီဝိရတီပါပါမင်္ဂလာ၊ တပေါစမင်္ဂလာ၊ ဗြဟ္မစရိယမင်္ဂလာများ အနက်သဘော ဆောင်သည်။ ဝီရိယပါရမီ၊ သစ္စာပါရမီ၊ အဓိဋ္ဌာန်ပါရမီ စခန်းများကို ညွှန်ပြခြင်းသဘော ဖြစ်သည်။

(၁၀) **ကုသတိဏဟတ္ထ (ကုသမုဒြာ)**။ သမန်းမြက်ကို ဆုပ်ထားဟန်၊ ကြဲဖြန့်နေဟန် ဖြစ်သည်။ တိဏဟတ္ထ (သို့) တိဏကိရဏမုဒြာနှင့် အတူတူဖြစ်သည်။ အဓိဋ္ဌာန်ပါရမီ၊ သစ္စာပါရမီ စခန်းများကို ရည်ညွှန်းသည်။ ဒါနဥ္စမင်္ဂလာ၊ ပူဇာစမင်္ဂလာများ အနက်ဆောင်သည်။

(၁၁) **ကေသမသာပဟာနမုဒြာ (ကေသဟတ္ထ)**။ ဘုရားလောင်းသည် လက်ဝဲလက်က ဆံထုံးကိုဆုပ်ကိုင်၍ လကျာ်လက်ဖြင့် သံလျက်ကို စွဲကိုင်ကာ၊ ဆံဖြတ်ပယ်မည့်ဟန် ဖြစ်သည်။ ဆံတော်ပယ်ခန်းတွင် နိက္ခမပါရမီ၊ ဥပေက္ခာပါရမီ၊ အဓိဋ္ဌာန်ပါရမီ၊ သစ္စာပါရမီစခန်းများကို ရည်ညွှန်းသည်။ ပုဂံအာနန္ဒာဘုရားနှင့် ပုထိုးသားများ ဘုရားတွင် တွေ့နိုင်သည်။

(၁၂) **ခေပနမုဒြာ**။ အမြိုက်သုဒ္ဓါကို ပက်ဖျန်းနေဟန်ဖြစ်သည်။ လက်နှစ်ဖက်ကို လက်ဝါးဖြင့် ယှက်ထားပြီး၊ လက်ညှိုးနှစ်ချောင်းကို ပူး၍ ထိပ်ဖျားချင်းထိထားသည်။ လက်ညှိုးများကို အမြိုက်သုဒ္ဓါထည့်ထားသော ကလသာမြူတာအိုးထဲသို့ စိုက်ပြထားသောဟန်ဖြစ်သည်။ လူနတ်ဗြဟ္မာ သတ္တဝါအပေါင်းတို့အား အမြိုက်အရသာကို ခွဲဝေပက်ဖျန်းပေးနေသည့်သဘော ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



(၁၃) **ဂဒါဟတ္ထ**။ လက်ရိုက်သံတင်းပုတ် ကိုင်ထားဟန် ဖြစ်သည်။ အမြဲတစေ သတိရှိနေစေသည့်ဟန်၊ ဝီရိယရှိဟန်ကို ပြထားခြင်း ဖြစ်သည်။

(၁၄) **ဂဇဟတ္ထ**။ ဆင်နှာမောင်းသဏ္ဍာန် လက်ဟန်ဖြစ်သည်။ ဒဏ္ဍဟတ္ထပုံနှင့် ဆင်တူသည်။ လက်မောင်းကို ရှေ့သို့ ဆန့်တန်း၍ဖြစ်စေ၊ ကိုယ်၏ ရှေ့ကန့်လန့် ဖြတ်၍ဖြစ်စေ၊ ထားလေ့ရှိသည်။ မမွေးသုအပွမာဒ မင်္ဂလာရစေခြင်းအတွက် တိုက်တွန်းနေဟန် ဖြစ်သည်။ ဗျာဒိတ်တော်ညွှန်းပုံတော်များ တွေ့နိုင်သည်။

(၁၅) **စပေဋဒါနမုဒြာ**။ ရိုက်ပုတ်ဟန် ဖြစ်သည်။ ဖူးမြော်ရသူအား ဆုံးမသွန်သင် ပြုပြင်လိုသောဆန္ဒ ရှိဟန် ဖြစ်သည်။ မိဘဆရာများက သားသမီးတပည့်များအား မကောင်းမြစ်တာကောင်းရာညွှန်ပြနေသောဟန် ဖြစ်သည်။

(၁၆) **စိန္တမုဒြာ**။ စိန္တမုဒြာနှင့် ရုပ်ပွားတော်ကို စိန္တာမုနိကိုယ်တော်ဟုခေါ်သည်။ လက်မထိပ်နှင့် လက်ညှိုးထိထားပြီး၊ အခြားလက်ချောင်းများ ထောင်ထားကာ လက်ဝါးကို အပြင်ဘက်သို့ ပြထားဟန် ဖြစ်သည်။ တရားသဘောကို ရှင်းလင်း ဟောပြောနေသည့် သဘောဆောင်သည်။ ဈာန်သမာဓိလုပ်ငန်း၊ သမထလမ်းကို ညွှန်ပြလိုခြင်း ဖြစ်သည်။

(၁၇) **စီဝရဟတ္ထ**။ လက်တစ်ဖက်ဖြစ်စေ၊ လက်နှစ်ဖက်လုံးတွင်ဖြစ်စေ၊ သင်္ကန်းကိုးမျိုးအနက် တစ်မျိုးမျိုးကို ဆုပ်ကိုင်ထားဟန်ဖြစ်သည်။ မဟာကရုဏာမုဒြာပုံနှင့် ဆင်တူယိုးမှား ဖြစ်သည်။ စကြံကြွသွားဟန်၊ ရုပ်တော်မှုပုံတော်များ၌ တွေ့နိုင်သည်။

(၁၈) **ဈာနမုဒြာ**။ တရားအားထုတ်ဟန် (သို့မဟုတ်) ဈာန်ဝင်စားဟန် ဖြစ်သည်။ သမာဓိမုဒြာနှင့် ဆင်တူသည်။ ယောဂမုဒြာဟုလည်း ခေါ်သည်။ ပေါင်ခွင်ပေါ်တွင် လက်ဝါးနှစ်ဖက်စလုံးလှန်၍ လက်ဝဲလက်ဝါးပေါ် လက်ယာလက်ဝါးတင်ပြီး သက်သက်သာသာ တင်ထားသော ပုံဟန် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



(၁၉) **ဉာဏမုဒြာ**။ လက်နှစ်ဖက်စလုံးကို ရင်ဘတ်ဆီသို့ မြှောက်ချီ၍ လက်ဝါးများကို ရင်ဘတ်ဘက်သို့ လှည့်ထားပြီး၊ လက်မနှင့် လက်ခလယ် တို့ထိထားသော လက်ဟန် ဖြစ်သည်။ ပညာပါရမီကို ရည်ညွှန်းထားသည်။ ဗောဓိဉာဏ်၊ သဗ္ဗညုတဉာဏ်၊ သစ္စဉာဏ်၊ ကိစ္စဉာဏ်၊ ကတဉာဏ်တို့ကို ညွှန်ကြားဟောပြလိုသော အနက်ဆောင်သည်။

(၂၀) **တရ္ဇနီမုဒြာ**။ လက်ညှိုးထောင်ထားသော လက်ဟန် ဖြစ်သည်။ တရ္ဇနီဟတ္ထဟုလည်း ခေါ်သည်။ သတိပေးဟန် ဟုခေါ်သည်။

(၂၁) **တပ္ပနမုဒြာ**။ အတိတ်ကာလမှ ဘိုးဘွားများအား ပူဇော်ဟန်ဖြစ်သည်။ လက်များကို ကွေး၍ ပခုံးနှင့်ညီအောင် မြှောက်ချီထားသည်။ လက်ဝါးများကို အတွင်းဘက်လှည့်၍ လက်ချောင်းများကို ပခုံးဘက်သို့ ကွေးပြထားသည်။

(၂၂) **တရ္ဇနီပါသဟတ္ထ**။ လက်ညှိုးထောင်၍ ပိုက်ကွန်ယက်ကို ကိုင်ထားသည့်ပုံ ဖြစ်သည်။ လက်ျာလက်ညှိုးကိုဖြစ်စေ၊ လက်ညှိုးနှင့် လက်မကို ဖြစ်စေ၊ ထောင်ပြထားကာ၊ ထိုလက်ဖြင့်ပင် ပိုက်ကွန်ယက်ကို ကိုင်ပြထားသည်။

(၂၃) **တိဏာဟတ္ထ(တိဏာကိရဏာမုဒြာ)**။ လက်တစ်ဖက်ဖြစ်စေ၊ လက်နှစ်ဖက်ဖြစ်စေ၊ မြက်တစ်မျိုးမျိုး ဆုပ်ကိုင်ထားဟန် ဖြစ်သည်။ သောတ္တိယမြက်ရိတ်သမား လှူဒါန်းသော မြက်ဆုပ်များကို လက်ခံတော်မူဟန် ဖြစ်သည်။

(၂၄) **တိပတာကဟတ္ထ**။ သုံးချောင်းထောင် ကြက်လျှာချွန် လက်ဟန်ဖြစ်သည်။ လက်သူကြွယ်ကို လက်မဖြင့် ဖိထားကာ၊ လက်သန်း လက်ခလယ်နှင့် လက်ညှိုးကို သုံးချောင်းထောင်၍ ရှေ့အပြင်ဘက် လှန်ပြထားသော လက်ဟန် ဖြစ်သည်။

(၂၅) **တိလောကဝိဇယမုဒြာ**။ ဘူတဒါမရ မုဒြာနှင့် ဆင်တူသည်။ လက်နှစ်ဖက်ကို ရင်ဘတ်ရှေ့တည့်တည့်လောက်တွင် ယှက်

www.burmeseclassic.com

www.burmeseclassic.com



ထားပြီး၊ လက်ဝါးများကို အပြင်ဘက်သို့ လှန်ပြထားသော လက်ဟန်မျိုး ဖြစ်သည်။

(၂၆) ဒမရုဟတ္ထ။ မုရိုးစည်ငယ်ကလေးကို လက်သန်းနှင့် လက်ညှိုး နှစ်ခုထောင်ထားသည့်ကြားတွင် ညှပ်ပြထားသောဟန် ဖြစ်သည်။ လက်ခလယ်နှင့် လက်သူကြွယ် နှစ်ချောင်းကို လက်မဖြင့် ဖိထားသောဟန် ဖြစ်သည်။

(၂၇) ဒါနမုဒြာ။ အလှူပေးဟန် ဟုခေါ်သည်။ ကောင်းချီးပေးဟန် ဆုပေးဟန်နှင့် ဆင်တူသည်။ လက်ျာ၊ လက်ဝဲအောက် စိုက်ချထားသော လက်ဝါးကို အပြင်ဘက်သို့ ညွှန်ပြထားသည်။ လက်ချောင်းများကို ဖြန့်ပြထားပြီး၊ တစ်စုံတစ်ခုပေးတော့မည့်ဟန် ဖြစ်သည်။ ရတနာသုံးပါးကို ကိုးကွယ်ကြပါဟု တိုက်တွန်းဟန် ဖြစ်သည်။

(၂၈) ဒဏ္ဍဟတ္ထ။ ဂဇဟတ္ထပုံနှင့် ဆင်တူသည်။ လက်ဝဲလက်သည် ရှေ့သို့ ဆန့်တန်း၍ဖြစ်စေ၊ ခန္ဓာကို ကန့်လန့်ဖြတ်၍ဖြစ်စေ၊ ထားသောဟန် ဖြစ်သည်။ တောင်ဝှေးသဏ္ဌာန် လက်ဟန်ထားခြင်း ဖြစ်၏။ တန်ခိုးကြီးမားပုံကို ဆောင်ထားခြင်း ဖြစ်သည်။

(၂၉) ဓမ္မစကြာမုဒြာ။ ဓမ္မစက္ကပဝတ္တနမုဒြာ၊ ဗျာချာနမုဒြာဟုလည်း ခေါ်သည်။ တရားဦးဟောကြားနေဟန် ဖြစ်သည်။ တရားစက်ဝိုင်းကို လှည်းဘီးလှည့်တော့မည်ဟန် ဖြစ်သည်။ လက်ျာလက်က စက်ဝိုင်းလှည်းဘီးတစ်ခုကို လည်ပတ်လှည့်ပေးတော့မည့်ဟန် ဖြစ်သည်။ မိဂဒါဝုန်တောတွင် ပဉ္စဝဂ္ဂီငါးပါးတို့အား ဓမ္မစက္ကပဝတ္တနသုတ်ကို ဟောကြားနေဟန် ဖြစ်သည်။

(၃၀) နမတ္ထာရမုဒြာ။ နမသာကာရမုဒြာဟုလည်း ခေါ်သည်။ ဦးညွှတ်ရှိခိုးဟန် ဖြစ်သည်။ လက်နှစ်ဖက်ကို ယှက်ကာ ရင်ဘတ်ဆီလောက်ထိ မြှင့်တင်၍ ရှိခိုးနေသောဟန် ဖြစ်သည်။ ဝန္ဒနမုဒြာ၊ အဉ္ဇလိမုဒြာများနှင့် ဆင်သည်။ ရှိခိုးပူဇော်ထိုက်သူ ဦးညွှတ်ထိုက်သူကို ရှိခိုးပူဇော်ရန် တိုက်တွန်းသောသဘောဟန်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



(၃၁) **နိဒြပဟတ္ထ**။ အေးစောင်းလက်ထောက်ပုံ ဖြစ်သည်။ နံဘေးတစ်ဖက်သို့ လက်ထောက်ထားပုံ ဖြစ်သည်။ ခပ်စောင်းစောင်းထိုင်၍ တစ်ကိုယ်လုံးအလေးချိန်ကို လက်ဝါးမှောက်ပြီး ထောက်ထားဟန် ဖြစ်သည်။ ဆင်းရဲဒုက္ခကို ကြိတ်မှိတ် သည်းခံနေသောသဘော၊ ချစ်သူအား ချော့မြှူသော သဘောဟန် ဖြစ်သည်။ ကျိုက်မရောဘုရားကြီး မုဒြာနှင့်ဆင်သည်။ ခန္တီမင်္ဂလာ၊ အသောကမင်္ဂလာများ၏ အနက်သဘောကို ရသဆောင်သည်။ ကရုဏာရသ သိင်္ဂါရ ရသတို့ကို ပေါ်လွင်စေသည်။ ခန္တီပါရမီ၊ မေတ္တာပါရမီစခန်းများသို့ ညွှန်ပြထားသော သဘောကို ဆောင်သည်။

(၃၂) **ပတ္တမုဒြာ (ပတ္တဟတ္ထ)**။ ဗုဒ္ဓပတ္တမုဒြာဟုလည်း ခေါ်သည်။ သပိတ်ကို ကိုင်ထားသောဟန် ဖြစ်သည်။ လက်ဝဲလက်ကို လှန်၍ လက်ျာလက်ကို အပေါ်မှ မိုးထားသောဟန် ဖြစ်သည်။ ဆွမ်းခံကြွဟန်နှင့် ဆွမ်းဘုဉ်းပေးနေဟန် ဖြစ်သည်။

(၃၃) **ပဒုမာဟတ္ထ**။ လက်တွင် ကြာပန်းကို ကိုင်ထားဟန် ဖြစ်သည်။ ပဒုမာပါဏိပုံ၊ ကမလာဟတ္ထပုံတူဟုလည်း ခေါ်သည်။ ပဒုမ္မကြာသည် ဖြူစင်သောသဘော၊ လန်းဆန်းသောသဘောကို ဆောင်သည်။

(၃၄) **ပြာဋိဟာရိယမုဒြာ**။ တရားဓမ္မဟောခြင်းဖြင့် ကျွတ်ထိုက်သော သတ္တဝါများကို ကယ်ချွတ်တော်မူဟန် ဖြစ်သည်။ ဓမ္မစကြာမုဒြာနှင့် ဆင်တူရိုးမှား ဖြစ်သည်။

(၃၅) **ပေါတ္ထကဟတ္ထ**။ ကျမ်းဂန်စာအုပ်ကို ကိုင်ထားဟန် ဖြစ်သည်။ လဒ္ဓကဟတ္ထဟုလည်း ခေါ်သည်။ မရိယတ္တိသာသနာ ထောက်ပံ့ချီးမြှောက်ခြင်း၊ ပညာပါရမီဖြည့်ဆည်းခြင်း အနက်သဘောဆောင်သည်။

(၃၆) **ဗုဒ္ဓသမဏမုဒြာ**။ ဘုရား၊ ရဟန္တာများ နှုတ်ဆက်ဟန် ဖြစ်သည်။ လက်ျာလက်ကို ပခုံးစွန်းအညီထား၍ လက်ကောက်ဝတ်

www.burmeseclassic.com

www.burmeseclassic.com



ကို အနောက်သို့ ကွေးထားပြီး လက်ချောင်းများကို ဖြန့်ထားကာ လက်ဝါးကို အပေါ်သို့ လှန်ထားဟန် ဖြစ်သည်။

(၃၇) ဗျာချာန မုဒြာ။ တရားဓမ္မဟောပြနေဟန် ဖြစ်သည်။ လက်ဝဲလက် ဒူးပေါ်တင်ပြီး လကျာ်လက်ကို ရင်ဘတ်ဆီသို့ ချီမြှောက်ထားသည်။ လက်မနှင့် လက်ညှိုး ပြင်ဘက်ထိုးပြ၍ အခြားလက်ချောင်းများအတွင်းသို့ ကွေးထားသည်။ လက်မထိပ်နှင့် လက်ညှိုးထိပ် မထိချေ။ လက်ဝါးကို ဖူးမြင်လာသူအား လှန်ပြထားဟန် ဖြစ်သည်။

(၃၈) ဘူတဒါမရမုဒြာ။ တြိလောကဝိဇယမုဒြာနှင့်လည်း ဆင်တူသည်။ လက်နှစ်ဖက် ရင်ဘတ်ရှေ့တည့်တည့်တွင် ယှက်ထားပြီး၊ လက်ဝါးများ ပြင်ဘက်သို့ လှန်ပြထားသော ဟန်ဖြစ်သည်။

(၃၉) ဘူမိဖဿမုဒြာ (ဘူဖဿမုဒြာ)။ မြေကြီးကို လက်များ ထိဟန်ဖြစ်သည်။ ဝသုန္ဒရီမြေကြီးကို သက်သေညွှန်းသောဟန် ဟုလည်း ခေါ်သည်။ လကျာ်လက်၊ လကျာ်ဒူးမှ အောက်သို့ တွဲလွဲချ၍ လက်ဝါးကို အတွင်းဘက်သို့ လှည့်ထားပြီး လက်ချောင်းများ အားလုံး ဖြန့်ထားသည်။ အောက်တည့်တည့် ကြာပလ္လင်၊ မြေကြီး၊ ထိုင်ခုံတစ်ခုခုကို ထိထားသောဟန် ဖြစ်သည်။

(၄၀) မဟာကရုဏာမုဒြာ။ လက်ဝဲ သို့မဟုတ် လကျာ်လက်ကို ရင်ဘတ်အထက်သို့ မြှောက်ချီ၍ လက်ဝါးကို အတွင်းသို့လှည့်ပြီး ရင်ဘတ်ကို ဖုံးအုပ်ဖိနှိပ်ထားဟန် ဖြစ်သည်။ မဟာကရုဏာတော်ရှင်ဖြစ်ကြောင်း ဖော်ပြဟန် ဖြစ်သည်။

(၄၁) ယောဂမုဒြာ။ တရားအားထုတ်နေဟန် ဖြစ်သည်။ ဈာန မုဒြာ၊ သမာဓိမုဒြာတို့နှင့် ဆင်တူသည်။ ယောဂဟတ္ထ ဟုလည်း ခေါ်သည်။

(၄၂) လလိတခေပမုဒြာ။ လလိတမုဒြာဟုလည်း ခေါ်သည်။ လလိတာသနထိုင်ဟန်နှင့် ဆက်သွယ်နီးနွယ်သော မုဒြာပုံတော် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



(၄၃) **လောလဟတ္ထ**။ အလိုက်သင့် လက်ချထားဟန်ဖြစ်သည်။ လက်ကို ကိုယ်၏ဘေးတွင် ခပ်ခွာခွာ ခပ်လျော့လျော့ ဆန့်ချထားသော မန္တီတရှိပုံမျိုး ဖြစ်သည်။ လက်ဝါးကိုလည်း အတွင်းဘက်လှည့်ကာ ဘာမှမကိုင်ထားဘဲ အလိုက်သင့် ဖြန့်ချထားသောဟန် ဖြစ်သည်။

(၄၄) **ဝဇီရာဟုင်္ကာရမုဒြာ**။ ဝဇီရစိန်မိုးကြိုးလက်နက် ကိုင်ထားဟန် ဖြစ်၏။ အတွင်းဘက်လှည့်ထားသော လက်နှစ်ဖက်ကို လက်ကောက်ဝတ်နေရာလောက်တွင် ကြက်ခြေခတ်၍ ရင်ဘတ်ရှေ့၌ ထားသောဟန် ဖြစ်သည်။ လက်ျာလက်တွင် မိုးကြိုးသွားကိုင်၍ လက်ဝဲလက်တွင် ခေါင်းလောင်းငယ်ကိုင်ဆောင်ဟန် ဖြစ်သည်။

(၄၅) **ဝန္ဒနီမုဒြာ**။ ရှိခိုးဖူးမြော်ဟန် ဖြစ်သည်။ အဉ္ဇလီမုဒြာ၊ နမတ္တာရမုဒြာတို့နှင့် ဆင်တူသည်။ နမတ္တာရဟန်ကို ရှိခိုးသည်။ အဉ္ဇလီဟန်ကို လက်အုပ်ချီသည်။ ဝန္ဒနီကို ဖူးမြော်သည်ဟု မြန်မာဝေါဟာရတွင် ခွဲခြားပြထားသည်။

(၄၆) **ဝရမုဒြာ (ဝရဒမုဒြာ)**။ ကောင်းချီးပေးဟန်၊ ဆုပေးဟန်ဟု ခေါ်သည်။ ဝရမုဒြာ၊ ဝရဒမုဒြာ၊ ဝရဒဟတ္ထ ဒါနမုဒြာ ဟူ၍ အမျိုးမျိုး ခေါ်ဝေါ်တတ်ကြသည်။ ပဋိဟာရိယ ဝရ မုဒြာမျိုးလည်း ရှိသေးသည်။ လိုသောဆုတစ်လုံးတစ်ဝတည်း ပြည့်စုံပါစေဟူသော အနက်သဘောဆောင်သည်။

(၄၇) **ဝိတက္ကမုဒြာ**။ ကြံစည်ဟန်၊ ဆွေးနွေးဟန် ဖြစ်သည်။ စိန္တမုဒြာ၊ ဗျာနမုဒြာ၊ သမာဟိတမုဒြာတို့နှင့် မျိုးတူသည်။ လက်ျာလက်မောင်းကွေး၍ လက်ဝါးပြင်ဘက်ကိုဆို့ လှန်ပြထားကာ လက်ညှိုးနှင့် လက်သူကြွယ်တစ်ချောင်းချောင်းကို လက်မထိပ်နှင့် ထိထားသည်။ ကျန်လက်ချောင်းများ အပေါ်သို့ ထောင်ထားဟန် ဖြစ်သည်။ ပုဂံအာနန္ဒာစေတီ၊ အပယ်ရတနာလိုဏ်ဂူဘုရားများရှိ ဆင်းတုတော်နှင့် ဆေးရေးပန်းချီများတွင် တွေ့ရှိရသည်။

www.burmeseclassic.com

www.burmeseclassic.com



(၄၈) ဝိမှယမုဒြာ။ ဝိမှယတ္တဟုလည်း ခေါ်သည်။ အံ့ဩနေပုံ၊ ရင်သပ်ရှုမောဖြစ်နေပုံ သဘောဆောင်သောဟန် ဖြစ်သည်။ လက်မောင်းကို မြှောက်ချီ၍ လက်ဝါးကို နောက်သို့လှန်ပြီး၊ လက်ချောင်းများကို ကားဖြန့်၍ ထောင်ပြထားဟန် ဖြစ်သည်။ တန်ခိုးပြာဋိဟာရိယပြတော်မူခန်း၊ တရားဓမ္မ ဟောပြနေပုံများ ပြခန်း၊ တန်ခိုးပြိုင်သောအခန်းများတွင် ဤမုဒြာမျိုး တွေ့ရတတ်သည်။

(၄၉) ဝေနာယကီမုဒြာ။ ဆင်မင်းဟန် ဖြစ်သည်။ ဝိနာယက ပြဟ္မာမင်း၏ ဆင်ဦးခေါင်းမှ နှာမောင်းကို ထောင်ထားသည့် သဏ္ဌာန်ပုံဟန် ဖြစ်သည်။

(၅၀) သန္တိဒမုဒြာ။ ငြိမ်းချမ်းသာယာမှုပေးဟန် ဖြစ်သည်။ အဘယမုဒြာနှင့် တူသည်။ လက်ကို ဖူးမြင်သူ၏ဘက် ရှေ့သို့ လှန်ပြကာ၊ လက်ချောင်းများကို အပေါ်သို့ ထောင်ထားသောဟန် ဖြစ်သည်။

(၅၁) သန္တသသနမုဒြာ။ စာပေပို့ချဟန် ဖြစ်သည်။ စိန္တမုဒြာ၊ ဉာဏမုဒြာ၊ ဗျာချာနမုဒြာတို့နှင့် ပုံတူသည်။ လက်ဝဲလက် ဒူးပေါ် တင်လျက်၊ လက်ျာလက်ရင်ဘတ်ဆီ မြှင့်ထုင်ထားကာ လက်မနှင့် လက်ညှိုးအပြင်ဘက် ဖြန့်ပြထားပြီး၊ ကျန်လက်ချောင်းများ အတွင်းသို့ ကွေးထားဟန် ဖြစ်သည်။

(၅၂) သဗ္ဗရာဇိန္ဒြမုဒြာ။ အဉ္စလိမုဒြာပုံမျိုး ဖြစ်သည်။ သိဝ ရှုဒြ နတ်မင်းကြီးဟန် ဖြစ်သည်။ သိဝရှုဒြနတ်မင်းကြီး၏ လက်ဟန်ပုံ ကိုပင် အစွဲပြု၍ ခေါ်ပုံရကြောင်း ယူဆကြသည်။

(၅၃) သမာဓိမုဒြာ (သမာဟိတမုဒြာ)။ ယောဂမုဒြာ၊ ဈာနမုဒြာ တို့နှင့် ဆင်တူသည်။ စိတ်တည်ငြိမ်၍ သမာဓိရနေဟန် ဖြစ်သည်။ ခြေနှစ်ဖက်ကို လက်ဝယ်ဖွဲ့ထိုင်ကာ၊ ဖနောင့်နှစ်ခုပေါ်သို့ ခြေဖဝါး လှန် ထိုင်၍ လက်ဝါးနှစ်ခုကို လှန်ပြီး ခြေဖဝါးပေါ်တင်ထား

www.burmeseclassic.com



သည်။ လက်ဝဲလက်ပေါ် လက်ျာလက်တင်၍ လက်မချင်းထိကာ ထားသောဟန် ဖြစ်သည်။

(၅၄) **သီဟကဏ္ဏမုဒြာ**။ ခြင်္သေ့နားပုံသဏ္ဍာန် လက်ကွင်းဟန် ဖြစ်သည်။ ကဋ္ဋကဟတ္ထဟု လည်းခေါ်သည်။ လက်ချောင်းထိပ်များကို လက်မနှင့်ထိကာ ခြင်္သေ့၏နားရွက်ပုံကဲ့သို့ လက်ကွင်းပြသောဟန် ဖြစ်သည်။ ယောကျ်ားမြတ်လက္ခဏာတော်ကြီး (၃၂) ရပ်ကို ရည်ညွှန်းဟန်တူသည်ဟု ယူဆကြသည်။

(၅၅) **သူစိမုဒြာ**။ အပ်စိုက်ပြဟန် ဖြစ်သည်။ သူစိဟတ္ထဟုလည်း ခေါ်သည်။ တဇ္ဇနီဟတ္ထဟန်နှင့် လက်ညှိုးညွှန်ပုံ ပြောင်းပြန်ဖြစ်သည်။ လက်ျာလက်ညှိုးကို အောက်သို့စိုက်၍ ညွှန်ပြနေဟန် ဖြစ်သည်။ အပ်စိုက်ပြဟန် ဟူ၍သာခေါ်ပြီး၊ အမှန်တကယ် အပ်ကိုကိုင်ပြထားခြင်း မဟုတ်ချေ။

(၅၆) **ဒေသစာရီမုဒြာ**။ လက်နှစ်ဖက်ဖြင့် သင်္ကန်းစကိုင်၍ ဒေသစာရီကြွချီတော်မူဟန် ဖြစ်သည်။ မြတ်စွာဘုရားသည် ဒေသစာရီ ကြွချီ၍ သတ္တဝါများအား လှည့်လည်တရားဟောနေဟန် ဖြစ်သည်။

(ဤသည်မှာ မြန်မာ့ရိုးရာ ပဋိမာသိပ္ပံပညာမုဒြာများ စာအုပ်တွင် ဦးစပ်ထွန်းမှတ်ဝင်း၏ တင်ပြဖော်ပြချက်များ ဖြစ်သည်။ ကျိုက်မရောဘုရားကြီးနှင့် ပတ်သက်သော ဆက်နွယ်မှုကို သိရှိနိုင်ရန်၊ ဗဟုသုတ ရရှိစေရန် ဖော်ပြပေးခြင်း ဖြစ်ပါသည်။)

## ထူးခြားသော ကျိုက်မရောဘုရားမုဒြာ

ကျိုက်မရောဘုရားကြီးသည် ဖော်ပြပြီးသော မုဒြာပုံစံများနှင့် မတူညီကြောင်း တွေ့ရှိရသည်။ အမှတ်စဉ် (၃၁) ပါ နိဒြာဟတ္ထနှင့် ဟန်ဆင်သည်ဟုသာ အကြမ်းဖျင်း ပြောနိုင်ပါသည်။ ခန္တီပါရမီ၊ မေတ္တာပါရမီ စခန်းများသို့ ညွှန်ပြထားသော သဘောထားကိုလည်း အနည်းအကျဉ်းယူ၍ ရနိုင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



၂၀၀၇ ဧပြီလထုတ် ကျိုက်မရောမဂ္ဂဇင်းတွင် ဗိုလ်တာထောင် မွန်ကျောင်း ဆရာတော် အရှင်ကေသရမှ သာသနာသမိုင်းကောက်ချက်အချို့ ရေးသားဖော်ပြခဲ့သည်။

မဂ္ဂဇင်းဖော်ပြချက်မှာ ဗုဒ္ဓမြတ်စွာဘုရားသည် ဘုရားအဖြစ်သို့ ရောက်ပြီး (၈) ဝါအရတွင် ဂဝမ္ပတိမထေရ်၏ ပင့်လျှောက်ချက်အရ သုဝဏ္ဏဘူမိသထုံပြည်သို့ နောက်ပါရဟန်းများနှင့်အတူ ကြွတော်မူလာရာ သုဝဏ္ဏဘူမိသားများအား ခုနစ်ရက်၊ ခုနစ်ည အဆက်မပြတ် တရားဟောခဲ့ရသည်။ ဣရိယာပုတ်မျှတစေရန်အတွက် မိမိကိုယ်တော်တိုင် တစ်လှည့်၊ မိမိကိုယ်စား ဖန်ဆင်းတော်မူထားသည့် ဗုဒ္ဓနိမ္မိတပုံတော်တစ်လှည့် ဟောကြားတော်မူသည်ဟု ဆိုသည်။

ထိုသို့ တရားပွဲ ခုနစ်ရက် ခုနစ်ညဟောကြားပြီးနောက် မြတ်စွာဘုရားသည် တရားပလ္လင်တော်ပေါ်မှ ပြန်ကြွရန် ထတော်မူစဉ်၊ ဗုဒ္ဓနိမ္မိတရုပ်ပွားပုံတော်ကလည်း မြတ်စွာဘုရားနည်းတူ ထမည့်ဟန် ပြန်သည်ကို မြင်တော်မူသဖြင့် ဗုဒ္ဓမြတ်စွာဘုရားသည် ဗုဒ္ဓနိမ္မိတပုံတော်အား "အရှင်ဘုရား ဤအရပ်ဒေသတွင် ငါဘုရား၏ သာသနာတော် ထွန်းကားအောင် ဆောင်ရွက်ရန် ကျန်ခဲ့လော့"ဟု ဗျာဒိတ်ပေးခဲ့ခြင်းကြောင့် ဗုဒ္ဓနိမ္မိတပုံတော်သည် ထမည့်ဟန် ခြေတွဲလျားချ၊ လက်နှစ်ဖက်ထောက်ပုံစံအတိုင်း ကျန်ရစ်နေခဲ့ကြောင်း ဖော်ပြထားပါသည်။

ဗုဒ္ဓနိမ္မိတရုပ်ပွားဆင်းတုတော်သည် သုဝဏ္ဏဘူမိ သထုံပြည် မွန်မင်းအဆက်ဆက် ကိုးကွယ်ခဲ့သော ပဉ္စလောဟာ ဖြစ်သည်။ ပဉ္စလောဟာဆိုသည်မှာ ရွှေ၊ ငွေ၊ ကြေး၊ သံ၊ သလွဲ စသော သတ္တုငါးမျိုး ရောစပ်ကာ သွန်းလုပ်ထားသော ဆင်းတုတော် ဖြစ်သည်။ ကျိုက်မရောဘုရားကြီးသည် မူလက သစ်သားရုပ်ပွားတော်မြတ် ဖြစ်သဖြင့် ကွဲလွဲပါသည်။ မုဒြာမှာသာ တူညီကြပါသည်။ အနော်ရထာမင်းသည် သထုံကို စစ်နိုင်ပြီးနောက်၊ မနူဟာမင်းနှင့်တကွ၊ မိဖုရား၊ မောင်းမ၊ လူပညာရှိ၊ ရဟန်းပညာရှိ၊ ပိဋကသုံးပုံနှင့်အတူ မြတ်စွာဘုရား၏ ဓာတ်တော်မွေတော်များပါ

www.burmeseclassic.com

www.burmeseclassic.com



မကျန် သယ်ဆောင်ခဲ့သည်။ ဗုဒ္ဓနိမ္မိတသည် လိုက်ပါလိုခြင်း မရှိသဖြင့် နတ်သိကြားများက ဂူတစ်ခုသို့ ရှောင်တိမ်းပင့်ဆောင် ဖုံးကွယ်ထားခဲ့သည်မှာ ယနေ့တိုင်အောင် မတွေ့နိုင်တော့ကြောင်း ဖော်ပြပါရှိသည်။

ဤသို့ဆိုလျှင် ၄င်း ဗုဒ္ဓနိမ္မိတရုပ်ပွား ဆင်းတုတော်သည်လည်း၊ ကျိုက်မရောဘုရားကြီး ဖြစ်လာသည်ဟု ကောက်ချက်မချနိုင်ကြောင်း တွေ့မြင်နိုင်ပါသည်။

❖ ❖ ❖

## သက်ကြီးစကား သက်ငယ်ကြား

ကောဇာသက္ကရာဇ် (၆၈၀) ခန့်တွင် မိုးသည်းထန်စွာ ရွာသွန်းသဖြင့် အတ္တရံမြစ် ရေလျှံကာ ရေကြီးသည်။ ဖားအောင်ဂူ၊ စပါယ်ဂူများ ရေဝင်နစ်မြုပ်သည်။ ဂူများထဲတွင်ရှိသော ဗုဒ္ဓရုပ်ပွားဆင်းတုတော်များ မျောပါကုန်သည်ဟု ဆိုသည်။ ရေကျချိန်တွင် လက်ရှိ ကျိုက်မရော ဘုရားကြီး စံပယ်တော်မူရာ ကုန်းမြင့်ပေါ်တွင် ခြေတွဲလျားချ၊ လက်ဘေးနှစ်ဖက်ထောက်၊ ထိုင်တော်မူ သစ်သားဗုဒ္ဓဆင်းတုတော် တစ်ဆူ ကျန်ရစ်ခဲ့သည်။ ထိုဆင်းတုတော်ကို မွန်လူမျိုးများ တွေ့ရှိကာ ပလ္လင်ဟု သဘောထားသော သစ်တုံးတစ်တုံးပေါ်တွင် တင်၍ ကိုးကွယ်ခဲ့ကြောင်း ဆိုကြသည်။

ထိုဆင်းတုတော်၏ မုဒြာပုံစံအတိုင်း ကျိုက်မရော ဘုရားကြီးအား ပုံတူထုဆစ်၍ ကိုးကွယ်ခဲ့ကြသည်ဟု ဆိုသည်။ ဤအဆိုသည်လည်း ဒဏ္ဍာရီဆန်သဖြင့် မှန်မမှန် စဉ်းစားရန် လိုအပ်ပါသည်။ ဗုဒ္ဓဝင်အထောက်အထား သမိုင်းအထောက်အထား မပြနိုင်သဖြင့် ကောက်ချက်ချနိုင်မည် မဟုတ်ကြောင်း တွေ့မြင်နိုင်ပါသည်။

တစ်ဖန် ဘုရားရှင်သထုံမြို့သို့ ကြွရောက်စဉ် ကျိုက်မရောမြို့သို့လည်း ကြွရောက်ခဲ့သည်ကို ယာသမားတစ်ဦး ဖူးတွေ့ရသည်ဟု ဆိုသည်။ ယာသမားသည် မိမိဖူးတွေ့ရသည့်အတိုင်း ပုံတော်ထုဆစ်ခဲ့သည်။ ထိုသို့ထုဆစ်စဉ် မမြင်နိုင်သော နတ်ဗြဟ္မာ

www.burmeseclassic.com

www.burmeseclassic.com



တို့မှ ကူညီခဲ့သည်။ ဤသို့ဖြင့် သပ္ပာယ်၍ ကြည်ညိုဖွယ်ကောင်းသော ဆုတောင်းပြည့်ဘုရားကြီး ပေါ်ပေါက်ခဲ့သည်ဟု အဆိုရှိပြန်သည်။ ဤအဆိုကိုလည်း တိကျသော ကောက်ချက်ချနိုင်ရန်ခိုင်လုံသော သမိုင်းကြောင်းနှင့် ကျောက်စာ အထောက်အထားမပြနိုင်ကြောင်း တွေ့ရှိရသည်။

❖ ❖ ❖

## မှန်ကန်နိုင်သောမူကွဲအဆို

မြတ်စွာဘုရားရှင်သည် ခမည်းတော် သုဒ္ဓေါဒနမင်းကြီး၏ ပင့်လျှောက်ခြင်းကြောင့် ကပ်ိလဝတ်ပြည်သို့ ဒေသစာရီ ကြွချီတော်မူခဲ့သည်။ ဆွေတော်မျိုးတော်တို့အား အကျွတ်တရား ရရှိစေရန် ဝေဿန္တရာဇာတ်တော်ကို ဟောကြားခဲ့သည်။ ကပိလဝတ်ပြည်သို့ ရောက်ရှိပြီးနောက် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း ပါရမီဖြည့်ကျင့်ခဲ့သော နောက်ဆုံးဘဝ၌ ရောက်ရှိနေသည့် ပါရမီဖြည့်ဖက် ယသော်ဓရာဒေဝီအား တရားဟောရန် ကြွချီတော်မူခဲ့သည်။

ယသော်ဓရာဒေဝီအား မိန်းမတို့၏ သဘာဝအတိုင်း ခြေဖမိုးပေါ်တွင် စိတ်ရှိလက်ရှိ (အားရပါးရ) ငိုကြွေးနိုင်စေရန်နှင့် ကျွတ်တန်းဝင်အကျွတ်တရား ရရှိစေရန့်အတွက် ရည်ရွယ်၍ လက်နှစ်ဖက်ထောက်ပြီး ခြေတွဲလျားချ ထိုင်ပေးတော်မူသည်ဟု ဆိုသည်။

ယင်းဖြစ်တော်စဉ်ကို အကြောင်းပြု၍ ဤပုံတော်ကို ပုံတူထုဆစ်၍ ကိုးကွယ်ခဲ့ကြသည် ဟုဆိုကြသည်။ မူလပုံတော်တွင် ယသော်ဓရာဒေဝီ၏ ဆံပင်များဟု ယူဆရသော အမည်းရောင် ဆံထုံးများ ကျိုက်မရောဘုရားကြီး၏ ခြေဖမိုးပေါ်တွင် ရှိခဲ့သည်ဟု ဆိုသည်။ အမည်းရောင်ဆံထုံးများမှာ ဘုရားကြီး၏ သပ္ပါယ်မှုကို ထိခိုက်စေခြင်း၊ အမျိုးသမီး၏ ဆံထုံးဖြစ်သဖြင့် ရှိခိုးပူဇော်ရာတွင် အနှောင့်အယှက် ဖြစ်စေခြင်း၊ ဗုဒ္ဓရုပ်ပွားတော်တွင် အမြင်မတော်ခြင်းတို့ကြောင့် ဖယ်ရှားပစ်ခဲ့သည်ဟု ဆိုကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ဤအဆိုသည် ဗုဒ္ဓမြတ်စွာဘုရား၏ ဖြစ်စဉ်တွင် ပါရှိသဖြင့် နီးစပ်မှန်ကန်နိုင်သည်ဟု ဆိုနိုင်ပါသည်။ ဗုဒ္ဓဝင် အထောက် အထားအရလည်း ကောက်ချက်ချနိုင်ပါသည်။ တိကျသော ခုနှစ် သက္ကရာဇ်ကိုကား ခိုင်လုံသော အထောက်အထား ရှာဖွေ၍ မတွေ့ ခဲ့သေးပေ။

◆ ◆ ◆

## ယသော်ဓရာကန်တော့စန်းနှင့် ရာဟုလာအမွေတောင်းခန်း

ကျိုက်မရောဘုရားကြီးသမိုင်းအကျဉ်းချုပ် တွင်လည်း သားတော် ရာဟုလာ အမွေတောင်းခန်း ဖြစ်နိုင်သည်ဟု ယူဆ ထားခဲ့သည်။ ဤတွင် အထက်ဖော်ပြပါ မှန်ကန်နိုင်သော မူကွဲ အဆိုနှင့်လည်း ကိုက်ညီနေကြောင်း တွေ့ရသည်။

ရွှေတိဂုံစေတီတော်၏ မဟာဗုဒ္ဓဝင်ပြခန်းကြီး (၂၈) ခန်း အနက်၊ ပြခန်း အမှတ် (၉) တွင် ယသော်ဓရာ ကန်တော့ခန်းနှင့် ရာဟုလာ အမွေတောင်းခန်းကို ရေးဆွဲပြသထားလေသည်။

မြတ်စွာဘုရားသည် အဂ္ဂသာဝကနှစ်ပါး ခြံရံလျက် ယသော် ဓရာ၏ ခန်းမဆောင်သို့ ကြွချီတော်မူလေသည်။ ယသော်ဓရာ သည် မြတ်စွာဘုရား၏ ခြေဖမိုးကို ဦးခိုက်၍ ရှိခိုးငိုကြွေးလေ သည်။ ခမည်းတော် သုဒ္ဓေါဒနမင်းကြီးက မြတ်စွာဘုရား ဒုက္ကရ စရိယ ကျင့်စဉ်က ခြိုးခြံနေထိုင်သကဲ့သို့ ယသော်ဓရာလည်း ခြိုးခြံနေထိုင်ကြောင်း လျှောက်ထားသော် စန္ဒကိန္နရီဇာတ်ကို ဟော လေသည်။ ယသော်ဓရာသည် သားတော် ရာဟုလာအား ဖခင် ထံမှ အမွေတောင်းရန် တိုက်တွန်းလေသော် ရာဟုလာလည်း မြတ်စွာဘုရားထံမှ အမွေတောင်းသည်။ မြတ်စွာဘုရားက အရှင်သာရိပုတ္တရာကို ဥပဇ္ဈာယ်ပြုစေလျက် ရာဟုလာအား သာသနာ့အမွေအဖြစ် ရှင်သာမဏေပြုပေးတော်မူလေသည်။ ယင်း ကား ပြခန်း အမှတ် (၉) တွင် ယသော်ဓရာ ကန်တော့ခန်းကို ရေးသား ဖော်ပြထားချက် ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



အထက်ဖော်ပြပါ မှုကွဲအဆိုအရ မြတ်စွာဘုရားသည် ယသော်ရောက ခြေဖမိုးပေါ်တွင် ငိုကြွေးနိုင်ရန် လက်နှစ်ဖက် ထောက်ပြီး ခြေတွဲလောင်းချထိုင် ပေးတော်မူခဲ့သည်ဟု ပါရှိသည်။ ယခုတစ်ဖန် ယသော်ရောသည် မြတ်စွာဘုရား၏ ခြေဖမိုးကို ဦးခိုက်၍ ရှိုက်ငိုကြွေးလေ၏ဟု ပါရှိပြန်သည်။ ယသော်ရော ကန်တော့ခန်းနှင့် ရာဟုလာအမွေတောင်းခန်း ဗုဒ္ဓဝင် ဖြစ်စဉ်သည် မှန်ကန်နိုင်သော မှုကွဲအဆိုနှင့် ထပ်တူပြု၍တိုက်ဆိုင်နေပါသည်။

ဤသို့ဆိုလျှင် ကျိုက်မရောဘုရားကြီးသမိုင်းသည် ယသော် ရော ကန်တော့ခန်းနှင့် ရာဟုလာ အမွေတောင်းခန်း ဗုဒ္ဓဝင်ဖြစ် တော်စဉ်အတိုင်း အတည်ပြုပေးရန်သာ ရှိတော့မည် ဖြစ်သည်။ ဘုရားလောင်းနှင့် ယသော်ရောကား ရှေးရှေးကမ္ဘာကမ္ဘာ ဘဝ ဘဝများစွာက ပါရမီဖြည့်ဖက် ဖြစ်ပေသည်။

◆ ◆ ◆

## နောက်ဆုံးဘဝ ယသော်ရောနှင့် ဘုရားလောင်း သိဒ္ဓတ္ထမင်းသားမတိုင်မီ

ဘဒ္ဒကမ္ဘာမှ ပြန်ရေတွက်သော် လေးသင်္ချေနှင့် ကမ္ဘာ တစ်သိန်းကာလ ဒီပင်္ကရာ မြတ်စွာဘုရား ပွင့်တော်မူချိန် ဖြစ် သည်။ ရမ္မာဝတီပြည်၊ ရမ္မာဝတီမြို့စွန်ရပ်တွင် ဒီပင်္ကရာ မြတ်စွာ ဘုရား ကြွချီတော်မူမည့်လမ်းကို ကောင်းမွန်သော စိတ်နှလုံးဖြင့် ပြင်ဆင်နေကြသည်။ လမ်းပြင်ဆင်သည့်ပွဲတွင် သုမေဓာရှင်ရသေ့ လည်း ပါဝင်သည်။

မြတ်စွာဘုရား ကြွချီတော်မူမည့်လမ်းသို့ သုမိတ္တာပုဏ္ဏေးမ သည် ကြာရှစ်ခိုင်ကို ကိုင်ဆောင်ကာ ရောက်ရှိလာသည်။ လမ်းပြင်ပွဲရှိ သုမေဓာရှင်ရသေ့မြတ်ကိုလည်း ကြည်ညိုစိတ် ရှိ သည်။ ထို့ကြောင့် သုမိတ္တာသည် ဒီပင်္ကရာ မြတ်စွာဘုရားအား "အရှင်ဘုရား၊ တပည့်တော်သည် ကြာရှစ်ခိုင်ကို လှူဒါန်းပါ၏။ ထိုကြာ ရှစ်ခိုင်မှ ငါးခိုင်သည် အရှင်ရသေ့အတွက် ဖြစ်၏။ ကြာသုံးခိုင်သည် ဘုရားကျွန်မအတွက်သာ ဖြစ်၏။ အရှင်ဘုရား

www.burmeseclassic.com

www.burmeseclassic.com



ဤကြာပန်းလှူရသော ကောင်းမှုကုသိုလ်ကံအကျိုးကြောင့် သမ္ဘာသမ္ဘောမိဉာဏ် အကျိုးဌာ ရှင်ရသေ့နှင့် အတူတကွ ပေါင်းဆုံမိရပါလို၏ဘုရား''ဟု ဆုတောင်းလျှောက်ထားခဲ့သည်။

ဒီပင်္ကရာ မြတ်စွာဘုရားသည် သုမေဓာ ရှင်ရသေ့အား ''သုမိတ္တာသည် ရသေ့မြတ် သုမေဓာနှင့် တူမျှသောစိတ်၊ ကုသိုလ်ကံသည် ရှိ၏။ သုမိတ္တာ သမီးငယ်အပေါ်၌ ကာယကံ၊ ဝစီကံအားဖြင့် ချစ်အပ်၏။ ဤသမီးငယ်သည် သင်ရသေ့အား အစဉ် စောင့်ရှောက်အံ့။ ပါရမီကို ကူညီ၍ ဖြည့်ဆည်းရလတ္တံ့'' ဟု မြွက်ကြားတော်မူသည်။ ထို့ပြင် ''သုမေဓာရသေ့မြတ်သည် နောင်လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းကာလ လွန်မြောက်သော် ဘဒ္ဒကမ္ဘာတွင် ဂေါတမမည်သော မြတ်စွာဘုရားအဖြစ် ပွင့်တော်မူလတ္တံ့''ဟု ဗျာဒိတ်ပေးတော်မူခဲ့သည်။

ဤသည်မှာ ဂေါတမမြတ်စွာဘုရားအဖြစ် ပွင့်တော်မူလာမည့် အလောင်းတော် သိဒ္ဓတ္ထမင်းသားနှင့် ယသော်ဓရာဒေဝီတို့၏ စတင်တွေ့ဆုံခြင်း ဆုတောင်း ဗျာဒိတ်တော်ခံယူခြင်း၊ တူမျှသော စိတ်၊ ကုသိုလ်ကံတို့သည် ရှိကြခြင်းနှင့် ပါရမီဖြည့်ဖက်များ ဖြစ်လာကြမည့် အတိတ်ကုသိုလ်ကံနိမိတ်၊ ဘဝပုံရိပ်များပင် ဖြစ်ပေသည်။

❖ ❖ ❖

## ဘဝ၊ ဘဝက ပါရမီဖြည့်ဖက်များ

မြတ်စွာဘုရားရှင်သည် ဖခမည်းတော် သုဒ္ဓေါဒန မင်းကြီး၏ ပင့်လျှောက်ခြင်းကြောင့် ကပိလဝတ်ပြည်သို့ ရောက်ရှိတော်မူစဉ် ဝေဿန္တရာဇာတ်တော်ကို ဝေနေယျသတ္တဝါအပေါင်း ကျွတ်တန်းဝင် အကျွတ်တရားရရှိစေရန် ဟောကြားတော်မူခဲ့သည်။

ရှေးလွန်လေပြီးသောအခါ သိဝိတိုင်း၊ ဇေတုတ္တရာမြို့တွင် သိဝိမင်းကြီးလွှန်သော် သားတော် သိဉ္စည်း မင်းပြုသည်။ သိဉ္စည်း မင်းနှင့် ဖုသသတီမိဖုရားတို့မှ သားတော် ဝေဿန္တရာကို ဖွားမြင်တော်မူသည်။ ဖွားမြင်တော်မူစကပင် မျက်စိဖွင့်သည်။ လှူဒါန်း

www.burmeseclassic.com

www.burmeseclassic.com



လိုကြောင်း စကားပြောသည်။ ဝေဿန္တရာကို ဖွားသောနေ့၌ ပစ္စယမည်သော ဆင်ဖြူတော် ရောက်လာသည်။

ဝေဿန္တရာသည် အလှူအတန်း ဝါသနာပါသည်။ ငယ်စဉ် ကပင် အဖိုးတစ်သိန်းထိုက်တန်သော လည်ဆွဲကိုလှူခဲ့သည်။ ခမည်းတော်က အသစ်ဆင်ယင်ပေးတိုင်း ကိုးကြိမ်တိုင်အောင် လှူခဲ့သည်။ အသက် ၁၆-နှစ်အရွယ်တွင် မဒ္ဒရာဇ်မင်းမျိုးမှ ဦးရီးတော်၏ သမီးကညာ မဒ္ဒီဒေဝီမင်းသမီးနှင့် လက်ထပ် ထိမ်းမြားသည်။ သားတော် ဇာလီနှင့် သမီးတော် ကဏှာဇိန်ကို ဖွားမြင်သည်။

ဝေဿန္တရာသည် မင်းအဖြစ်သို့ ရောက်ပြီးနောက် အလှူဇရပ် ခြောက်ဆောင် ဆောက်၍ နေ့စဉ် ၆ သိန်းကုန် အလှူကြီး ပေးသည်။ ကလိင်္ဂရာဇ်ပြည်တွင် မိုးခေါင်သဖြင့် ကလိင်္ဂရာဇ် မင်းသား အမတ်ပညာရှိများက ဆင်ဖြူရောက်ရှိလျှင် မိုးရွာနိုင် ကြောင်း အကြံပေးလျှောက်တင်ကြသည်။ ကလိင်္ဂရာဇ်မင်းလည်း ဝေဿန္တရာမင်းထံ ဆင်ဖြူတော်အလှူခံရန် ပုဏ္ဏားတို့ကို စေလွှတ် သည်။

ဝေဿန္တရာမင်းကြီးသည် ဆင်ဖြူတော်လှူရာတွင် အဖိုး ထိုက်တန်သော တန်ဆာ၊ အဖိုးအနဂ္ဃထိုက်တန်သော ပတ္တမြား ခြောက်လုံး တို့ကိုပါ ပုဏ္ဏားတို့အား လှူသည်။ ဆင်ဖြူတော် အလုပ်အကျွေးအိမ်ခြေ ငါးရာ၊ ဆင်ချေးကျုံး၊ ဆင်ထိန်းနှင့်တကွ လှူဒါန်းလိုက်သည်။ ထို့ကြောင့် ကြီးစွာသော မြေငလျင်လှုပ်ခဲ့ သည်။

ဆင်ဖြူတော်လှူဒါန်းခြင်းကြောင့် ပြည်သူတို့ ဆန္ဒပြကြ သည်။ ပြည်သူတို့ အလိုမရှိတော့သဖြင့် သိဂ္ဂည်းမင်းကြီးသည် သားတော် ဝေဿန္တရာကို ဟိမဝန္တာတောသို့ နှင်ထုတ်လိုက် ရသည်။ တောသို့ မထွက်ခွာမီ ကြီးစွာသော အလှူပေးသည်။ မြေငလျင် လှုပ်ပြန်သည်။ မဒ္ဒီဒေဝီအား မလိုက်ပါရန် တားမြစ်ခဲ့ သော်လည်း ပါရမီဖြည့်ဖက်ပီပီ လိုက်ပါခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဟိမဝန္တာတောတွင် သိကြားမင်း ဖန်ဆင်းသော ကျောင်းသခ်မ်း၊ ပရိက္ခရာတို့ အသင့်ရှိသည်။ ဝေဿန္တရာမင်းသည် ရဟန်းအသွင်ယူပြီး၊ မဒ္ဒီဒေဝီသည် ရသေ့မအသွင်ကို ယူခဲ့သည်။ သားတော်ဇာလီနှင့် သမီးတော် ကဏှာဇိန်တို့ကိုလည်း ရသေ့ငယ်ကဲ့သို့ ဝတ်စေ၍ တရားအားထုတ်ကာ နေထိုင်ကြသည်။

ဇူဇကာပုဏ္ဏား အလှူခံလာသောအခါ သားတော်နှင့် သမီးတော်တို့ကို ပေးလှူခဲ့သည်။ အလှူအတန်း ရက်ရောမှုကို သိပြီး တွန့်ဆုတ်မှုမရှိသော စိတ်ဆန္ဒကို သိကြားမင်းက စမ်းသပ်ပြန်သည်။ ပုဏ္ဏားယောင်ဆောင်၍ မဒ္ဒီဒေဝီကိုအလှူခံရာ ဝေဿန္တရာသည် မတွန့်မဆုတ် လှူခဲ့ပြန်သည်။ အလှူခံပြီးလျှင် သိကြားမင်းဖြစ်ကြောင်းကို ပြလျက်၊ ဆုရှစ်ပါး ပေးသဖြင့် ဘုရားလောင်းက ဆုရှစ်ပါး တောင်းတော်မူသည်။

(၁) ငါ၏ခမည်းတော် ငါ့အား အမျက်ပြေသဖြင့် တိုင်းပြည်သို့ ခေါ်တော်မူ၍ ရှေးကကဲ့သို့ မင်းအဖြစ်ကို ဆောင်နှင်းပေးအပ်တော်မူစေသတည်း။

(၂) မင်းအဖြစ်သို့ ရောက်ပြီးသောငါသည် မကောင်းသောအမှုအကျင့်ရှိ၍ မင်းဒဏ်သင့်လျက် အခွင့်နှင့်လျော်စွာ တတ်အပ်သော သူကိုပင်လျှင် သတ်ဖြတ်ချင်သောစိတ် မရှိသည် ဖြစ်စေသတည်း။

(၃) ကြီးကြီးငယ်ငယ် ခပ်သိမ်းကုန်သော သူတို့သည် ငါ့ကိုသာလျှင် မှီ၍ အသက်မွေးကြသည် ဖြစ်စေသတည်း။

(၄) သူတစ်ပါး၏မယားကို တပ်မက်သော စိတ်ဖြင့်မျှ မကြည့်လို၊ ကိုယ်ပိုင်သော မယား၌သာလျှင် ရောင့်ရဲခြင်း၊ မိန်းမတို့၏ အလိုသို့ မလိုက်ခြင်းသည် ဖြစ်စေသတည်း။

(၅) ငါနှင့်စပ်၍ဖြစ်ကုန်သော သားသမီးမယား ဆွေမျိုးတို့သည် အနာမရှိ အသက်ရှည်ကြကုန်လျက် တရားသဖြင့် ရန်သူတို့ကို အောင်၍ မင်းစည်းစိမ်၌ စံပျော်ရစေသတည်း။

(၆) နေ့တိုင်းနေ့တိုင်း ညဥ့်မိုးသောက်၍ အရုဏ်တက်လတ်သော် ထမင်း၊ အဖျော် အစရှိကုန်သော ခပ်သိမ်းသော အသုံးအဆောင်တို့သည် ရှေ့သို့ ရောက်လာသတည်း။

www.burmeseclassic.com

www.burmeseclassic.com



(၇) ဥစ္စာစည်းစိမ်တို့သည် အလှူပေးကုန်သော်လည်း မကုန်နိုင်ဘဲ၊ တလဲလဲဖြစ်လာ၍ သဒ္ဓါကြည်ညို စေတနာသုံးတန် ပြတ်လျက်၊ လွတ်လွတ်ရဲရဲ ပေးကမ်းစွန့်ကြဲ လှူဒါန်းပြီး၍ ထို အလှူကိုသာလျှင် ဝမ်းမြောက်ဝမ်းသာ အောက်မေ့စေသတည်း။

(၈) ဤကိုယ်အဖြစ်မှ စုတေခဲ့သည်ရှိသော် တုသိတာ နတ်ပြည်၌ဖြစ်၍ ထိုနတ်ပြည်၌ တစ်ကြိမ်သာလျှင် ပဋိသန္ဓေနေ ရပြီးသော် သဗ္ဗညုတဉာဏ်တော်ကို ရပါစေသတည်း။

"အလောင်းတော်မင်းကြီး၊ ခပ်သိမ်းသောသင်၏ နှလုံးသား အလိုသည် အပြီးသို့ ရောက်လတ္တံ့၊ မစိုးရိမ်လင့်၊ မမေ့မလျော့ လုံ့လှုပြုလော့"ဟု သိကြားမင်းက ဆုရှစ်ပါးကို ပေးသည်။ မဒ္ဒီဒေဝီကိုလည်း ပြန်အပ်သည်။ ထို့နောက် သိကြားမင်းသည် တာဝတိံသာ နတ်ပြည်သို့ ပြန်သွားသည်။

ထိုအချိန်တွင် သိဉ္စည်းမင်းကြီးသည် မြေးတော်များကို ဇူဇကာပုဏ္ဏားထံမှ ရွေးယူထားပြီး ဖြစ်သည်။ မြေးတော်များ၏ ပြောပြချက်အရ သားတော်နှင့် ပါရမီဖြည့်ဖက် ချွေးမတော် မဒ္ဒီဒေဝီ တို့မှာ ဆင်းရဲဒုက္ခရောက်နေကြောင်းသိရသည်။ ကာလိင်္ဂရာဇ်တိုင်း ကတည်း မိုးကောင်းလာပြီဖြစ်သဖြင့် ဆင်ဖြူတော် ပြန်အပ်သည်။ ပြည်သူအများလည်း စိတ်ပြေလာပြီ ဖြစ်သည်။ အစားကြူးသော ဇူဇကာမှာလည်း အစားဒုက္ခရောက်၍ သေရသည်။ မင်းကြီးသည် ကြီးစွာ နောင်တရလျက် အလောင်းတော်မင်းသားနှင့် ချွေးမတော် မဒ္ဒီဒေဝီကို တိုင်းပြည်သို့ ပြန်ခေါ်တော်မူသည်။

သိဉ္စည်းမင်းကြီး၊ ဖုသတီမိဖုရား၊ သားတော် ဝေဿန္တရာ၊ ပါရမီဖြည့်ဖက် မဒ္ဒီဒေဝီ၊ ဇာလီ၊ ဂဏှာဇိန်တို့ (၆) ဦး ပေါင်းဆုံ မိကြသည်။ ဝမ်းသာဝမ်းနည်း သည်းစွာ ငိုကြွေးရှိုက်ငင်လျက် မိန်းမောမေ့မျော၍ မြေ၌ လဲကျလေကုန်သည်။ သိကြားမင်းသည် သတိရစေရန် ပေါက္ခရဝဿ မည်သော မိုးကို ရွာချစေရသည်။ မဟာပထဝီမြေကြီးသည်လည်း ပြင်းစွာ လှုပ်လေသည်။

ဝေဿန္တရာမင်းကြီးသည် စေတုတ္တရာပြည်တွင် မင်းပြု လျက် ရှိသည်။ မည်သည့်ပစ္စည်းကို လှူရအံ့နည်းဟု စိတ်၌

www.burmeseclassic.com

www.burmeseclassic.com



ကြိုတော်မူနေသည်။ သိကြားမင်းက သိတော်မူပြီး နန်းမြို့တံခါး အတွင်း ခါးနစ်အောင် ရတနာအတိ ပြီးစေသည်။ နန်းတော်မြို့ပြင် တစ်ခုလုံးတွင်လည်း ပုဆစ်ဒူးနစ်အောင်အထိ ရတနာခုနစ်ပါးမိုးကို မိုးသောက်၍ ရွာစေသည်။ မင်းကြီးသည် ကိုယ့်ခြံတွင်းရှိရာ ရတနာတို့ကို ကိုယ်ယူစေသည်။ ဝေဿန္တရာမင်းကြီးလည်း အသက်ထက်ဆုံး၊ ခြောက်ဆောင်သော အလှူဇရပ်၌ နေ့စဉ် အလှူကြီးပေးတော်မူလေသည်။

ဝေဿန္တရာ ဇာတ်တော်တွင် ဝေဿန္တရာ မင်းသည် အလောင်းတော် သိဒ္ဓတ္ထ မင်းသားဖြစ်၍ ပါရမီဖြည့်ဖက် မဒ္ဒီဒေဝီ မှာ ယသော်ဓရာမင်းသမီး ဖြစ်သည်။ ယသော်ဓရာသည် မဒ္ဒီဒေဝီ ဘဝမှာ အလောင်းတော် ဝေဿန္တရာမင်းသားအပေါ်တွင် အမျိုးစုံ အနစ်နာခံ၍ ပါရမီဖြည့်ပေးခဲ့မှုများသည် လည်းကောင်း၊ စေတနာ မေတ္တာ ထားရှိပေးခဲ့မှုများသည်လည်းကောင်း ပေါ်လွင်ထင်ရှား အားကြီးလှသည်။

သို့တိုင်အောင် မြတ်စွာဘုရားသည် ယသော်ဓရာထံ ပါရမီ ဖြည့်ဖက်အပေါ်တွင် ထားရှိအပ်သော ကြီးမားသော ကရုဏာ တော်ကို ပြသ၍ အဖူးမြော်ခံရန် ကြွချီသင့်သည်ဟု ယသော်ဓရာ ဒေဝီမှာ မျှော်လင့်ယူဆလျက် ခန်းမဆောင်တွင် စောင့်စားနေခဲ့ ပါသည်။

❖ ❖ ❖

## မြတ်စွာဘုရား၏ ဖြူစင်ပြည့်ဖြိုး ခြေဖမိုးတော်ပေါ်ဝယ်

နောက်ဆုံးဘဝတွင် ရောက်ရှိနေပြီဖြစ်သော်လည်း မသိရှာ သေးသော ယသော်ဓရာဒေဝီသည် ဗုဒ္ဓဘုရားရှင်ကို စောင့်မျှော်မြဲ စောင့်မျှော်နေရှာသည်။

ယသော်ဓရာဘဝတွင် ကြည့်လျှင် အလောင်းတော်အား လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်း ပါရမီဖြည့်ပေးခဲ့သည်။

ဘုရားလောင်း ၄က်ဖိုဘဝတွင် ယသော်ဓရာအလောင်းသည် ၄က်မ ဖြစ်ခဲ့ရသည်။ အလောင်းတော် လူ့ဘောက်ျားဖြစ်လျှင်

www.burmeseclassic.com



ပါရမီဖြည့်ဖက် ယသော်ဓရာ အလောင်းသည် လူမိန်းမ ဖြစ်ခဲ့ရသည်။ အလောင်းတော် လနတ်သား ဖြစ်ခဲ့သော် ယသော်ဓရာလောင်းသည် လနတ်သမီး ဖြစ်ခဲ့ရသည်။ ထိုသို့ ပါရမီဖြည့်ခဲ့သည်မှာ မဟာသက္ကရာဇ် ၉၇ ခုနှစ် ဝါဆိုလပြည့် တနင်္လာနေ့ည အလောင်းတော် သိဒ္ဓတ္ထ မင်းသား တောထွက်တော်မူသည့် ညတိုင်အောင်ပင် ဖြစ်သည်။

ယသော်ဓရာဒေဝီသည် အလောင်းတော် တောထွက်ပြီးနောက် တောတွင် ကျင့်ကြံနေသည့်အတိုင်း လိုက်၍ ကျင့်ကြံအားထုတ်နေခဲ့သည်။ အလောင်းတော် ရာဇဂြိုလ်ကို ပယ်သကဲ့သို့ ယသော်ဓရာလည်း မိမိပြည် ဒေဝဒဟကို ပယ်ခဲ့သည်။ အလောင်းတော် လူ့ဝတ်ကြောင် ပုဆိုးကို ပယ်စွန့်၍ ဖန်ရည်ဆိုးသောအဝတ် ဝတ်ဆင်သကဲ့သို့ ယသော်ဓရာလည်း ဖန်ရည်ဆိုးအဝတ်သာ ဝတ်ခဲ့သည်။ အလောင်းတော် ညစာ မစား၊ နံနက်တစ်ထပ်တည်း စားသကဲ့သို့ ယသော်ဓရာသည် နံနက်သာ စားပြီး၊ ညစာကို မျက်နှာလွှဲဖြုတ်ခဲ့သည်။ အလောင်းတော်က ညောင်စောင်းမပါ မြေပေါ်တွင်သာ အိပ်သကဲ့သို့ ယသော်ဓရာလည်း ညောင်စောင်းစွန့်၍ ကြမ်းပေါ်တွင် အိပ်စက်ခဲ့သည်။ အလောင်းတော်က ပန်းနံ့သာ လိမ်းကျံခြင်း မပြုတော့သကဲ့သို့ ယသော်ဓရာလည်း ဖြီးလိမ်း ခြယ်သမှုအားလုံး စွန့်ပယ်ခဲ့သည်။ စွန့်ခွာသူက စွန့်ခွာရက်သော်လည်း တွယ်တာလွန်းရသူက စွန့်ခွာလိုစိတ် ကင်းမဲ့နေရသည်။ သံယောဇဉ်ကြီးစွာဖြင့် မျှော်မြဲ မျှော်ဆဲပင် ဖြစ်သည်။

ဥရုဝေလတောသည် တွယ်တာသူတို့အတွက် ထာဝရ မလာရ၊ မဝင်ရ တားမြစ်ပိတ်ပင်ထားရာ အရပ် ဖြစ်သည်။ ယသော်ဓရာသည် သတင်းစကားသာ နားထောင် နေရသည်။ အလောင်းတော်သည် ဘုရားဖြစ်ရေး၊ အကျင့်မြတ် ကျင့်သည်။ အားထုတ်လွန်းသဖြင့် အားပြတ်ကြောင်း ကြားရပြန်သည်။ ထို့နောက် အလောင်းတော်သည် အကျင့်လွန်၍ သေဆုံးလေပြီဟု ကြားပြန်သည်။ ထိုသတင်းစကား မမှန်ကန်ကြောင်း

www.burmeseclassic.com

www.burmeseclassic.com



သုဒ္ဓေါဒနမင်းကြီးက ဆိုသည်။ အလောင်းတော်သည် တရားထူး တရားမြတ် မရမချင်း မသေနိုင်။ ဘုရားကေန် အမှန်စင်စစ် မဖြစ်မချင်း မသေနိုင်ဟု ဖခမည်းတော်က ယုံကြည်ထားသည်။ အလောင်းတော်၏ မြင့်မြတ်သော လုပ်ငန်းကို ပံ့ပိုးနိုင်ရန် ယသော်ဓရာ သစ္စာဆိုတော့သည်။ မိမိ၏မေတ္တာ သစ္စာတရားကို အရင်းတည်၍ သံယောဇဉ် တရားကို လျှုဒါန်းကာ သစ္စာကို ဆိုပါသည်။ "မိမိ၏ သစ္စာစကားကြောင့် မောင်တော်ရဟန်းသည် သစ္စာပန်းကို ဆင်ကာ တရားမြတ် တရားထူးကို ရင်ဝယ်ပိုက်၍ ကပိလဝတ် နန်းတော်သို့ အမြန်ဆုံး ပြန်ရောက်နိုင်ပါစေ"ဟု သစ္စာဆုတောင်းမှု အကြိမ်ကြိမ် ပြုခဲ့သည်။

ဉရုဝေလတောတွင် အလောင်းတော်သည် အကျင့်လွန်၍ ဆင်းရဲပင်ပန်းခြင်းတကာတို့ထက် ပင်ပန်းလှသည်။ ယသော်ဓရာ လည်း အလောင်းတော်ကို လွမ်းရလွန်း၍ ဆင်းရဲခြင်းမျိုးစုံ ခံစား နေရသည်။ ပဉ္စဝဂ္ဂီငါးဦးတို့သည်လည်း အလောင်းတော် တရား ထူး မတွေ့တော့ပြီ ဟု ယူဆလျက် စွန့်ခွာကြသည်။ ယသော် ဓရာကား မည်သို့ကြားကြား အလွမ်းကို မစွန့်သေး။ မျှော်မြဲ မျှော်ဆဲပင် ရှိနေသေးသည်။

တစ်ဖန် သတင်းထူးများ ကြားရပြန်သည်။ မြက်ရှစ်ဆုပ် လှူသည့် သောတ္ထိယမြက်ထမ်းသမားသတင်း၊ နို့ဆွမ်းနှင့် ရွှေခက်ပါ လှူဒါန်းသော သူဌေးသမီး သုဇာတာ သတင်း၊ အလောင်းတော်သည် ဘုရားစင်စစ် ဧကန်အမှန်ဖြစ်ပြီ ဟူသော သတင်း ကြားရသည်။ သားတော် ရာဟုလာပင် ခုနစ်နှစ်သား အရွယ်သို့ ရောက်နေပြီ ဖြစ်သည်။ ယသော်ဓရာ ဒေဝီအတွက် မျှော်လင့်ချက် ရောင်ခြည်သန်းလာသည်။ မောင်တော်ဘုရားနှင့် တွေ့ရတော့မည်။ စောင့်မျှော်ရကျိုး နပ်တော့မည်ဟု ယုံကြည်နေ သည်။

သုဒ္ဓေါဒနမင်းကြီးသည် ဗုဒ္ဓမြတ်စွာဘုရားအား ဖူးမြော်လို သဖြင့် ကိုးကြိမ်တိုင် ပင့်လျှောက်သော်လည်း ပင့်လျှောက်သည့် အမတ်များ ပြန်ရောက်မလာပါ။ တရားသိသူများအတွက် ငါသည်

www.burmeseclassic.com

www.burmeseclassic.com



မရှိ။ ကပိလဝတ်လည်း မရှိ။ ရာဇဂြိုဟ် လည်းမရှိ။ ခင်းမှုရေးရာ လူမှုရေးရာတို့လည်း အရေးတယူလုပ်ရန် မလိုသောဘဝဖြစ်သည်။ သို့အတွက် မြတ်စွာဘုရား ထံတော်ပါး ရောက်လာသူများမှာ ရဟန်း ပြုကြကုန်သည်။ ရဟန္တာတို့လည်း ဖြစ်ကြသည်။ နောက်ဆုံး ကာဠုဒါယီ အမတ်လျှောက်မှ ဗုဒ္ဓဘုရားရှင် ကြွရောက် တော်မူလာသည်။ ဤသို့ဖြင့် ယသော်ဓရာသည် ဗုဒ္ဓဘုရားရှင် ကပိလဝတ်ပြည်သို့ ကြွချီလာပြီဟု သတင်းစကား ကြားရတော့ သည်။

ဗုဒ္ဓဘုရားရှင်သည် ကပိလဝတ်ပြည်သို့ ကြွချီတော်မူသည့် ခရီးသတင်းတွင် လူအများ ခရီးဦးကြို ပြုသည်။ သဲဖြူခင်းသည်။ သဲဖြူလမ်းပေါ်တွင် ဘုရားရှင်၏ ကိုယ်ရောင်ကိုယ်ဝါကြောင့် ရွှေရည်လောင်းသောလမ်းနှယ် တွေ့ရသည်။ ပန်းတွေလည်း ပင်လုံးကျွတ်နှင့် ရောင်စုံအစွမ်းကုန် ပွင့်အာကြသည်။ သီးပင်တွေ လည်း သံသာချိုတေးနှင့် မြည်တွန်၍ ပူဇော်ကြသည်။ ဩကာသ လောကနှင့် သတ္တလောကသည် မြတ်စွာဘုရားအား ကပိလဝတ် ခရီးစဉ်တစ်လျှောက် ပူဇော် ကန်တော့ကြကုန်သည်။ ဤသို့ ယသော်ဓရာ သတင်းရသည်။

ဗုဒ္ဓမြတ်စွာဘုရား နိဂြောဓဥယျာဉ်သို့ ရောက်ရှိတော်မူ ကြောင်း ကြားရသည်။ ဘုရားရှင်နှင့် ရဟန်းပေါင်း နှစ်သောင်း ပါရှိတော်မူသည်။ တန်ခိုးပြာဋိဟာ ပြတော်မူကြောင်း ကြားရပြန် သည်။ အံ့ဖွယ်သူရဲ ထူးကဲသော ပြာဋိဟာကြောင့် ဖခမည်းတော် သုဒ္ဓေါဒနမင်းကြီးသည် မြတ်စွာဘုရားအား ယုံကြည်မြတ်နိုး ဦးတိုက်ရှိခိုးတော်မူကြောင်း ကြားရသည်။ ကပိလဝတ်တွင် တစ်ထောင်သောဂါထာတို့ဖြင့် တန်ဆာဆင်အပ်သော ဝေဿန္တရာ ဇာတ်တော်ကို ဟောကြားတော်မူကြောင်း ကြားရပြန်သည်။ (ဝေဿန္တရာဇာတ်တော် အခန်း သီးခြား ဖော်ပြထားသည်။) သို့တိုင်အောင် မျှော်ရသူ ယသော်ဓရာထံ ဘုရားရှင် အမြန်ကြွ ကြွရောက်မလာသေးပါ။ ယသော်ဓရာ တွေးရဆဲပါ။ မဒ္ဒီဘဝကို သိ၍ မဒ္ဒီဒေဝီ အကြောင်းတရားကို ဟောကြားခဲ့သည်။ ရှေးဘဝ

www.burmeseclassic.com

www.burmeseclassic.com



သုမိတ္တာကို သိ၍ သုမိတ္တာပုဏ္ဏေးမ၏ မေတ္တာကို သိနိုင်သည်။ ပစ္စုပ္ပန်ဘဝ ယသော်ဓရာကို သိ၍ ယသော်ဓရာဒေဝီ၏ မေတ္တာကို မောင်တော် ဘုရားရှင် သိသင့်သည်ဟု တွေးနေဆဲ မျှော်ဆဲပင် ဖြစ်သည်။

ယသော်ဓရာသည် ငါ၊ ငါ့အမျိုးငါ့အနွယ်၊ ငါ့သား ငါ့ယောကျ်ား ရှိနေသေးသည်။ သင်္ခါရကို ထာဝရဟု စွဲမှတ်ဆဲ ဖြစ်သည်။ ငါ၊ ငါ့ဟာဟူ၍ စွဲမှတ်နေသမျှ စိုးရိမ်ပူဆွေး၊ ငိုကြွေး နေရဦးမည်။ ဆူပွက်ပူလောင်မှု ခံစားနေရဦးမည်။ မြတ်စွာဘုရားရှင်သည် ထိုစိုးရိမ်ပူဆွေးခြင်းမှ လွတ်ကင်းချုပ်ငြိမ်းရာ လမ်းကို ရှာဖွေတွေ့ရှိခဲ့ရပြီး ဖြစ်သည်။ လောကဓာတ်တစ်ခုလုံးကို အနန္တ အေးချမ်းမှု တရားရေအေးကို တိုက်ကျွေးတော်မူလျက် ရှိနေသည်။ ယသော်ဓရာဒေဝီ အလှည့်သာ ရောက်မလာသေးခြင်း ဖြစ်သည်။

ဘုရားရှင်သည် ဖခမည်းတော်၊ မယ်တော်၊ ဆွေတော်၊ မျိုးတော်တို့အား ဓမ္မပါလဇာတ်တော်ကို ဟောတော်မူသည်။ တရားတော်အဆုံးတွင် သုဒ္ဓေါဒနမင်းကြီးသည် သကဒါဂါမိ တည်သည်။ မယ်တော်ဂေါတမီသည် သောတာပန် တည်လေသည်။ နန်းတော်တွင်းဝယ် ဘုရားရှင်အား အုတ်အုတ်ကျက်ကျက်မျှ ရှိသေကော်ရော် ပူဇော်ကြကုန်သည်။ ငါ့ထံလာရမည်ဟု မာန်ရှိဆဲ ယသော်ဓရာဒေဝီနှင့် သားတော် ရာဟုလာမှာ ဘုရားရှင် ထံမှောက်သို့ ရောက်ရှိညွတ်တွား ပူဇော်မှု မပြုနိုင်ဘဲ ရှိရတော့သည်။ ခွဲခွာသူက သူ့ဟာသူ ခွဲခွာသွားခြင်း ဖြစ်လေရာ ပြန်လာလျှင်လည်း သူ့ဟာသူ ပြန်လာသင့်သည်ဟု မာနဖြင့် ယသော်ဓရာ ထင်နေဆဲ ဖြစ်သည်။ မြတ်စွာဘုရားရှင်ဟူသော အသိတရား ယသော်ဓရာထံမှ ခေတ္တကွယ်ပျောက်နေသည်။

ယသော်ဓရာသည် ဘုရားရှင်အား ခန်းမဆောင်သို့ ကြွရောက်လာစေလိုသော ဆန္ဒသည် ပြင်းပြစွာ ဖြစ်တည်လျက်ရှိနေသည်။ မြတ်စွာဘုရားရှင်သည် ပရိသတ်အလယ်၌ ယသော်ဓရာအား မတွေ့ရသောအခါ ရာဟုလာ မယ်တော်၏ စိတ်အစဉ်ကို သိမြင်တော်မူသည်။ ပါရမီဖြည့်ဖက် တစ်ယောက်၏ ကျေးဇူး

www.burmeseclassic.com

www.burmeseclassic.com



တရားကို ဖွင့်ထုတ်ဟောကြားရန် လိုအပ်ပြီ။ အချိန်အခါသင့်ကြောင်း သိတော်မူသည်။

ခမည်းတော်မင်းကြီးအား သပိတ်တော် ပိုက်စေသည်။ လက်ယာရံ လက်ဝဲရံ အရှင်သာရိပုတ္တရာနှင့် အရှင်မောဂ္ဂလန်တို့ ခြံရံလျက်၊ ရာဟုလာမယ်တော် ခန်းမဆောင်သို့ ကြွချီတော်မူသည်။ လက်ယာရံ လက်ဝဲရံ အရှင်မြတ်နှစ်ပါးအား "ရာဟုလာမယ်တော်သည် ငါဘုရားအား သူ့နှစ်သက်သလို ရှိခိုးပူဇော်ဖူးမြော်ကန်တော့ပါစေ ဘယ်သူမျှ မတားမြစ်ပါစေနှင့်" ဟု မိန့်တော်မူသည်။

မြတ်စွာဘုရားရှင်သည် ယသော်ဓရာ၏ သောကကို သိသည်။ ကျေးဇူးကို သိသည်။ အထက်ပါမိန့်ကြားချက်မှာ လေးအချိုးနှင့် ကမ္ဘာတစ်သိန်း ပါရမီဖြည့်ဖက် တစ်ဦးအပေါ် ကြီးမားသော မေတ္တာနှင့် ကရုဏာထားရှိ၍ ဖြစ်သည်။ မြတ်စွာဘုရားရှင်သည် ယသော်ဓရာမေတ္တာမျိုးထက်၊ ပိုမိုမြင့်မြတ်သော စိတ်ထားဖြင့် လောကသုံးပါးရှိ အားလုံးအပေါ် ကြီးမားသော မေတ္တာထားရှိပြီး ဖြစ်သည်။ ဘုရားရှင်မှ ယသော်ဓရာအပေါ် ထားရှိသောမေတ္တာမှာ ဥပေက္ခာနှင့် ထာဝစဉ်တွဲထားသော မေတ္တာမျိုး ဖြစ်သည်။ မေတ္တာတွင် ဥပေက္ခာကပ်၍ ထားသဖြင့် တဏှာရာဂကင်းသည်။ စွဲလမ်းမှု ကင်းသည်။ ဥပေက္ခာနှင့် ယှဉ်လျက်ရှိသော မြတ်စွာဘုရား၏ မေတ္တာတော်၊ ကရုဏာတော်ဝယ်ဝမ်းနည်းခြင်း၊ ပူဆွေးခြင်း၊ ကြေကွဲခြင်းတို့ မပါသော ဘုရားရှင်သည် ယသော်ဓရာ၏ အဆောင်သို့ ကြွချီတော်မူခဲ့ခြင်း ဖြစ်သည်။

ယသော်ဓရာသည် အလောင်းတော်ဘဝက အပြင်မှလာလျှင် ကြိုဆိုနေကျနေရာမှ ရှိသေမှုဖြင့် ဘုရားရှင်အား ကြိုဆိုသည်။ လေးသောင်းကုန်သော အခြွေအရံတို့သည် မှာကြားထားပြီးသည့်အတိုင်း ယသော်ဓရာ၏ အရိပ်အကဲကို ကြည့်၍ ခန်းမဆောင်ထဲတွင် ရှိနေကြသည်။ ဘုရားရှင်သည် ခန်းမဆောင်သို့ ရောက်သောအခါ ခင်းထားသော နေရာတွင် ထိုင်တော်မူသည်။ အားလုံးသော မျက်လုံးအစုံစုံတို့သည် ယသော်ဓရာထံ ရောက်

www.burmeseclassic.com

www.burmeseclassic.com



သည်။ ခန်းမဆောင်သည် တိတ်ဆိတ်ငြိမ်သက်လျက် ရှိသည်။ ယသော်ဓရာသည် ရက်လပေါင်း များစွာ ခံစားခဲ့ရသော ဝေဒနာကို မည်သို့သော စကားလုံးဖြင့် ဘုရားရှင်အား လျှောက်ထားမည်ကို သိလိုနေကြသည်။ ဤနှုတ်ထွက်စကားများသည် မေတ္တာတရားအတွက် ဘဒ္ဒကမ္ဘာ၏ သမိုင်းဝင်စကားများဖြစ်၍ ဖြစ်သည်။ လောလောဆယ် ထွက်ပေါ်လာနိုင်သည့် စကားမျိုး၊ ယသော်ဓရာ ရှာ၍မရ၊ နှုတ်ထွက်စကား ပြော၍မရ ဖြစ်နေသည်။

ယသော်ဓရာမင်းသမီးသည် ထိုခဏအချိန်တွင် တငွေ့ငွေ့ တမြည့်မြည့် လောင်မြိုက်ခံစားရသည့် သောကမီးကို မြတ်စွာဘုရားရှင်၏ ဖြူစင်ပြည့်ဖြိုးသော ခြေဖမိုးတော်ပေါ်ဝယ် မျက်နှာအပ်၍ မျက်ရည်မိုးကြီး ရွာချလျက်၊ မျက်ရည်စကားကိုသာ ဆိုနိုင်တော့သည်။ သူမ၏ နဖူးပြင်၊ ပါးပြင်၊ ဆံပင်တို့ဖြင့် ဘုရားရှင်၏ ခြေဖမိုးတော်အား ပွတ်တိုက်၍ အားရအောင် ငိုကြွေးနေပြန်သည်။ ဟန့်တားမှုမရှိသော ပရိသတ်သည် လွန်စွာပင် တိတ်ဆိတ်မှုမျိုးဖြင့် ကြည့်ရှုနေကြကုန်သည်။

❖ ❖ ❖

## ယသော်ဓရာ ရရှိခဲ့သော အသိတရား

ယသော်ဓရာသည် ဘုရားရှင်အား ပူဇော်နေသည့်ခဏတွင်ပင် သူမ၏ ငိုကြွေးမှုကို ရပ်လိုက်သည်။ အံ့အားသင့်လွန်းစွာဖြင့် သူမ၏ သောကမီးကို ငုံလင့် ရပ်ဆိုင်းထားလိုက်သည်။ ယသော်ဓရာသည် မည်သည့်စကားကိုမျှ မဆိုဘဲ ဘုရားရှင်၏ ခြေဖမိုးဖော်ကို တွေတွေကြီး စိုက်ကြည့်နေသည်။ ယသော်ဓရာသည် ဘုရားရှင်၏ ခြေဖမိုးတော်တွင် ပါးပြင်အပ်၍ ငိုကြွေးနေစဉ် ခံစားတုန်လှုပ်ခြင်းမရှိသော ခြေဖမိုးတော်၏အတွေ့ကို ခံစားလိုက်ရသည်။ မြတ်စွာဘုရား၏ ခြေဖမိုးတော်သည် ပကတိအတိုင်းသာ တုန်လှုပ်ခြင်း ကင်းနေသည်။

ယသော်ဓရာသည် ထိုတုန်လှုပ်ခြင်းကင်းသော ခြေဖမိုးတော်ကို နဖူးပြင်နှင့် ကပ်ရသောခဏတွင် မိမိ၏ ပကတိအဖြစ်ကို

www.burmeseclassic.com

www.burmeseclassic.com



မိမိအမှန်အတိုင်း သိမြင်တော့သည်။ မိမိတွင် စွဲကပ်ခိုအောင်း လျက်ရှိသော မျှော်လင့်ချက်သည် ခြေဖမိုးတော်တွင် လုံးဝ မတွေ့ ရကြောင်း သိရသည်။ ဤခြေဖမိုးတော်၏ အရှင်သခင်နှင့် မိမိ သည် ကြီးစွာသောကွာဟချက် တစ်ခုရှိနေကြောင်း သိလာ ရသည်။ ဘုရားရှင်၏ ခြေဖမိုးတော်တွင် ကွာဟချက်ကို အမှန် တကယ်ပင် တွေ့ခဲ့ရပြီး ဖြစ်သည်။ ပမာအားဖြင့် ပိုးကောင်ငယ် သည် မြင်းမိုရ်တောင်အား တွယ်တက်သည်။ ရှိသမျှ ခွန်အားကို သုံး၍ အထက်သို့ တက်သည်။ သို့သော် ထိုပိုးကောင်ငယ် တက်ရောက်ခြင်းအတွက် မြင်းမိုရ်တောင်သည် တုန်လှုပ်ခြင်း အလျှင်းမရှိသကဲ့သို့ပင် ဖြစ်နေတော့ကြောင်း သိလာရသည်။

ယသော်ဓရာ၏ ငိုကြွေးမှုသံယောဇဉ်ကို ခြေဖမိုးတော်သည် လုံးဝ တုန်လှုပ်ခြင်းကင်းစွာဖြင့် တုံ့ပြန်နေသည်။ ခြေဖမိုးတော် တွင် တွယ်တာတုန်လှုပ်မှုမရှိ ဥပေက္ခာတရားသာလျှင် ရှိနေသည်။ ယသော်ဓရာသည် တုံ့ပြန်ခြင်း အလျှင်းမရှိသော ခြေဖမိုးတော်ကို အံ့အားသင့်စွာ စိုက်ကြည့်ရင်း မျက်ရည်ကို သုတ်လိုက်သည်။ မင်းသမီး ဟူသောမာန်ဖြင့် ရှိသေလေးစားမှုမပျက် ထိုင်နေသည်။ မျှော်လင့်ခြင်းမရှိ တုံ့ပြန်ခြင်းမရှိသည့် ခြေဖမိုးတော်အတွက် ဘာစကားမှ ဆက်ဆိုရန် အကြောင်းမရှိတော့သဖြင့် ဆိတ်ဆိတ် နေရသောဘာဝသို့ ဆိုက်ရောက်နေရသည်။

ဘာစကားမှ မပြောကြသဖြင့် ခန်းမဆောင်သည် ပို၍ တိတ် ဆိတ်သွားသည်။ သုဒ္ဓေါဒနမင်းကြီးသည် ချွေးမတော်နှင့် ဘုရား ရှင်ကြား ဆိတ်ဆိတ်နေကြသဖြင့် အနေရခက်လာသည်။ ချွေးမ တော်၏ဂုဏ် အရည်အသွေးများကို ဖော်ထုတ်စကားဆို၍ လျှောက်တင်လာရသည်။

ယသော်ဓရာသည် ဘုရားရှင် ဥရုဝေလတောတွင် ကျင့်ကြံ နေထိုင်သည့်အတိုင်း လိုက်၍ ကျင့်ကြံအားထုတ် နေထိုင်ခဲ့သည်။ ဘုရားရှင် ဝတ်တော်မူသကဲ့သို့ အဝါရောင် ဝတ်ဆင်ခဲ့သည်။ ဘုရားရှင် စွန့်ပယ်တော်မူသကဲ့သို့ ပန်းပန်ခြင်း၊ နံ့သာလိမ်းခြင်းကို စွန့်ပယ်ခဲ့သည်။ ဘုရားရှင် အိပ်စက်တော်မူသကဲ့သို့ ညောင်စောင်း

www.burmeseclassic.com

www.burmeseclassic.com



ကို ပယ်၍ အိပ်စက်ခဲ့သည်။ ဘုရားရှင် တောထွက်ရဟန်းပြုပြီး နောက်ပိုင်း၊ အခြားမင်းများ၏ လက်ဆောင်ပို့ဆက်မှုကို မယူခဲ့ပါ။ ဘုရားရှင်အား အချစ်မပြယ်သောစိတ် မြတ်နိုးသောစိတ် ထာဝရ ရှိခဲ့သည်။ ယသော်ဓရာ၏ မေတ္တာနှင့်သစ္စာကို ဖော်ကျူး မကုန် နိုင်ကြောင်း သုဒ္ဓေါဒနမင်းကြီးက လျှောက်တင်ခဲ့သည်။

မြတ်စွာဘုရားရှင်က ယသော်ဓရာ၏ မပျက်မပြယ် ရှိခဲ့သော မေတ္တာနှင့် သစ္စာကို အသိအမှတ်ပြုသည်။ နုစဉ်ကာလ၊ စန္ဒကိန္နရီ မောင်နှံဘဝ မေတ္တာကို အရင်းတည်သစ္စာကြီးကြပုံကို ဟောကြား တော်မူခဲ့သည်။

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းသည် ကိန္နရီမကို ရယူလို၍ ကိန္နရာဖိုကို မြားနှင့် ပစ်ခွင်းသည်။ ကိန္နရာဖိုသည် ဒဏ်ရာရ၍ ပြင်းစွာသော ဒုက္ခဝေဒနာကို ခံစားရသည်။ ကိန္နရီမသည် သည်းထိတ်ရင်ဖိုရှိ၍ ဆောက်တည်ရာမရ ဖြစ်ရှာသည်။ ကိန္နရာ ဖို၏ရင်ဝတွင် စူးနစ်ဝင်သောမြားသည် မိမိအသည်းတွင် စိုက်ဝင် သည့်အလား ခံစားရသည်။ ကိန္နရာဖို၏ရင်ထဲက ခံစားရသော ဝေဒနာသည် မိမိရင်ထဲတွင်လည်း ထပ်တူထပ်မျှ ခံစားနေ ရသည်။ ကောင်းတူဆိုးဖက် ဝေဒနာသည် ထပ်တူပြုလျက် ရှိခဲ့ကြသည်။

ကိန္နရာဖိုသည် မြားမှန်သောဝေဒနာထက်၊ ကိန္နရီမနှင့် ခွဲခွာ နေရတော့မည်ဟူသည့် သောကဝေဒနာက ပိုကြီးမားနေသည်။ ဒုက္ခထက် သောကသည် အလေးသာနေခဲ့သည်။ စွဲလမ်းမှု အချစ် ထက် အေးမြသော သံယောဇဉ်မေတ္တာက လွှမ်းကဲစွာ ရှိကြသည်။ ထိုခဏတွင် ကိန္နရာဖိုသည် မေ့မြောခြင်းသို့ ရောက်သည်။ ကိန္နရီမ သည် ကိန္နရာဖို သေပြီထင်၍ သည်းစွာ ငိုကြွေးမိသည်။ တစ်ဖန် ကိုယ်ငွေ့ကို စမ်းကြည့်ရာ နွေးနေသေးသဖြင့် မသေသေးကြောင်း ယူဆပြန်သည်။ ဤသို့ဖြင့် နတ်တို့အား တိုင်တည်၍ သစ္စာစကား ဆိုဖြစ်သည်။ မိမိသည် အချစ်မပျက် သစ္စာမပျက် ရှိလေသပင် ဖြစ်သည်။ ဤမှန်ကန်သော သစ္စာစကားကြောင့် နတ်ကောင်း နတ်မြတ်တို့ စောင့်ရှောက်ပါစေသားဟု တိုင်တည်သည်။ သိကြားမင်းသိရှိ၍ သစ္စာရေပက်ဖျန်းပေးခြင်းဖြင့် ကိန္နရာဖို

www.burmeseclassic.com



အသက်ကို ကယ်ပေးခဲ့သည်။ ဤသို့ဖြင့် စန္ဒကိန္နရီမောင်နှံတို့ သက်ဆုံးတိုင် ချစ်ကြင်ကာ နေကြရသည်။

ဤဇာတ်တော်တွင် စန္ဒကိန္နရီမသည် ယသော်ဓရာ ဖြစ်သည်။ ကိန္နရာဖိုသည် ဘုရားရှင်ပင် ဖြစ်သည်။ ဘုရားရှင်အပေါ် နှစ်ဥကာလကပင် စန္ဒကိန္နရီသည် မဆုတ်မနစ် ချစ်ခဲ့သည်။ မပျက်ပြယ်သောအချစ် ရှိခဲ့သည်။ စိတ်နှစ်ခွ မရှိသောအချစ်မျိုး ရှိခဲ့သည်။ ယခု နောက်ဆုံးဘဝ ရောက်ရှိချိန်တွင် ပါရမီဖြည့်ဖက် အချစ်သည် နှိုင်းယှဉ်မရအပ်သည့် အချစ်မျိုးဖြစ်ကြောင်း အသိအမှတ် ပြုသည်။ ဖောက်ပြန်ခြင်း အလျှင်းမရှိ၊ ပြောင်းလဲခြင်း အလျှင်းမရှိကြောင်း ဘုရားရှင် သိတော်မူသည်။ ဘုရားရှင် သိတော်မူသည့်အတိုင်း ရာဟုလာ၏ မယ်တော်ကိုလည်း သိစေချင်သည့်ဆန္ဒ ကရုဏာတော်သည် ရှိသည်။

ဤဇာတ်တော် ဟောကြားအပြီးတွင် ယသော်ဓရာ၏ အသိသည် မှန်ကန်စွာသိမြင်သော နက်ရှိုင်းလှသည့် အသိတရားအချို့ ရရှိခဲ့သည်။ ဘုရားရှင်သည်လည်း တစ်ချိန်က မိမိကဲ့သို့ပင် သံယောဇဉ်ကြီးမားခဲ့သည်။ သို့သော် ယခုအချိန်တွင် လောကကြီး သုံးပါးကို မဟာကရုဏာတော် ဖြန့်ကျက် လွှမ်းခြုံထားပြီး ဖြစ်သည်။ ဘုရားရှင်သည် မိမိတစ်ဦးတည်းအတွက် ကိုယ်ပိုင် မဟုတ်ကြောင်း သိလာသည်။ ဘုရားရှင်၏ ကြီးမားကျယ်ပြန့်သော မေတ္တာတော်သည် အနန္တစကြာဝဠာ၊ အနန္တလူနတ်ဗြဟ္မာ သတ္တဝါအားလုံးအတွက်ပင် ဖြစ်သည်။ တစ်ဦးတည်းအတွက် မဟုတ်၊ တစ်ယောက်တည်းပိုင် မဟုတ်၊ အများနှင့်ဆိုင်သော မေတ္တာမျိုး ဖြစ်သည်။ မင်းသမီး ယသော်ဓရာ၏ အသိတရားသည် ယခင်ကထက် များစွာ တိုးတက်ရင့်ကျက်လာသည်။

◆◆◆

## အရှင်မ ဘဒ္ဒကစ္စာနာယသော်ဓရာ ထေရီရီမကြီး

ရာဟုလာသည် မယ်တော် သင်ကြားပေးခဲ့သည့်အတိုင်း ဘုရားရှင်ထံ အမွေတောင်းသည်။ ပစ္စည်းဥစ္စာနေ ရွှေကြေး အမွေ

www.burmeseclassic.com



ကား သံသရာဝဋ္ဋ်ဆင်းရဲကို ရှည်စေ လည်ပတ်စေသည်။ မကောင်းသောအမွေ ဖြစ်သည်။ သာသနာ့အမွေကား သံသရာဝဋ္ဋ်ဆင်းရဲကို တိုစေ ပြတ်စေသည်။ ကောင်းမြတ်သော အမွေပင် ဖြစ်သည်။ သို့အတွက် ဖခင်ဘုရားရှင်ပေးသော အမွေကား သာသနာ့အမွေအဖြစ် ရှင်ပြုပေးတော်မူခဲ့ခြင်းပင် ဖြစ်သည်။

ယသော်ဓရာသည် သခင်နှင့် ကွဲကွာခဲ့ရသည်။ ယခုတစ်ဖန် သားတော်နှင့်လည်း ကွဲကွာခဲ့ရပြန်သည်။ မောင်တော် စွန့်ခွာခဲ့စဉ်က ဒုက္ခဝေဒနာနှင့် သောကဝေဒနာ ခံစားခဲ့ရသည်။ သားတော် စွန့်ခွာခဲ့ပြန်ရာ ဒုက္ခနှင့် သောကဝေဒနာမှာ ဆိုဖွယ်ရာ မရှိတော့ပြီ။ စွန့်ခွာသူတို့ဘက်က ပြတ်သားသည်။ တွေဝေမှုမဖြစ်။ စွန့်ခွာခြင်းခံရသူတို့ဘက်က မပြတ်မသား၊ တွေဝေမှု ဖြစ်နေသည်။ မတွယ်တာသူက သမုဒယကို ဖြတ်သည်။ တွယ်တာသူက သမုဒယ နှောင်ကြိုးချည်သည်။

သမုဒယကင်းသူက အတိတ်ကို မထား။ အတိတ်က ပြီးခဲ့ပြီ။ ပစ္စုပ္ပန်မှာ ဇေတဝန်ကျောင်းတော်တွင် အရှင်သူမြတ်များ အဖြစ် ရောက်ရှိနေကြသည်။ အနာဂတ်မှာ နိဗ္ဗာန်သို့ ကူးမြန်းကြမည် ဖြစ်သည်။ လွတ်မြောက်ရာ၊ အေးချမ်းရာသို့ ကူးမြန်းမည်သာ ဖြစ်၏။ ပူပန်မှုငြိမ်းအေးမည်၊ သောက ပရိဒေဝ ကင်းမည်။ စိတ်ကြည်လင်သန့်ရှင်းမည်။ လွမ်းစရာ၊ ဆွေးစရာ မရှိ။ ပကတိ အေးငြိမ်းမှု ရရှိသည်။

သမုဒယမကင်းသူက အတိတ်ကို ဆုပ်ကိုင်ထားမည်။ မမေ့မပျောက်နိုင်ကြ။ ပစ္စုပ္ပန်၌ မတည်ငြိမ်မှုကို မလိုလား။ လွမ်းစရာ ဆွေးစရာအပြည့်။ ပူပန်မှုသောက ရှိမည်။ စိတ်ကြည်လင်မှု မရရှိ။ ပကတိအေးငြိမ်းမှု ကွယ်ပျောက်နေမည်သာ ဖြစ်သည်။ ဤသို့ပင် ယသော်ဓရာ ခံစားနေရသည်။ ခံစားမှုအထွတ်အထိပ်သို့ ရောက်နေသည်။

ခံစားမှုဝေဒနာများစွာနှင့် ယသော်ဓရာသည် ကုစားနိုင်ဖို့ရာ ဇေတဝန်ကျောင်းတော်သို့ သွားရန်သာရှိတော့သည်။ ကျောင်းတော်တွင် ဘုရားရှင် ရှိသည်။ သာမဏေရာဟုလာ ရှိသည်။ မယ်တော်

www.burmeseclassic.com

www.burmeseclassic.com



ကြီး ဂေါတမီထေရ်ရီမကြီး ရှိသည်။ ခြောက်ကပ်ပျင်းရိဖွယ် ကောင်းသော ကပိလဝတ်ထက်စာလျှင် ကျောင်းတော်သည် စိုပြေ ပျော်ရွှင်ဖွယ်ဟု ယူဆနိုင်သည်။ ဤသို့ဖြင့် ယသော်ဓရာသည် ဇေတဝန်ကျောင်းတော်သို့ ရည်ရွယ်ချက် ကြီးကြီးမားမား မရှိဘဲ ရောက်ရှိလာရသည်။

မဟာပဇာပတိ ဂေါတမီထေရ်ရီမကြီးထံတွင် ယသော်ဓရာ သည် ရဟန်းမ ဖြစ်လာသည်။ မကြာမီကာလအတွင်း ပါရမီ ဓာတ်ခံကြောင့် တရားပြီးစီး ပေါက်မြောက်သည်။ အရှင်မ ဘဒ္ဒကစ္စနာယသော်ဓရာ ရဟန္တာထေရ်ရီမကြီးအဖြစ်သို့ ရောက်ရှိ သည်။ အဘိညာဉ်တန်ခိုးအရာတွင် အမြင့်ဆုံးဘွဲ့ဖြစ်သည့် မဟာ အဘိညာပတ္တဘွဲ့ထူး ချီးမြှင့်ခံရသည်။

ဘဒ္ဒကစ္စနာယသော်ဓရာထေရ်ရီမသည် ဇေတဝန်ကျောင်းသို့ သွားရာတွင် ပထမ ဘာရည်ရွယ်ချက်မှမရှိ၊ ငါ့သခင်၊ ငါ့သား၊ ငါ့မောင်၊ ငါ့ဆွေမျိုးမကင်းသူများ ရှိသည်။ ထိုသူတို့ကို တွေ့မြင် ရမည်။ ဤမျှလောက်သာ ရည်ရွယ်သည်။ သို့ရာတွင် ပါရမီ ဓာတ်ခံရှိခဲ့သဖြင့် ဒုက္ခသစ္စာကို ဆိုက်ဆိုက်မြိုက်မြိုက် တွေ့ခဲ့ ရသည်။ မျက်ဝါးထင်ထင် မြင်ခဲ့ရသည်။ သမုဒယသစ္စာကို တိတိရိရိ ဖြတ်တောက်နိုင်ခဲ့သည်။ ရဲရဲဝံ့ဝံ့ ပြတ်သားစွာ စွန့်နိုင် ခဲ့သည်။ ငါဆိုသော ပိုင်ဆိုင်မှုသည် မရှိ၊ ပညတ်သာ ဖြစ်၍ ပရမတ် မဟုတ်။ ငါဆိုတာ မရှိလျှင်၊ ငါ့သား၊ ငါ့ယောက်ျား သည်လည်း မရှိတော့။ ဤသို့ ရှင်းရှင်းလင်းလင်း သိလာသော အခါ သံသရာတစ်ဖက်ကမ်းသို့ လွတ်မြောက်သွားတော့သည်။ ပကတိ အေးငြိမ်းမှု ရရှိသွားတော့သည်။

သုဒ္ဓေါဒနမင်းကြီး၊ မဟာပဇာပတိ ဂေါတမီတို့ အေးငြိမ်းရာ နိဗ္ဗာန်သို့ ကြွမြန်းကြပြီ ဖြစ်သည်။ ရှစ်နှစ်သား သာမဏေ ရာဟုလာသည်လည်း အသက်ငါးဆယ်အရွယ် မထေရ်မြတ်ကြီး ဘဝ ရောက်ရှိလာသည်။ ဘဒ္ဒကစ္စနာယသော်ဓရာထေရ်ရီကြီး သက်တော် ခုနစ်ဆယ့်ရှစ်နှစ်၊ အိုမင်းမစွမ်းအရွယ် ရောက်ရှိလာ သည်။ သတ္တဝါအားလုံးကိုလည်း သားတော် ရာဟုလာနှင့်မခြား

www.burmeseclassic.com

www.burmeseclassic.com



မေတ္တာတော်ကို ထားရှိဖြန့်ကျက်လာနိုင်သည်။ ဘဝတူ ထေရ်ရီမကြီးများလည်း အေးငြိမ်းရာ နိဗ္ဗာန်ကို ကြွမြန်းသွားကုန်ပြီ ဖြစ်သည်။ ထို့အတူ ဘဒ္ဒကစ္စာနာ ယသော်ဓရာထေရ်ရီမကြီးလည်း နိဗ္ဗာန်သို့ ကြွမြန်းရန် အချိန်နီးကပ်လာပြီ ဖြစ်သည်။

သို့အတွက် နောက်ဆုံးအချိန်အဖြစ် မြတ်စွာဘုရားရှင်အား ပန်ကြားလျှောက်ထားခဲ့ပါသည်။ "ဝေနေယျသတ္တဝါအပေါင်းတို့၏ ဆရာသခင်၊ မြတ်စွာဘုရား တပည့်တော်မအရွယ်သည် ကြီးရင့်ခဲ့ပါပြီ။ ခန္ဓာကို စွန့်ခွာရန် အချိန်လည်း နီးကပ်လာပြီ ဖြစ်သည်။ ယနေ့ညပင် နိဗ္ဗာန်သို့ ကူးရပါတော့မည်။ ဒီပင်္ကရာ မြတ်စွာဘုရားသည် တပည့်တော်မအား ဗျာဒိတ်စကား မိန့်ကြားတော်မူခဲ့သည်။ ထိုဗျာဒိတ်စကားကို ဝမ်းမြောက်ဝမ်းသာ ခံယူလျက် ဗျာဒိတ်စကားနှင့်အညီ ပြုကျင့်ခဲ့ပါသည်။ အတိတ်ကာလလေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းဘဝတွင် ပါရမီဖြည့်ဖက်အနေဖြင့် ချွတ်ချော်မှု ရှိခဲ့သော် သည်းခံခွင့်လွှတ်စေလိုတော်မူပါသည်။ စွန့်ခြင်းကြီးငါးပါးတွင် အလောင်းတော် ဝေဿန္တရာမင်းကြီးသည် မဒ္ဒီဒေဝီမိဖုရားကို စွန့်လှူတော်မူခဲ့ပါသည်။ မဒ္ဒီမိဖုရား ဘဝအထိ၊ ဘရိယ ပရိစ္စာဂ၊ မယားကို စွန့်လှူမှုတွင် ပါရမီဖြည့်ဖက် ဇနီးမယား ဖြစ်သူကို သူတစ်ပါးမယားအဖြစ် အကြိမ်ပေါင်းတစ်သိန်း စွန့်လှူတော်မူခဲ့ပါသည်။ တပည့်တော်မ၏ ဂုဏ်ကျေးဇူးကို စန္ဒကိန္နရီ ဇာတ်တော်ဖြင့် ညွှန်ပြတော်မူခဲ့ပါသည်။ အကြင်မိန်းမသည် ကျေးဇူးပြုတတ်သည်။ ချမ်းသာဆင်းရဲတို့၌ တူမျှစွာ ခံစားသည်။ အကြင်မိန်းမသည် အစဉ်လည်း စောင့်ရှောက်တတ်သည်။ အကျိုးစီးပွားကိုလည်း ပြောကြားလေ့ရှိသည်။ ထိုမိန်းမဂုဏ်ကို ဘုရားရှင် ညွှန်ပြပေးတော်မူခဲ့သည်"။

"တစ်ဖန် တပည့်တော်မသည် အိမ်ရာမထောင်တော့ဘဲ ရဟန်းဘောင်သို့ ဝင်ရောက်ခဲ့ပါသည်။ လခွဲကာလအတွင်း သစ္စာလေးပါးကို ထိုးထွင်းသိမြင်သော အရဟတ္တမဂ်ဉာဏ်သို့ ဆိုက်ရောက်ခဲ့ပါသည်။ ဘုရားရှင်၏ ကျေးဇူးတော်ကြောင့် အကြောင်းလေးပါးတို့ ပြည့်ပြည့်စုံစုံ ရင်ခြင်းကင်းရာ နိဗ္ဗာန်သို့ ရောက်ရပါသည်။

www.burmeseclassic.com

www.burmeseclassic.com



တပည့်တော်မသည် အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ် အလုံးစုံသော ကံသည် ကုန်ပြီ ဖြစ်ပါသည်။ တပည့်တော်မသည် သွားသင့် သွားအပ် ရောက်သင့်ရောက်အပ်ရာ နိဗ္ဗာန်သို့ ဘုရားရှင်ထက် ဦးစွာအရင် သွားရောက်ရပါတော့မည်။ ဘုရားရှင်၏ ခြေတော်အစုံကို ဦးတိုက်၍ ရှိခိုးပူဇော်ခဲ့ပါသည်။ ခွင့်လွှတ်တော်မူပါရန်နှင့် ခွင့်ပြုတော်မူပါရန် ဖြစ်ပါသည်ဟု" ပန်ကြားလျှောက်ထားခဲ့ပါသည်။

ဘုရားရှင်မှ ပရိသတ်၏ ယုံမှားသံသယဖြစ်မှုကို ဖြတ်ဦးလော့ဟု ဆိုသည်။ တန်ခိုးတော်ကိုလည်း ပြရန် မိန့်ကြားခဲ့သည်။ သံယောဇဉ်အတွယ်အတာ ကြီးလွန်းသူ ယသော်ဓရာသည် သမုဒယများကို ဖြတ်တောက်ခဲ့ပြီ။ ငိုကြွေးပူဆွေးမှုများကို အမှန်တကယ် စွန့်ခဲ့နိုင်ပြီ။ သံသရာမှ အမှန် လွတ်မြောက်သွားပြီ ဖြစ်သည်ကို ဘုရားရှင်က ပြသစေလိုခြင်း ဖြစ်သည်။

ဘဒ္ဒကစ္စနာထေရ်ရီမကြီးသည် ပရိသတ်အတွက် ယုံမှားသံသယကင်းစေရန် သနားကြင်နာသောစိတ်ထားဖြင့် အမျိုးမျိုး တန်ခိုး၊ စွမ်းပကားတော်တို့ကို ပြတော်မူခဲ့သည်။ ထိုခဏတွင် ပရိသတ်၏ စိတ်အစဉ်၌ ယုံမှားသံသယတို့သည် ပျောက်လွင့်ကုန်သည်။ ကုသိုလ်စိတ်၊ ကြည်ညိုစိတ်တို့ တိုးပွားကုန်သည်။ တန်ခိုးပြမှုဖြင့် ပရိသတ်တို့၏ စိတ်အစဉ်ကို ရှင်းလင်းကြည်လင်စေခဲ့ပါသည်။ ဝမ်းမြောက်ဝမ်းသာ စိတ်ချမ်းသာမှုကို ပေးစွမ်းနိုင်ခဲ့ပါတော့သည်။

"ဘဒ္ဒကစ္စနာ၊ ထေရ်ရီမမှာ
ပိတ်တွယ်မှောင်ကာ၊ အဝိဇ္ဇာနှင့်
တဏှာမူလ၊ ဖြတ်ခဲ့ကြကာ
ဘဝညာဆန်၊ ပြည်နိဗ္ဗာန်ကို
ကောန်ထုတ်ချောက်၊ အပြီးရောက်ပြီ"

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com



## ယသော်ဓရော စေဒီရှိမကြီးကောက်ကြောင်း

ဖော်ပြပြီးခဲ့သည့်အတိုင်း ယသော်ဓရာ ကန်တော့ခန်းနှင့် သားတော် ရာဟုလာ အမွေတောင်းခန်းသည် ကျိုက်မရောဘုရားကြီးနှင့် ဟပ်စပ်လျက် ရှိနေသည်။ မွန်တိုင်းဌာနီသို့ ခရစ်သက္ကရာဇ် (၄၀၃) ခုနှစ်တွင် ပိဋကသုံးပုံ ရောက်ရှိလာပြီး၊ ဗုဒ္ဓသာသနာ တည်တံ့ခိုင်မြဲလာခဲ့သည်။ မွန်တို့ ထိုအချိန်မှစ၍ စာပေအက္ခရာများ စတင်ရေးသားလာနိုင်ခဲ့သည်။ မွန်ဘုရင်မ ရှင်စောပုသည် ကောဇာသက္ကရာဇ် (၈၁၇)၊ ခရစ်သက္ကရာဇ် (၁၄၅၅) ခုတွင် ကျိုက်မရော ဘုရားကြီးကို ပြုပြင်မွမ်းမံ တည်ဆောက်ခဲ့သည်။ ပိဋကသုံးပုံ ရောက်ရှိချိန်နှင့် ဘုရင်မရှင်စောပုဘုရားကြီး ပြုပြင်ချိန်မှာ နှစ်ပေါင်း ၁၀၅၂-ခုနှစ် ကွာခြားနေခဲ့သည်။

သမိုင်းဖြစ်ရပ်များတွင် ကျောက်ထက်အက္ခရာ တင်ထားနိုင်မှ အထောက်အထားနှင့်တကွ ကောက်ချက်ဆွဲနိုင်မည် ဖြစ်သည်။ ကျိုက်မရောဘုရားကြီး စတင်တည်ခဲ့စဉ်က ကျောက်ထက် အက္ခရာ မတင်နိုင်ခဲ့ခြင်းမှာ ကျောက်ထက် အက္ခရာတင်နိုင်သူ မရှိ၍လည်း ဖြစ်နိုင်သည်။ မြို့ပြများနှင့် ဝေးကွာ၍လည်း ဖြစ်နိုင်သည်။ ကျောက်စာရှိခဲ့လျှင်လည်း ရှေးခေတ် အယူအဆအရ စေတီ ဌာပနာထည့်သွင်းပူဇော်ခြင်းဖြင့် ပျောက်ကွယ်သွားနိုင်ပါသည်။ ဤသို့ဖြင့် ကျိုက်မရောဘုရားကြီးကို မည်သည့်ခုနှစ်တွင် စတင် တည်ထားသည်ကို ကောက်ချက် မဆွဲနိုင်ခဲ့ခြင်း ဖြစ်ပါသည်။ ရှေးဟောင်းဘုရား ဖြစ်သည်ကိုကား ကောက်ချက်ဆွဲနိုင်ပါသည်။

သုဝဏ္ဏဘူမိ (သထုံ)သို့ ပိဋကစာပေများ ရောက်ရှိလာသည်ဟု သမိုင်းကောက်ကြောင်းမှာ ကျောက်စာအရ မဟုတ်ပါ။ ဗုဒ္ဓဝင်စာပေကျမ်းဂန်များအရသာ ဖြစ်ပါသည်။ သထုံခေတ်တွင် ကျောက်စာအထောက်အထားများ ဖော်ထုတ်မရခဲ့ပါ။ ကျိုက်မရော ဘုရားကြီးသည် သထုံခေတ် ပတ်ဝန်းကျင်ခန့်တွင် တည်ထား ကိုးကွယ်ခဲ့ကြောင်းသာ ခန့်မှန်းကြပါသည်။

www.burmeseclassic.com

www.burmeseclassic.com



မည်သို့ပင် ဆိုစေကာမူ ယသော်ရာကန်တော့ခန်းနှင့် ရာဟုလာ အမွေတောင်းခန်းအရ ကျိုက်မရောဘုရားကြီးအား တည်ထား ကိုးကွယ်ခဲ့ကြောင်းမှာမူ ထင်ရှားလှသည်။ သို့အတွက် အတည်ပြုပေးရန်သာ လိုအပ်ပါမည်။

ယသော်ဓရာသည် မိန်းမသားများအတွက် အတုယူဖွယ်၊ ဂုဏ်ယူဖွယ် မိန်းမမြတ်တစ်ဦး ဖြစ်သည်။ မိန်းမမြတ်တစ်ဦးသည် သစ္စာနှင့် မေတ္တာကြီးမားသည်။ သားကို သခင်၊ လင်ကို ဘုရား အဖြစ် သဘောထားသည်။ ယသော်ဓရာသည် ဤသို့ သဘောထားနိုင်ခဲ့သည်။ သဘောထားခဲ့သည့်အတိုင်းလည်း သားတော်မှာ သခင်ကဲ့သို့ မထေရ်မြတ်ကြီး တစ်ပါးဖြစ်ခဲ့သည်။ မောင်တော် သိဒ္ဓတ္ထမင်းသားမှာ အမှန်တကယ် ဂေါတမဘုရားရှင် ဖြစ်ခဲ့သည်။ ယသော်ဓရာအတွက် မိန်းမမြတ်တစ်ဦး၏ သဘောထားသည် ပြည့်စုံခဲ့သည်။ ယသော်ဓရာ ကိုယ်စားပြု ဘုရားကြီးရှိသော ကျိုက်မရောမြို့သူများအတွက် အဓိက ဂုဏ်ယူဖွယ် ဖြစ်ခဲ့သည်။

ယသော်ဓရာသည် သစ္စာ၊ မေတ္တာ သံယောဇဉ် ကြီးမားလှသူ ဖြစ်သည်။ သမုဒယကြောင့် ဒုက္ခရောက်ရသည်။ ဥပါဒါန်ကြောင့် ဥပဒ်ရောက်ရသည်။ ကိလေသာကြောင့် ဒုက္ခပင်လယ် ဝေခဲ့ရသည်။ အစွဲအလမ်းကြောင့် မီးတွယ်ရာ မှဲ့ခဲ့ရသည်။ သို့သော် ငြားလည်း တရားဘာဝနာ ပွားများ၍ မထေရ်မကြီး ဖြစ်ခဲ့ရသည်။ ရဟန္တာမကြီး ဖြစ်ခဲ့ရသည်။

ယသော်ဓရာသည် ဒုက္ခသစ္စာကို ဆိုက်ဆိုက်မြိုက်မြိုက် တွေ့ခဲ့ရသည်။ ဒုက္ခသစ္စာ၏ အကြောင်းရင်း၊ သမုဒယသစ္စာကို သိ၍ တိတိရိရိ ဖြတ်တောက်နိုင်ခဲ့သည်။ အတား (၅) ပါးကို ကျော်ဖြတ်နိုင်ခဲ့ပြီး အား (၅) ပါးနှင့် နိဗ္ဗာန်သို့ ဆိုက်ရောက်ခဲ့သည်။

ယောက်ျားမြတ်၊ မိန်းမမြတ်တို့သည်လည်း ယသော်ဓရာကို နမူနာထားပြီး သံဝေဂတရားအဖြစ် ယူကြရမည်။ ဝါရမိတော်ခံ

www.burmeseclassic.com

www.burmeseclassic.com



ရှိသူသည် သမ္မဒယသစ္စာကို ပိုင်ပိုင်နိုင်နိုင် ဖြတ်ပြီး နိရောဓသစ္စာကို ဆိုက်နိုင်ပါသည်။

ဖြစ်ပျက်ပြုပြင်လောကတွင် သင်္ခါရတရားသည် ပြည့်နှက်နေသည်။ ယသော်ဓရာသည် ပညတ်ထားသော သင်္ခါရကို ထာဝရဟု စွဲမှတ်ယူခဲ့သည်။ သင်္ခါရကို မရှင်းခဲ့သဖြင့် စိုးရိမ်ပူဆွေးမှုသည် အရိပ်လို ကပ်ပါလာသည်။ ပူလောင်မှုသောကကို ရင်ဝယ်ပိုက်မိခဲ့သည်။ မသိမှု အဝိဇ္ဇာကြောင့်ပင် ဖြစ်သည်။ မသိမှုကြောင့် ပြုပြင်ခံခဲ့ရသည်။ ပြုပြင်ခံခဲ့ရခြင်းကြောင့် တဏှာကို စွဲလမ်းမှု ဖြစ်ခဲ့ရသည်။ ဤသို့ဖြစ်လျှင် သံသရာတစ်ပတ်လည်တော့သည်။ သင်္ခါရတရားသဘောကို ယူတတ်ရမည်။ ပြုပြင်မှု မခံရအောင် ပင်ကိုအသိစာတ်ခံ ရှိရမည်။ တရားအားထုတ်ပွားများမှုမှ ပင်ကိုဓာတ်ခံ အသိတိုးပွားစည်ပင်လာအောင် ကြိုးစားပေးရမည်။ ဤမှသည် တစ်မဂ်တစ်ဖိုလ်သို့ တက်လှမ်းသွားရမည် ဖြစ်သည်။

ကျိုက်မရောဘုရားကြီးသည် ကျိုက်မရောမြို့သူများအတွက် များစွာ ကိုယ်စားပြု ဖော်ကျူးမှုများ ရှိခဲ့သည်။ အတုယူဖွယ် ဂုဏ်ယူဖွယ်လည်း များစွာ ရှိနေသည်။ ထူးခြားသော ကျိုက်မရော မြို့သူများ၏ ဘဝသည် ယသော်ဓရာ၏ သင်္ခါရသံဝေဂတရားမှ အမြတ်ထုတ်နိုင်သည်။ ယသော်ဓရာသည် နမူနာကောင်းအဖြစ် ကျိုက်မရောမြို့သူများအတွက် ရပ်တည်ခဲ့သည်။ သားအတွက်၊ လင်အတွက် တစ်မျိုးတစ်ဖုံ ပြသခဲ့သည်။ ဗုဒ္ဓသာသနာအတွက် သမုဒယ သစ္စာဖြတ်တတ်လျှင် နိရောဓ ဆိုက်ပုံပြသခဲ့သည်။ သစ္စာကို အရင်းတည်၍ မေတ္တာတရား ကြီးမားပုံကိုလည်း ပြသခဲ့သည်။ မေတ္တာသည် အသွားအပြန် ရှိပြီး ရှေးခင်ပြန်ဟပ်ကြောင်းလည်း ပြသနိုင်ခဲ့သည်။ ဘုရားရှင်သည် ယသော်ဓရာ၏ သစ္စာနှင့် မေတ္တာထားရှိမှုအတွက် အသိအမှတ် ပြုပေးခဲ့သည်။ ဝေဿန္တရာဇာတ်တော်နှင့် စန္ဒကိန္နရီဇာတ်သည် ယသော်ဓရာ မေတ္တာနှင့် သစ္စာကို ဖော်ကျူး ဂုဏ်ပြုပေးခြင်းပင် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သစ္စာနှင့် မေတ္တာထားတတ်လျှင် ပြန်လည်၍ အသိအမှတ်ပြု အကျိုးကျေးဇူး ခံစားရတတ်ကြောင်း သာဓကကောင်း ပြခဲ့သည်။

အလောင်းတော် သိဒ္ဓတ္ထမင်းသားနှင့် ယသော်ဓရာမင်းသမီး တို့သည် သစ္စာနှင့် ဝီရိယ အကျိုးကြီးမားပုံ ပြသခဲ့သည်။ စိတ်ဆန္ဒသာ အဓိကဖြစ်ကြောင်း ပြသခဲ့သည်။ ဆန္ဒာဓိက ရှိလျှင် ဘုရားရှင် ဖြစ်မည်။ ရဟန္တာ၊ အနာဂမ်၊ သကဒါဂမ်၊ သောတာပန် တည်မည်ဖြစ်ကြောင်း ပြသခဲ့သည်။ တစ်မဂ်တစ်ဖိုလ်ရနိုင်ကြောင်း ပြသခဲ့သည်။ စံပြနမူနာကောင်းအဖြစ် ရပ်တည်ခဲ့ကြသည်။ ပြသတော်မူခဲ့ကြသည်။

ထို့အတူ ကျိုက်မရော မြို့သူမြို့သားများနှင့် ကျိုက်မရော ဘုရားကြီး ဖူးမြော်သူ ပြည်သူများသည် စံနမူနာကောင်း ရရှိကြပါမည်။ စံနမူနာကောင်းမှသည် ဘဝကူးကောင်းရေး ကြိုးစားရပါမည်။ ဘဝကူးကောင်းရေးအတွက် ကိုယ့်ကိုယ်ကိုသာ ကျွန်းထောက်သဖွယ် အားကိုးပြုရင်း ဘဝနာပွားများ တည်ဆောက်ကြရမည် ဖြစ်ပါသည်။

❖❖❖

## ဘုရားကြီးသမိုင်းအကျဉ်း (ယခင်ဖော်ပြချက်)

သက္ကရာဇ် ၇၅၅ တွင် ဟံသာဝတီ (ပဲခူး) ဘုရင်မင်းမြတ်ကြီး ရာဇဓိရာဇ်နှင့် မိဖုရား သုဒ္ဓမာယာတို့မှ သမီးတော် ရှင်စောပုကို မွေးဖွားခဲ့သည်။

သက္ကရာဇ် ၈၁၄ တွင် ဆင်ဖြူရှင် ဗညားထောဘွဲ့ဖြင့် ဘုရင်မကြီးအဖြစ် ဟံသာဝတီ (ပဲခူး)ကို အုပ်ချုပ်စိုးစံခဲ့သည်။ သက်တော် (၅၉) နှစ်ခန့်တွင်၊ ရာမညတိုင်း၊ မွန်ပိုင်သုံးရပ် (ပုသိမ်၊ ဟံသာဝတီ၊ မုတ္တမ)ကို စုစည်းတည်ထောင်နိုင်ခဲ့သည်။ စည်းရုံးရေးအရ မုတ္တမဘက်သို့ တိုင်းခန်းလှည့်လည်ခဲ့သည်။

သက္ကရာဇ် ၈၁၇ တွင် ကျိုက်မရောမြို့သို့ ကြွရောက်လာသည်။ ခြေတွဲလောင်းချ လက်ဘေးထောက်ထိုင်တော်မူ ဗုဒ္ဓရုပ်ပွားတော်ကို အလွန်ကြည်ညိုတော်မူပြီး မှူးမတ်တို့အား မူလ ဗုဒ္ဓ

www.burmeseclassic.com



ရုပ်ပွားတော်ကို ပြန်လည်မွမ်းမံ တည်ဆောက်ရန် မိန့်တော်မူသည်။ မူလဗုဒ္ဓရုပ်ပွားတော်သည် ကြည်ညိုဖွယ်ကောင်းပြီး မည်သည့်နှစ်တွင် ထုလုပ်ပူဇော်ခဲ့သည်ဟု မခန့်မှန်းနိုင်ခဲ့ကြောင်း တွေ့ရသည်။ မွန်ဘုရင်မ ရှင်စောပုသည် မွန်လူမျိုး ဗိသုကာ အကျော်အမော်တို့အား ခေါ်ယူ၍ စီမံဆောင်ရွက်စေသည်။

ဘုရင်မကြီးသည် ဆင်းတုတော် စတည်သည့်မှစ၍ ကိုးပါးသီလကို (၉) ရက်တိတိ စောင့်ထိန်းခဲ့သည်။ သံဃာ (၉)ပါးစီ အထပ်ထပ်ရုံပြီး သံဃာတော် (၁၀၈) ပါး ဝိုင်းရံလျက်၊ မွန်ကျောက်စာကို (၉) ခေါက်တိတိ ရွတ်ဖတ်တော်မူသည်။ သံဃာတော် (၁၀၈) ပါးကို (၉) ရက်တိုင်တိုင် ဆွမ်းဆက်ကပ်၍ လှူတော်မူသည်။ ရတနာ (၉) ပါး စီခြယ်ထားသော ဆင်းတုတော် (၉) ဆူကို ဌာပနာခဲ့သည်။ ဘုရားပွဲတော်ကိုလည်း (၉) ရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပတော်မူခဲ့သည်။ နဝင်းကျေ စီမံတော်မူခဲ့ကြောင်း တွေ့ရသည်။ ဆင်းတုတော် တည်ထားပြီးနောက် ဘုရင်မနေပြည်တော်ကြီး ထောင့်တင်း ခိုင်မာ တိုးတက်စေရန် အဓိဋ္ဌာန်ပြု ဆုတောင်းခဲ့သည်။ ဘုရင်မကြီး၏ ဆုတောင်းဆန္ဒ ပြည့်ဝခဲ့သောကြောင့် (ဆုတောင်းပြည့်ဘုရားကြီး) ဟု အမည်တွင်လာသည်။

ခြေတွဲလျားချ လက်ဘေးထောက် ထိုင်တော်မူပုံနှင့် တစ်ထေရာတည်းတူသော ဆင်းတုများ ကမ္ဘာပေါ်တွင် မတွေ့ဖူးသေးကြောင်း သိရသည်။ ဗုဒ္ဓဘုရားအဖြစ်ကို အောင်မြင်တော်မူပြီး မင်းသားဘဝ မိမိစံရာ နန်းတော်သို့ ဒေသစာရီ ကြွချီတော်မူခဲ့သည်။ နန်းတော်တွင် ခြေတွဲလျားချ၊ လက်ဘေးထောက် ခေတ္တထိုင်တော်မူပြီး သားတော်ရာဟုလာကို အမွေပေးစဉ် ပုံတော်ဟန်ရှိကြောင်း ခန့်မှန်းကြပါသည်။

ဆင်းတုတော် ဘေးနှစ်ဖက်တွင် လက်ယာရံ ရှင်သာရိပုတ္တရာနှင့် လက်ဝဲရံ ရှင်မောဂ္ဂလာန် ရှိကြသည်။ နောက်နားတွင် ညီတော် အာနန္ဒာခစားနေသည့် ပုံတော်ဟန် ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



ရှင်စောပုဘုရင် မပြုပြင်စဉ်က ဘုရား၏ တန်ဆောင်းကို အနန်းသားတိုင်ဖြင့် ပြုလုပ်ထားပါသည်။ ဘုရားကြီးကို တည်ထားစဉ်က သစ်သားရုပ်ထုတော်ဖြင့် တည်ထားခဲ့သည်။

သက္ကရာဇ် (၁၂၆၀) ခုနှစ်တွင် ဆရာတော် ဦးကေတုမာလာက ဘုရားတန်ဆောင်းကို ပြုပြင်ခဲ့သည်။ သစ်သားတိုင်ကို အုတ်တိုင်ဖြင့် လဲလှယ်ခဲ့သည်။ နံရံကို မှန်စီရွှေချပြီး အခင်းကို ကြွေပြားဖြင့် ပြုပြင်ခဲ့သည်။ ဘုရားကြီးကို သစ်သားရုပ်ထုတော်ကို ငုံလျက် အုတ်ဖြင့် မူလပုံစံအတိုင်း ပြုပြင်ခဲ့ကြောင်း သိရသည်။

ဆရာတော် ဦးကေတုမာလာ ပျံလွန်တော်မူပြီးနောက် သက္ကရာဇ် (၁၂၉၉) ခုနှစ်တွင် ဆရာတော် ဦးအဂ္ဂဒိပ္ပ၊ ဦးခေမာ တိုက်အုပ်ဆရာတော် ဦးအဂ္ဂသာမိ စသည့် ဆရာတော်များက ဘုရားကြီးအတွင်း၌ရှိ တန်ဆောင်းများကို မှန်စီရွှေချ ပြုပြင်ခဲ့ကြသည်။ သက္ကရာဇ် (၁၃၁၈) ခုနှစ်တွင် ဆရာတော် ဦးခေမာက အပြင်တန်ဆောင်းပတ်လည်ကို စတင်ပြုလုပ်ခဲ့ကြောင်းသိရသည်။ (၃၅) ပေပတ်လည် ဖြစ်သည်။ ဗုဒ္ဓဝင်နှင့် ပတ်သက်သော ပန်းချီကားချပ်များ ချိတ်ဆွဲထားသည်။ ဘုရင်မ ရှင်စောပုဘုရားကြီး ပြုပြင်ခဲ့သော ပန်းချီကားပုံတော်များလည်း ပါဝင်သည်။

မြန်မာသက္ကရာဇ် (၁၃၆၅/၁၃၆၆) ခုနှစ်၊ ခရစ်သက္ကရာဇ် (၂၀၀၃-ဇန်နဝါရီ ၁၆) မှ (၂၀၀၄-မတ် ၅) အထိ ဘုရားကြီးကို ပိုမိုပြည့်စုံ သပ္ပာယ်လာစေရန် ဘက်စုံပြုပြင်မွမ်းမံ တည်ဆောက်ခြင်းများ ဆောင်ရွက်ခဲ့သည်။

❖ ❖ ❖

## ဟံသာဝတီ (ပဲခူး) ရှင်စောပု၏ မွန်ဘာသာ ကျောက်စာ (မြန်မာပြန်)

သက္ကရာဇ် (၈၁၇) ခုနှစ်၊ ဝါဆိုလပြည့်နေ့၊ သောကြာနေ့တွင် ဆင်ဖြူရှင် ဗညားထော အမည်ရှိသော ဧကရီဘုရင်သည် ကျိုက်မရောမြို့ရှိ ဘုရားကြီး၏ ခြေတော်ရင်းဝယ် သံဃာတော် အရှင်မြတ်များ၏အရှေ့၌ ကန့်သတ်ပိုင်းခြားပြီးလျှင် ဒါနမျိုးစေ့

www.burmeseclassic.com

www.burmeseclassic.com



များကို စိုက်ပျိုးတော်မူသည်။ (တွေ့ဘအဲမှောင်) မြင့်မောက်သော ကုန်းမြေ၏ ပတ်ဝန်းကျင်အရပ်၌ ပေါပေါက် ဖြစ်ထွန်းသော ဘဏ္ဍာများကိုလည်းကောင်း၊ ဥစ္စာပစ္စည်း ရတနာများကို လည်းကောင်း၊ အလုံးစုံသော မြက်ပင်တို့ကိုလည်းကောင်း၊ အစွမ်းကုန်သော စေတနာသဒ္ဓါတရား ဖြစ်ပေါ်လာရခြင်းဖြင့် ကျိုက်မရော ဘုရားကြီးအား လှူဒါန်းတော်မူသည်။ ယောကျ်ားသော် လည်းကောင်း၊ မိန်းမသော် လည်းကောင်း၊ ငါ၏အလှူကို ချီးမြှောက်ထောက်ပံ့မှုကား ကြီးစွာသော လောကီစည်းစိမ်၊ လောကုတ္တရာစည်းစိမ်တို့ကို ခံစား၊ စံစား စေကုန်သတည်း။ လောကီစည်းစိမ်ဟူသည်ကား သူဌေးကြီး လေးဦးဟု ဆိုအပ်သော ဇောတိက၊ ဇဋိလ၊ မေဏ္ဍက မောင်ပုဏ္ဏာ သူဌေးကြီးများကဲ့သို့ ဖြစ်စေသတည်း။ အကယ်၍ နတ်ဖြစ်မူကား စတုမဟာရာဇ်နတ်မင်း၊ သိကြားမင်း၊ ယာမနတ်မင်း၊ တုသိတာနတ်မင်း၊ နိမ္မာနရတိနတ်မင်း၊ ပရနိမ္မိတ၊ ဝသဝတ္တီ နတ်မင်းကဲ့သို့ ဖြစ်စေသတည်း။ လောကုတ္တရာစည်းစိမ် ဟူတုံသော်ကား ဘုရားအဖြစ်သည် လည်းကောင်း၊ ပစ္စေကဗုဒ္ဓအဖြစ်သည်လည်းကောင်း၊ တပည့်သာဝက အပေါင်းတို့ထက် မြတ်သောတပည့်သာဝကသည် လည်းကောင်း၊ ဖြစ်စေသတည်း။ ယောကျ်ားသော်လည်းကောင်း၊ မိန်းမသော် လည်းကောင်း ငါ၏ အလှူကို ဖျက်ဆီးမှု အပါယ်လေးပါးတည်း ဟူသော ငရဲ၊ ပြိတ္တာ၊ တိရစ္ဆာန်၊ အသူရကာယ်တို့၌ ဖြစ်စေကုန်သတည်း။ ငရဲကြီးရှစ်ထပ်ကား သိဉ္စိုင်း၊ ကာဠသုတ်၊ သင်္ဃာတ၊ ရောရုဝ၊ မဟာရောရုဝ၊ တာပန၊ မဟာတာပန၊ အဝီစိတို့၌ ကျက်စေသတည်း။ (၁၂၈) ခု ခုသော ဥဿဒငရဲ (၃၂၀) သော ယမင်းငရဲတို့၌ တောက်လောင်ကျွမ်းစေကုန်သတည်း။ နိမ္မမကန္ဒာ ပေတမံ သပုည အဒ္ဓိရာ သိမ်ပွ တက္ကကတည်း ဟူသော ပြိတ္တာလေးဘုံတို့၌ ဖြစ်စေကုန်သတည်း။ သမုဒ္ဒီပ သမ္ပတပါဒန ဒီသောတ တန္ဓဝဏ္ဏ တည်းဟူသော အသူရကာယ် လေးဘုံတို့၌ ဖြစ်စေကုန်သတည်း။ ရုန္တတက္ကဘနဟာကဏ္ဍာ တက္ကစာရကဝါသတည်း ဟူသော တိရစ္ဆာန်လေးဘုံတို့၌ ဖြစ်စေ

www.burmeseclassic.com

www.burmeseclassic.com



ကုန်သတည်း။ လူဖြစ်သော်ကား မစင်ဘင်ပုတ်ကျုံးသော မျိုးရိုးမရှိ ယုတ်ညံ့သောအမျိုးတို့၌ ဖြစ်စေကုန်သတည်း။

❖ ❖ ❖

## မြတ်စွာဘုရားရုပ်ပွားတော်မြတ်ကြီး (အခိကဘုရားကြီး) ဂန္ဓကုဋိတိုက်

ကျိုက်မရောဘုရားကြီး၏ မုဒြာတော်သည် မြန်မာပြည်တွင် ရှားပါးလှသော ပုံဟန်တော် ဖြစ်သည်။ ခြေတော်ချ၍ လက်ထောက်ထိုင်နေတော်မူသော ပုံတော် ဖြစ်သည်။ မျက်နှာတော်သည် အရှေ့အရပ်သို့ သပ္ပာယ်စွာ ဖူးမြော်ချင်စဖွယ် လှည့်တော်မူနေသည်။

ဘုရားကြီး၏ ပထမမုခ်ဝတွင် လက်ယာဘက်၌ သိကြားမင်း ရုပ်တု၊ လက်ဝဲဘက်၌ ဗြဟ္မာမင်းရုပ်တု ပြုလုပ်ထားသည်။ ဒုတိယမုခ်ဝတွင် လက်ယာဘက်၌ ဆင်ဖြူတော်ပေါ်တွင် ခြင်္သေ့စီးပြီး၊ ခြင်္သေ့ပေါ်တွင် ဘီးလူးစီးထားသည်။

ဘုရားကြီး၏ တံကဲကို ဝိစ္စရဓာတ်တော်ဖြင့် ရုပ်လုံးဖော်ထားသည်။ အထက်ပါ ရုပ်ထုနှင့် တံကဲများကို ဆရာတော် ဦးကေတုမာလာ လက်ထက်က ပြုလုပ်ခဲ့သည်။

ဘုရားကြီး၏ ဉာဏ်တော်အမြင့်မှာ (၂၄) ပေ ရှိသည်။ ထိုင်တော်မူမှ ဦးခေါင်းတော်အထိ (၁၆) ပေရှိပြီး ဒူးခေါင်းတော်မှ ခါးတော်အထိ (၆) ပေ ရှိသည်။ ခြေဖဝါးတော်မှ ဒူးခေါင်းတော်အထိ (၈) ပေရှိပြီး ဘုရားကြီး၏ ခါးလုံးပတ်တော်မှာ (၈) ပေ ရှိသည်။ ဘုရားကြီး၏ အရန်ပတ်လည်ဘုရား အဆူပေါင်းမှာ (၅၀) ဆူ တိတိရှိ၏။ အလယ်ပစ္စယံ ဘုရားအဆူပေါင်းမှာ (၄၃) ဆူ ရှိသည်။ ဂန္ဓကုဋိတိုက်တော်အတွင်း ဘုရားကြီး အပါအဝင် ရုပ်ပွားတော်မြတ် (၉၄) ဆူ ရှိသည်။

ဂန္ဓကုဋိတိုက်ကြီးမှာ အလျား (၁၂၀)ပေ၊ အနံ (၆၆) ပေ၊ အမြင့် (၇၅) ပေ ရှိသည်။ ပြာသာဒ်ဘုံ (၅) ဆင့် ရှိသည်။ ဘုံအဆင့်အထက်တွင် အချင်း (၄) ပေရှိ ထီးတော်ကို တင်လှူ

www.burmeseclassic.com

www.burmeseclassic.com



ပူဇော်ထားသည်။ ဘုရားကြီးနှင့် ဘုံနန်းပြာသာဒ်ဆောင်မှာ ပဏာတင့်လှစွာ ရှိကြောင်း တွေ့ရသည်။

❖ ❖ ❖

## ကျိုက်မရောဆုတောင်းပြည့်ဘုရား

ဆရာမြတ်မင်းလှိုင် ပြုစုရေးသားသော မြန်မာပြည်ရှိ ရှေးဟောင်းဘုရားစေတီပုထိုးများ၊ စာအုပ်တွင် ပုဂံညောင်ဦးရှိ ဘုရားစေတီပုထိုး (၃၅) ဆူ၊ ကချင်ပြည်နယ် (၃) ဆူ၊ ကယား ပြည်နယ် (၁) ဆူ၊ ကရင်ပြည်နယ် (၁) ဆူ၊ ချင်းပြည်နယ် (၁) ဆူ၊ စစ်ကိုင်းတိုင်း (၁၉) ဆူ၊ တနင်္သာရီတိုင်း (၄) ဆူ၊ ပဲခူးတိုင်း (၂) ဆူ၊ မကွေးတိုင်း (၂၃) ဆူ၊ မွန်ပြည်နယ် (၁၈) ဆူ၊ ရခိုင်ပြည်နယ် (၂၂) ဆူ၊ ရန်ကုန်တိုင်း (၂) ဆူ၊ ရှမ်းပြည် နယ် (၈) ဆူ၊ ရောဝတီတိုင်း (၁၁) ဆူ ဖော်ပြထားပါသည်။ စုစုပေါင်း ဘုရားစေတီပုထိုး (၁၅၀) ဆူ ဖော်ပြထားသည်။ ကျိုက်မရော ဘုရားကြီးသည် မွန်ပြည်နယ် (၁၈) ဆူအနက် အမှတ်စဉ် (၄) တွင် အောက်ပါအတိုင်း ဖော်ပြခဲ့ပါသည်။

မွန်ပြည်နယ် ရာမညတိုင်း၊ ကျိုက်မရောမြို့၌ ထင်ရှားတန်ခိုး ကြွယ်သော ဗုဒ္ဓရုပ်ပွားတော်များအနက် ကျိုက်မရောဆုတောင်း ပြည့် ဗုဒ္ဓရုပ်ပွားတော်သည်လည်း ထင်ရှားကျော်ကြားလှသည်။

ကျိုက်မရောဆုတောင်းပြည့်ဘုရားကြီးသည် မွန်ပြည်နယ် ကျိုက်မရောမြို့ ဆရာတော် ဦးခေမာ ဘုရားကျောင်းကြီးအတွင်း တင့်တယ်သပ္ပာယ်စွာ ကိန်းဝပ်တော်မူလျက် ရှိသည်။ ဘုရား ဒါယိကာမမှာ ဟံသာဝတီပြည့်ရှင် ကေရီဘုရင်မ ဗညားထော (ရှင်စောပု) ဖြစ်သည်။ ဘုရင်မသည် သက္ကရာဇ် (၈၁၇) ခုနှစ်၊ ဝါဆိုလပြည့် သောကြာနေ့တွင် ဘုရားကြီး၏ ခြေတော်ရင်း၌ ဒါနမျိုးစေ့ ချထားခဲ့သည်။ ဤဘုရားကြီးကို ကိုးကွယ်ခြင်းဖြင့် ရရှိအပ်သော အကျိုးနှင့် ပျက်စီးအောင် ကြံဆောင်သူတို့ ခံစား ရမည့် အပြစ်များကို မွန်ဘာသာဖြင့် ကျောက်စာ ရေးထိုးထား ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျိုက်မရောဆုတောင်းပြည့် ဆင်းတုတော်သည် မြန်မာနိုင်ငံအနှံ့ရှိ ဆင်းတုတော်များနှင့်မတူ တစ်မူထူးခြားလှသည်။ အများအားဖြင့် ဆင်းတုတော်များသည် တင်ပျဉ်ခွေ၊ မတ်ရပ်၊ လျောင်းတော်မူ စသည်ဖြင့် သွန်းလုပ်ခဲ့ကြသော်လည်း ကျိုက်မရောဆုတောင်းပြည့်ဆင်းတုတော်ကမူ ခြေတော်တွဲလျားချလျက် ဖြစ်သည်။ ဂန္ဓကုဋီတိုက်တွင်းရှိ များပြားလှသော ဆင်းတုတော်ငယ်များကို တစ်ကြိမ်နှင့်တစ်ကြိမ် တူညီသော အရေအတွက် ရရှိအောင် မရေတွက်နိုင်သည်မှာလည်း ထူးခြားလှသည်။

## Kyaikmaraw Wish-granting Phaya

It is the most famous of all Buddha statues in Kyaikmaraw, Mon State, Yamanya Taing. It lies in the Precincts of U Khema Monastery in town. The donor was Shin Saw Pu or Banya Htaw, the Queen of Hanthawaddy. She started it on Friday, the full-moon day of waso in 817, planting the seeds of dhana at the foot of the Buddha. There are stone inscriptions on the merits of revering the Buddha and the consequence of harming it.

It is different from other famous pagodas. Though others are cross-legged, standing, or reclining, Kyaikmaraw Buddha is sitting with its legs hung down. The Buddha statues in the Gandhakuti Taik are so numerous that one cannot count a common figure at any tally.

❖ ❖ ❖

## ဘုရားကြီးကို ဘက်စုံပြုပြင်မွမ်းမံခြင်း

မြန်မာသက္ကရာဇ် (၁၃၆၅/၆၆)၊ ခရစ်သက္ကရာဇ် (၂၀၀၃-ဇန်နဝါရီ ၁၆) မှ (၂၀၀၄-မတ် ၅) အထိ၊ ဘုရားကြီးကို ဘက်စုံမွမ်းမံ ပြုပြင်တည်ဆောက်ခြင်းများ ပြုလုပ်ခဲ့သည်။ ဆရာတော် ဦးဇောတိပါလ၊ ဆရာတော် ဦးဝါရိန္ဒတို့ ဦးဆောင်မှုဖြင့်

www.burmeseclassic.com

www.burmeseclassic.com



တန်ဖိုးငွေ ကျပ်သိန်း (၂၁၃,၅၄၇,၀၀၀) နှစ်ထောင့်တစ်ရာ သုံးဆယ့်ငါးသိန်းကျော်ဖိုး ပြုပြင်မွမ်းမံခဲ့ကြသည်။

(၁) ဘုရားကြီးအား လုံးတော်ပြည့် ရွှေသင်္ကန်း ကပ်လှူပူဇော်ခြင်း။

(၂) ဂန္ဓကုဋီတိုက်အတွင်းရှိ ရုပ်ပွားတော်များအား ရွှေသင်္ကန်း ကပ်လှူပူဇော်ခြင်း၊ ရောင်တော်ဖွင့်ခြင်း၊ ပလ္လင်ပြုလုပ် မွမ်းမံခြင်း။

(၃) ဂန္ဓကုဋီတိုက်အတွင်း မျက်နှာကြက် (၃) ကွက် ရွှေချ ခြင်း။

(၄) ဂန္ဓကုဋီတိုက်အတွင်း မျက်နှာကြက်များ ရွှေသရိုးပန်း မြန်မာမှုပြုခြင်း။

(၅) ဂန္ဓကုဋီတိုက်အတွင်းနံရံများ ဘိလပ်မြေ သရွတ်ဖြင့် အချောကိုင်ခြင်း၊ ရွှေသရိုးပန်းများဖြင့် မြန်မာမှုပြုလုပ်ခြင်း။

(၆) ဂန္ဓကုဋီတိုက်ဝင်ပေါက်အား တိုးချဲ့ခြင်း၊ အလူမီနီယံ မှန်တံခါးကြီး တပ်ဆင်ခြင်း။

(၇) ဂန္ဓကုဋီတိုက်အတွင်းရှိ ကြွေပြားကပ်ထားသော အုတ်တိုင် ကြီး နှစ်တိုင်အား မှန်စီရွှေချ လုပ်ငန်းများဖြင့် ပြုပြင် မွမ်းမံခြင်း။

(၈) ဂန္ဓကုဋီတိုက်အတွင်းရှိ မှန်စီတိုင်အား ရွှေသရိုးပန်းများဖြင့် မြန်မာမှုပြုခြင်း။ ဂန္ဓကုဋီတိုက်အပြင်တိုင်များ မြန်မာမှု ပြုခြင်း။

(၉) ဂန္ဓကုဋီတိုက် အပြင်အာရုံခံတန်ဆောင်း မျက်နှာကြက်များ၊ ရွှေသရိုးပန်းများဖြင့် မြန်မာမှုပြုခြင်း၊ ဂန္ဓကုဋီတိုက်အပြင် အာရုံခံတန်ဆောင်း နံရံများ၊ ရွှေသရိုးပန်းဖြင့် မြန်မာမှု ပြုခြင်း။

(၁၀) ဂန္ဓကုဋီတိုက်အတွင်းနှင့် အာရုံခံတန်ဆောင်း ရင်ပြင် တော် ကျောက်ပြားခင်းခြင်း။ အပြင်ရင်ပြင်အတွင်းနံရံများ ရွှေသရိုးပန်း မြန်မာမှုပြုခြင်း။

(၁၁) အပြင်ရင်ပြင်တော်အတွင်းခန်း ကျောက်ပြား မျက်နှာကြက်

www.burmeseclassic.com

www.burmeseclassic.com



များ ရွှေသရိုးပန်းဖြင့် မြန်မာမှုပြုခြင်း။ အပြင်ရင်ပြင်တော် ကျောက်ပြား မျက်နှာကြက်များအား ပလတ်စတစ်ဆေး နှစ်ထပ်သုတ်ခြင်း။

(၁၂) မုခ်လေးပေါက်အား တိုးချဲ့ပြုပြင်၍ မြန်မာမှုများဖြင့် ပြုပြင်မွမ်းမံခြင်း။

(၁၃) ဂန္ဓကုဋီတိုက်နှင့် အာရုံခံတန်ဆောင်း အပြင်နံရံများ ကွန်ကရစ်ပန်းဖြင့် မြန်မာမှုပြုခြင်း။ ဗုဒ္ဓဝင်ပန်းချီကားများ ရေးမှုမပျက် ပြင်ဆင်ရေးဆွဲခြင်း။ ဗုဒ္ဓဝင်ပန်းချီကားဘောင်များ၊ ကျွန်းကနုတ်ပန်းများဖြင့် ပြုလုပ်တပ်ဆင်ခြင်း။

(၁၄) ဘုရားကြီးသို့ ကားလမ်းမမှအဝင် မုခ်ဦးသစ် တည်ဆောက်ခြင်း။

(၁၅) မဟာရံတံတိုင်းကာရံခြင်း၊ ကားရပ်နားရန်နေရာများ၌ ကွန်ကရစ်အခင်း ပြုလုပ်ခြင်း၊ ပန်းအလှများ စိုက်ပျိုးခြင်း။

(၁၆) ဂေါပကရုံးခန်း တည်ဆောက်ခြင်း၊ ပြတိုက်အခန်း အလူမီနီယံဘောင်ဖြင့် မှန်တပ်ဆင်ခြင်း၊ နားခိုဆောင် ရွှေ့ပြောင်းပြင်ဆင်ခြင်း။

(၁၇) ဘုရားကြီး၏ ဘုံပြာသာဒ်များကို ရေးမှုမပျက် ပြင်ဆင်ပြီး (Amcan) သွပ်မိုးခြင်း၊ မြန်မာမှုများ ပြုလုပ်ခြင်း၊ ဘုရားကြီး၏ ဘုံပြာသာဒ် အထက်တွင် ၄ ပေ အချင်းရှိသော ထီးတော်တင်လှူပူဇော်ခြင်း။

(၁၈) လေးမျက်နှာဘုရား၊ ဝတ်ကလေး (ဗုဒ္ဓပြခန်း)၌ ပြုပြင်မွမ်းမံခြင်း။

(၁၉) ဆုတောင်းပြည့်စေတီတော်နှင့် ပြည်လုံးချမ်းသာ စေတီတော် ပြုပြင်မွမ်းမံခြင်း။

(၂၀) မီးစက်ရုံအသစ် တည်ဆောက်ခြင်း၊ စက်ရေတွင်းနှင့် ရေကန်များ ဆောက်လုပ်ခြင်း၊ လျှပ်စစ်မီးများ သွယ်တန်းတပ်ဆင်ခြင်း။

(၂၁) ဂန္ဓကုဋီတိုက်အတွင်း လေထုတ်ပန်ကာများ

www.burmeseclassic.com

www.burmeseclassic.com



*ရေနုတ်မြောင်းလုပ်ငန်းနှင့် လူသွားလမ်းများ ကွန်ကရစ်ခင်းခြင်း။*

(၂၂) ဓမ္မာရုံအသစ် ပြုပြင်မွမ်းမံတည်ဆောက်ခြင်း လုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။

ဘုရားကြီးကျောင်းတိုက် ဓမ္မာရုံအား ခေတ်မီဆန်းသစ်လှပသော ပုံစံထုတ်၍ အသစ်တည်ဆောက်လျက် ရှိပါသည်။ ခန့်မှန်းခြေအားဖြင့် ၂၀၀၈ ဒီဇင်ဘာတွင် ပြီး၍ စီးအောင် စီမံပြုလုပ်၍ ရေစက်ချအလှူမင်္ဂလာ ဆောင်ရွက်နိုင်ရန် စီစဉ်လျက်ရှိသည်။

❖ ❖ ❖

## ဘုရားကြီးကျောင်းတိုက်

၁၂၂၈-ခုနှစ်တွင် ဆောက်လုပ်ခဲ့သည်။ ဆရာတော် ဦးကေတုမာလာ လက်ထက်က ဖြစ်ပြီး ရှေးဆန်သည့် ပျဉ်းကတိုးတိုင် ဖြစ်သည်။ ကြမ်းခင်းအောက်အဆင့် ပျဉ်းကတိုးနှင့် အထက်အဆင့် ၁၂ ပေ × ၁ ပေ ကျွန်းဖြစ်သည်။ အမိုးမှာ အုတ်ကြွပ်ဖြစ်သည်။ ပတ်လည်အခန်းများ အုတ်တိုင်နှင့် အခန်းဖွဲ့ထားသည်။ အလျားပေ ၉၀ နှင့် အနံပေ ၇၀ ရှိသည်။

မြန်မာသက္ကရာဇ် ၁၃၆၆-ခုနှစ်တွင် ဆရာတော် ဦးဇောတိပါလ၊ ဆရာတော် ဦးဝါရိန္ဒတို့က ဦးဆောင်ပြုပြင်ခဲ့သည်။ ကြမ်းခင်းအောက်အဆင့် ဟောင်းနေသဖြင့် လျှာထိုးအသစ်လဲလှယ်ပြုပြင်ခဲ့သည်။ အဆောင်ဘေးအကာများ သစ်သားအစားအုတ်နံရံဖြင့် ပြုပြင်ခဲ့သည်။ မျက်နှာကြက်၊ ကျောက်ပြားများ အသစ် ပြုလုပ်ခဲ့သည်။ သစ်သားလှေကားအစား အုတ်လှေကားပြုလုပ်ခဲ့သည်။ အရှည်ပေ ၃၀ ခန့် ရှိသည်။ လက်ခံတိုင်အား သစ်သားအစား၊ အုတ်တိုင်များဖြင့် လဲလှယ်ခဲ့သည်။ အုတ်တိုင်များဖြင့် မြန်မာမှုလက်ရာ ပန်းခက်များဖြင့် အလှဆင်ပြုပြင်ခဲ့သည်။ အလှူအခမ်းအနားများအတွက် ကျယ်ဝန်းစွာနှင့် လွတ်လပ်စွာဖြင့် ဆောင်ရွက်နိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com



ပွဲလမ်းသဘင်နှင့် အခါကြီးရက်ကြီးများတွင် ညအိပ်တည်း ခိုနိုင်ပါသည်။ ဘုရားကြီးဝင်းအတွင်း ဘုရားကြီးကျောင်းတိုက် သည် အထင်ကရရှိသော အဆောက်အဦကြီးပင် ဖြစ်သည်။ ဘုရားကြီး၏ အနောက်တောင်ဘက်တွင် တည်ရှိသည်။ ဆုတောင်းပြည့်ဘုရားကြီးဝင်းအတွင်း၊ အနောက်ဘက်ပိုင်းတွင် ရှိသည်။ ကျောင်းတိုက်၏ မြောက်ဘက်တွင် ဘုရားကြီးကျောင်း မွှာရုံ ရှိသည်။

စေတီ၊ ပုထိုး၊ ဘုရား၊ ကျောင်း၊ ကန်၊ ဇရပ် ဆိုထားသည့် အတိုင်း ဘုရားကြီးနှင့် ဘုရားကြီးကျောင်းတိုက်သည် လိုက်ဖက် ညီစွာ ပန်းတင့်လျက်ရှိနေသည်။

❖ ❖ ❖

## ဘုရားကြီးကျောင်းတိုက် မွှာရုံ

မြန်မာသက္ကရာဇ် ၁၂၆၇ ခုနှစ်တွင် ဆရာတော် ဦးကေတု- မာလာက ဆောက်လုပ်ခဲ့သည်။ မူလကွန်ကရစ်အခင်း ဖြစ်သည်။ အုတ်တိုင် ဖြစ်သည်။ သွပ်မိုး၍ အလယ်ဘုံမြင့်ခန်းတွင် သစ်သား မျက်နှာကြက် ရှိသည်။ ကွန်ကရစ် ဒူးပိတ် ၄-ပေခန့် ရှည်သည့် ရှေးဆန်း၍ အလျားပေ ၇၀ နှင့် အနံပေ ၇၀ ရှိသည်။

၁၃၆၉-ခုနှစ်တွင် မွှာရုံအဟောင်းဖြိုချခဲ့သည်။ ဆရာတော် ဦးဇောတိပါလနှင့် ဆရာတော်ဦးဝါရိန္ဒတို့က ဦးဆောင်၍ အသစ် တည်ဆောက်လျက် ရှိသည်။

မွှာရုံအသစ်မှာ အလျားပေ ၁၃၄ နှင့် အနံပေ ၆၈ ရှိသည်။ ကျပ်သိန်း (၃၀၀၀) ကျော် အကုန်ကျခံ တည်ဆောက်ရန် လျာထားသည်။ ဘုရားဝင်းအတွင်း ကြီးကျယ်လှပသော ပုံစံနှင့် မြန်မာမှုလက်ရာများ ဖြစ်ပေါ်လာရေး စီစဉ်ဆောင်ရွက်လျက် ရှိသည်။

မွှာရုံကြီးတွင် ဘုရားဖူးများ ညအိပ်ချေသည်ယ် တည်းခို နိုင်ပါသည်။ ဗုဒ္ဓဘာသာနှင့်သက်ဆိုင်သော အခမ်းအနားမျိုးစုံ

www.burmeseclassic.com

www.burmeseclassic.com



လည်း ကျင်းပနိုင်မည် ဖြစ်ပါသည်။ ဘုရားကြီး၏ အနောက်ဘက်တွင် တည်ရှိသည်။

◆ ◆ ◆

## ရှင်ဥပဂုတ္တ (ဇရက်နီတော်)

ရေကန်ကို စိမ်းလဲ့ကြည်သာ လှပရန် ဆယ်တင်ထားသည်။ ရေကန်နံရံကို ခိုင်ခန့်ရန် အုတ်စီသည်။ ရေကန် ပတ်လည် ၄-ပေအကျယ် လျှောက်လမ်းပြုလုပ်ထားသည်။ ၂-ပေခွဲ အမြင့်ရှိ ကွန်ကရစ်ပွတ်လုံးဝရန်တာ ပြုလုပ်ထားသည်။

ရှင်ဥပဂုတ္တစံကျောင်းတော်မှာ အလျား ၈-ပေနှင့် အနံ ၈-ပေ ရှိသည်။ ကွန်ကရစ်တိုင်နှင့် ကွန်ကရစ်ယန်းအမိုးပြာသာဒ်ဆောင် ဖြစ်သည်။ အမြင့်မှာ ၁၈-ပေခန့် ရှိသည်။ ကျောင်းတော်ပရဂုဏ် အကျယ် ၂၅-ပေ ပတ်လည်ရှိသည်။ ရှင်ဥပဂုတ္တကိုယ်တော်မှာ ဉာဏ်တော် ၄ ပေခွဲရှိသည်။ ကြေးသွန်းဆင်းတုတော်ပင် ဖြစ်သည်။

ရေကန်တော်မှာ ဘုရားကြီး၏ အရှေ့ဘက်တွင် တည်ရှိသည်။ ရှင်ဥပဂုတ္တ၏ မြောက်ဘက်တွင် ပြည်လုံးချမ်းသာ စေတီတော် ရှိသည်။ တောင်ဘက်တွင် ရဟန္တာခံတော်ရှင် ဆုတောင်းပြည့်စေတီတော် ရှိသည်။ အရှေ့မြောက်ဘက်တွင် နဂါးရုံဘုရားရှိသည်။ ချမ်းမြေ့ဖွယ်ကောင်းသော နေရာဖြစ်သည်။ ဘုရားအာရုံပြု ပုတီးစိပ်၊ တရားထိုင်လိုသူများအတွက် အထူးသင့်လျော်သော နေရာတစ်ခု ဖြစ်သည်။ ဗုဒ္ဓသာသနာတွင် ဘုရား၊ ကျောင်း၊ ကန်၊ ဇရပ်ဆိုထားသည့်အတိုင်း၊ ရေကန်တော်သည် လက္ခဏာတစ်ရပ်အဖြစ် တည်ရှိရသည်။ ရေကန်တော်သည် ဘုရားကြီးသပ္ပာယ်တင့်တယ်စွာ ဖြစ်ပေါ်နေရေးအတွက် အထောက်အကူပြုပေးလျက်ရှိနေပါသည်။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com



## ရဟန္တာဆံတော်ရှင် ဆုတောင်းပြည့်စေတီတော်

စေတီဉာဏ်တော်အမြင့် ၄၅-ပေ ရှိသည်။ ရှေးဟောင်းစေတီတော်မြတ် တစ်ဆူ ဖြစ်သည်။ စေတီရံ (၂၀) ဆူပါရှိသည်။ ပထမပစ္စယံပေါ်တွင် ဉာဏ်တော် ၁၅-ပေရှိ စေတီရံ (၈) ဆူ ရှိသည်။ ဒုတိယပစ္စယံပေါ်တွင် ဉာဏ်တော် ၁၂-ပေရှိ စေတီရံ (၈) ဆူရှိသည်။ တတိယပစ္စယံပေါ်တွင် ဉာဏ်တော် ၉-ပေ ရှိ စေတီရံ (၄) ဆူ ရှိသည်။

အရှည် ၂၅-ပေရှိသော တံခွန်တိုင် (၅) တိုင် ပါရှိသည်။ တံခွန်တိုင်ပေါ်တွင် ဟင်္သာရုပ် ထားရှိသည်။ ခရစ်သက္ကရာဇ် (၂၀၀၄) ခုနှစ်၊ မြန်မာသက္ကရာဇ် (၁၃၆၆) ခုနှစ်တွင် ဘက်စုံမွမ်းမံစဉ်က အသစ်ပြန်လည်ပြုပြင်ခဲ့သည်။ စေတီလုံးတော်ပြည့် ရွှေသင်္ကန်း ကပ်လှူပူဇော်ခဲ့သည်။ စေတီတော်သည် ရွှေရောင်ဝင်းဝါလျက် သပ္ပာယ်စွာဖြင့် စံပွာယ်နေသည်။ အာရုံနိမိတ်ယူ၍ ကြည်ညိုဖွယ်ကောင်းလှသည်။ ဆုတောင်းပြည့် စေတီတော်အင်္ဂါရပ်များနှင့် ပြည့်စုံလျက် ရှိသည်။

ဆုတောင်းပြည့်လိုသူများအတွက် အထူးသင့်လျော်သော နေရာဒေသတစ်ခု ဖြစ်သည်။ ဘုရားကြီး၏ အရှေ့တောင်ဘက်တွင် တည်ရှိသည်။ ရဟန္တာဆံတော်ရှင် ဆုတောင်းပြည့် စေတီတော်၏ မြောက်ဘက်တွင် ရှင်ဥပဂုတ္တ (ရေကန်တော်)နှင့် ပြည်လုံးချမ်းသာစေတီတော် ရှိသည်။

ဗုဒ္ဓသာသနာတော်တွင် စေတီ၊ ပုထိုး၊ ဘုရားကျောင်းကန်၊ ဇရပ် ဆိုထားသည့်အတိုင်း အင်္ဂါရပ်ညီညွတ်စွာဖြင့် ကိန်းဝပ်စံပယ် တင့်တယ်လျက်ရှိကြောင်း တွေ့ရှိရသည်။

❖ ❖ ❖

## ပြည်လုံးချမ်းသာစေတီတော်

စေတီဉာဏ်တော်အမြင့် ၂၇ ပေ ရှိ၏။ မြန်မာသက္ကရာဇ် (၁၃၁၄) ခုနှစ်တွင် ဆရာတော် ဦးခေမာ ဦးဆောင်မှုဖြင့် တည်

www.burmeseclassic.com

www.burmeseclassic.com



ထားကိုးကွယ်ခဲ့သည်။ တိုင်းပြည်နှင့်အဝှမ်း ချမ်းသာသုခ ရရှိစေရန်အတွက် ရည်မျှော်မှန်းလျက် တည်ထား ကိုးကွယ်ခဲ့ခြင်းဖြစ်သည်။

မြန်မာသက္ကရာဇ် (၁၃၆၀) ခုနှစ်တွင် တစ်ဖန်ပြန်လည်၍ ပြုပြင်မွမ်းမံခဲ့၏။ ဉာဏ်တော် ၉ ပေရှိ စေတီရံ (၄) ဆူရှိသည်။ ဂြိုဟ်ရှစ်ခွင်တွင် ၁ ပေခွဲအမြင့်ရှိ၊ ဗုဒ္ဓဆင်းတုတော် (၈) ဆူရှိသည်။ စေတီတော်၏ အနောက်တောင်ဘက်တွင် ဗောဓိညောင်ပင် ရှိသည်။ ဗောဓိညောင်အရိပ်သည် အေးမြလျက် စေတီတော်နှင့် ပန်တင့်လျက်ရှိသည်။

စေတီတော်၏ အရှေ့ဘက်တွင် နဂါးရုံဘုရား ရှိသည်။ အနောက်ဘက်တွင် လေးမျက်နှာဘုရား ရှိသည်။ တောင်ဘက်တွင် ရှင်ဥပဂုတ္တ (ရေကန်တော်) ရှိသည်။ အေးချမ်းသပ္ပာယ်စွာဖြင့် ရှိနေသည်။

ချမ်းသာသုခရရှိလိုသူများအတွက် အထူးသင့်လျော်သောနေရာဌာန တစ်ခုဖြစ်သည်။ ဘုရားကြီး၏ အရှေ့ဘက်တွင်တည်ရှိသည်။

❖ ❖ ❖

## လေးမျက်နှာဘုရား

ပလ္လင်တော်အမြင့် ၃ ပေခွဲပေါ်တွင် ဉာဏ်တော်အမြင့် ၅-ပေခွဲရှိ ဗုဒ္ဓ ရုပ်ပွားတော်မြတ် (၄) ဆူရှိသည်။ ဘုရား (၄) ဆူမှာ အရုပ်လေးမျက်နှာသို့ လှည့်တော်မူထားသဖြင့် လေးမျက်နှာဘုရားဟု ခေါ်ဝေါ်ခြင်း ဖြစ်သည်။ ရုပ်ပွားတော်တို့၏ အလယ်တွင် ဗောဓိမဏ္ဍိုင်စေတီမှာ ဉာဏ်တော်အမြင့် ၈-ပေခန့် ရှိသည်။ ရုပ်ပွားတော် လေးဆူအနက်၊ မြောက်ဘက် မျက်နှာမူထားသော ရုပ်ပွားတော်မှာ ပတ္တမြားမျက်ရှင် ဖြစ်သည်။ ထူးခြားသပ္ပာယ်မှု ရှိသည်။

မြောက်ဘက်နံရံတွင် ဉာဏ်တော်အမြင့် ၆-ပေရှိ ရုပ်ပွားတော်မှု (၂) ဆူရှိသည်။ အရှေ့ဘက် နံရံတွင် (၃) ဆူနှင့် အနောက်ဘက်

www.burmeseclassic.com

www.burmeseclassic.com



နံရံရှိ (၁) ဆူတို့မှာ ဉာဏ်တော် ၅-ပေခွဲစီ ရှိကြသည်။ အနောက်ဘက်နံရံများတွင် အမြင့် ၄-ပေခွဲရှိ ဘုရင်မ ရှင်စောပု အင်္ဂတောရုပ်တု ရှိသည်။ အရှေ့ဘက်နံရံများတွင် အမြင့်ပေ ၄-ပေခွဲရှိ ဓမ္မစေတီမင်း ရုပ်တု ရှိသည်။

ဂန္ဓကုဋီတိုက်မှာ အလျားပေ (၃၀)၊ အနံပေ (၃၀)၊ အမြင့် (၁၈) ပေ ရှိသည်။ ခရစ်သက္ကရာဇ် ၂၀၀၅ ခုနှစ်တွင် အသစ်ပြန်လည် ပြုပြင်မွမ်းမံမှု ဆောင်ရွက်ခဲ့သည်။ ဘုရားကြီး၏ အရှေ့မြောက်ဘက်တွင် တင့်တယ်သပ္ပာယ်စွာဖြင့် တည်ရှိသည်။ လေးမျက်နှာ ဘုရား၏ အရှေ့တောင်ဘက်တွင် ပြည်လုံးချမ်းသာ စေတီတော်နှင့် နဂါးရုံဘုရားတို့ ရှိသည်။

❖ ❖ ❖

## နဂါးရုံဘုရား

နဂါးပလ္လင်မှာ အမြင့် ၄-ပေရှိသည်။ ဗုဒ္ဓရုပ်ပွားတော်မှာ ဉာဏ်တော်အမြင့် ၅-ပေ ရှိသည်။ နဂါးပါးပျဉ်းတော်မှာ အမြင့် ၈-ပေခန့် ရှိပြီး ဗုဒ္ဓရုပ်ပွားတော်ကို အုပ်မိုးထားသည်။ အလျား ၂၄ ပေ၊ အနံ ၁၈ ပေနှင့် အမြင့် ၃၂ ပေ ကျောင်းဆောင် ဖြစ်သည်။ အမိုးသွပ်နှင့် အကာမှာ အုတ်နံရံ ဖြစ်သည်။

အန္တရာယ်ကင်း၊ ဘေးရှင်းရန် တည်ထားကိုးကွယ်ထားခြင်း ဖြစ်သည်။ အန္တရာယ် ကင်းရှင်းလိုသူများအတွက် အာရုံပြုဆုတောင်းရန် သင့်လျော်သော နေရာတစ်ခု ဖြစ်သည်။

ဘုရားကြီး၏ အရှေ့ဘက်အစွန်နားတွင် သပ်ရပ်စွာ တည်ရှိသည်။ နဂါးရုံဘုရား၏ အနောက်ဘက်တွင် ပြည်လုံးချမ်းသာ စေတီတော်နှင့် ဗောဓိညောင်ပင် ရှိသည်။ အနောက်တောင်ဘက်တွင် ရှင်ဥပဂုတ္တ (ရေကန်တော်)နှင့် ရဟန္တာဆံတော်ရှင် ဆုတောင်းပြည့်စေတီတော် ရှိသည်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com



## ပိဋကတ်တိုက်တော်

အလျား ပေ ၉၀၊ အနံပေ ၃၀၊ အမြင့် ၂၀ ပေ ရှိသည်။ သွပ်မိုး ဖြစ်သည်။ ခေတ်မီပုံစံအုတ် အဆောက်အဦ ဖြစ်သည်။ မြန်မာသက္ကရာဇ် ၁၂၆၈ ခုနှစ်တွင် အသစ် ပြန်လည်ပြုပြင် တည်ဆောက်ခဲ့သည်။

ပိဋကတ်သုံးပုံနှင့် ဗုဒ္ဓဘာသာဆိုင်ရာ စာအုပ်စာတန်းများ ထားရှိသည်။ မွန်ဘာသာနှင့် ရိုက်နှိပ်ထားသော စာအုပ်စာတန်း များလည်း ရှိသည်။ ဘုရားကြီး၏ တောင်ဘက်တွင် သပ်ရပ် လှပစွာ တည်ရှိသည်။ ပိဋကတိုက်၏ အရှေ့ဘက်တွင် ရဟန္တာ ဆံတော်ရှင် ဆုတောင်းပြည့်စေတီတော် တည်ရှိသည်။ တောင် ဘက်တွင် ရဟန္တာကလျာဏီသိမ်တော်နှင့် ဥပုသ်သည် အရှေ့ မျှော်ရှိ ရှိသည်။

ပရိယတ္တိစာပေ ကျမ်းဂန်များ ဖတ်ရှုဆည်းပူးလိုသော ရဟန်းရှင်လူများအတွက် အထူးသင့်လျော်သော နေရာဌာနတစ်ခု ဖြစ်သည်။ ပရိယတ္တိ၊ ပဋိပတ္တိ၊ ပဋိဝေဓ သာသနာတော် ဖွံ့ဖြိုး တိုးတက် ဝေစည်လာစေရန်အတွက် အထောက်အပံ့ကောင်း ရရှိ စေသော နေရာဌာန ဖြစ်ပါသည်။

❖ ❖ ❖

## ရဟန္တာကလျာဏီသိမ်တော်

အလျား ၂၇ ပေ၊ အနံ ၂၇ ပေ၊ အမြင့် ၁၅ ပေ ရှိသည်။ ဘုံသုံးဆင့် ပြာသာဒ် ရှိသည်။ သိမ်တော်ထဲတွင် ဗုဒ္ဓရုပ်ပွားတော် (၁၆) ဆူ ရှိသည်။ ရပ်တော်မူ (၆) ဆူနှင့် ထိုင်တော်မူ (၁၀) ဆူ ရှိသည်။ ဉာဏ်တော်အမြင့် ၆-ပေစီ ရှိကြသည်။

သိမ်တော်အဝင်ဝတွင် ၉-တောင်ပြည့် စေတီတော် နှစ်ဆူ ရှိသည်။ ရဟန္တာကလျာဏီသိမ်တော်မှာ ကျိုက်မရောမြို့နယ်တွင် ရှားပါးစွာ တည်ရှိသော သိမ်ဖြစ်သည်။

သိမ်တော်၏မြောက်ဘက်တွင် ပိဋကတ်တိုက်တော် ရှိ သည်။ အရှေ့ဘက်တွင် သံဃာ့ကျောင်းဆောင်သစ်နှင့် ဥပုသ်

www.burmeseclassic.com

www.burmeseclassic.com



သည် အရှေ့ဓမ္မာရုံ ရှိသည်။ အနောက်ဘက်တွင် ဘုရားကြီး ကျောင်းတိုက်နှင့် ဥပုသ်သည် အနောက်ဓမ္မာရုံ ရှိသည်။

ရဟန်းသံဃာတော်များအတွက် အထွတ်အမြတ်ထားရာ ဂုဏ်ယူဖွယ်ရာကောင်းသော နေရာဒေသတစ်ခု ဖြစ်သည်။

❖ ❖ ❖

## သံဃာ့ကျောင်းဆောင်သစ်

အလျားပေ ၆၀၊ အနံပေ ၂၀၊ အမြင့်ပေ ၂၀ ရှိသည်။ နှစ်ထပ်ကျောင်းဆောင် ဖြစ်သည်။ သွပ်မိုး၊ အုတ်ညှပ် အဆောက် အဦး ဖြစ်သည်။ ခရစ်သက္ကရာဇ် ၂၀၀၆ ခုနှစ်တွင် မူလကျောင်း ဆောင်ကို ပြန်လည်ပြုပြင်မွမ်းမံထားသည်။

ဧည့်သံဃာတော်များ တည်းခိုနိုင်ရန် စီစဉ်ထားခြင်း ဖြစ် သည်။ ဘုရားဖူးနှင့် ဘုရားပွဲသို့ လာရောက်သော ဧည့်သံဃာ တော်များ တည်းခိုကြပါသည်။

ဘုရားကြီး၏ တောင်ဘက်တွင် တည်ရှိသည်။ သံဃာ့ ကျောင်းဆောင်သစ် မြောက်ဘက်တွင် ရဟန္တာဆံတော်ရှင် ဆုတောင်းပြည့်စေတီတော် ရှိသည်။ အနောက်ဘက်တွင် ရဟန္တာ ကလျာဏီသိမ်တော် ရှိသည်။

သံဃာတော်များအတွက် အေးချမ်းသာယာဖွယ်ကောင်း သော နေရာဌာန တစ်ခုဖြစ်ပါသည်။

❖ ❖ ❖

## ဥပုသ်သည် အရှေ့ဓမ္မာရုံနှင့် အနောက်ဓမ္မာရုံ

အလျား ၆၀ ပေ၊ အနံ ၂၀ ပေ၊ အမြင့် ၂၀ ပေ ရှိသည်။ အရှေ့နှင့်အနောက် နှစ်ဆောင်ရှိသည်။ အရှေ့ဓမ္မာရုံမှာ သွပ်မိုး တိုက်ဆောင် ဖြစ်သည်။ အနောက်ဓမ္မာရုံမှာ သွပ်မိုး၊ အုတ်ညှပ် ဖြစ်သည်။

အခါကြီးရက်ကြီးများတွင် ဥပုသ်သည်များ ညအိပ်သော

www.burmeseclassic.com

www.burmeseclassic.com



ဓမ္မာရုံဖြစ်သည်။ ဘုရားဖူး ဧည့်သည်များလည်း ညအိပ်တည်းခို နေထိုင်ကြသည်။

အရှေ့ဓမ္မာရုံမှာ ပိဋကတ်တိုက်နှင့် သံဃာ့ကျောင်းဆောင်သစ်တို့၏ တောင်ဘက်တွင် တည်ရှိသည်။ အနောက်ဓမ္မာရုံမှာ ဘုရားကြီး ကျောင်းတိုက်၏ တောင်ဘက်နှင့် ရဟန္တာကလျာဏီ သိမ်တော်၏ အနောက်ဘက်တွင် တည်ရှိသည်။ ဥပုသ်သည် အရှေ့ဓမ္မာရုံနှင့် အနောက်ဓမ္မာရုံတို့သည် ဘုရားကြီးဝင်း၏ တောင်ဘက်ပိုင်းတွင် ရှိကြသည်။

ဥပုသ်သည်များနှင့် ဘုရားဖူးဧည့်သည်များအတွက် အေးချမ်းငြိမ်းအေးသော နေရာတစ်ခုပင် ဖြစ်သည်။ အေးငြိမ်းစွာ နေထိုင်လိုသူများအတွက် ကောင်းမွန်သင့်လျော်ပါသည်။

❖ ❖ ❖

## သီလရှင်ဇရပ်

အလျား ၅၀ ပေ၊ အနံ ၃၀ ပေ၊ အမြင့် ၁၄ ပေ ရှိသည်။ သစ်သားရှေးဟောင်း အဆောက်ဖြစ်သည်။ သီလရှင်များ (၅)ပါးခန့် အမြဲရှိသည်။ ဧည့်သီလရှင်များလည်း လာရောက် တည်းခိုနိုင်ကြ။ နွေရာသီတွင် သီလရှင်အသစ်များ သီလရှင်ဝတ်တတ်ကြပါသည်။

သီလရှင်သာသနာအတွက်၊ လက်ဆင့်ကမ်း အမွေများ ဖြစ်သည်။ ယသောဓရာထေရီမကြီးကို အတုယူအားကျပြီး သာသနာ့အာဇာနည်ကောင်းများ ပေါ်ပေါက်စေရန် ဖြစ်သည်။ အမျိုးသမီးများအတွက် သာသနာပြု ကွန်းထောက်စခန်း ဖြစ်သည်။

ဘုရားကြီးဝင်းအတွင်း တောင်ဘက်အစွန်တွင် တည်ရှိသည်။ သီလရှင်ဇရပ်၏ မြောက်ဘက်တွင် ဥပုသ်သည် အရှေ့ဓမ္မာရုံရှိသည်။ အမျိုးသမီးဧည့်သည်များ ဘုရားဖူးများ တည်းခိုရန် အထူးသင့်တော် ကောင်းမွန်သောနေရာ ဖြစ်သည်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com



## ဝတ်ကာလေး (ဗုဒ္ဓဝင်ပြခန်း)

အလျားပေ ၃၀၊ အနံပေ ၂၀၊ အမြင့် ၁၅ ပေ ရှိသည်။ နိမိတ်ကြီး လေးပါး ကားချပ်များ ပြသထားသည်။ ရာမညတိုင်း မွန်ဓမ္မာစရိယ မှတ်တမ်းကျောက်စာတိုင် ထားရှိသည်။ ပါဠိ၊ မွန်၊ မြန်မာ၊ အင်္ဂလိပ်စာဖြင့် မှတ်တမ်းရေးထိုးထားသည်။ ကမ္ဘာလုံးဆိုင်ရာ ဗုဒ္ဓသာသနိက မြေပုံတော်ချပ်များလည်း ထားရှိသည်။

ဗုဒ္ဓဘာသာဝင်နိုင်ငံများ၊ အခြေအနေများကို ဖော်ပြထားသည်။ သင်္ဂါရ သဘောတရားများအတိုင်း ဗုဒ္ဓဘာသာဝင်နိုင်ငံများမှာလည်း အတိုးအဆုတ် အတက်အကျများ ရှိသည်။

ဘုရားကြီး၏အရှေ့ဘက်တွင် တည်ရှိသည်။ ဗုဒ္ဓဝင်ပြခန်း၏ မြောက်ဘက်တွင် လေးမျက်နှာဘုရား ရှိသည်။ အရှေ့ဘက်တွင် ပြည်လုံးချမ်းသာ စေတီတော် ရှိသည်။ တောင်ဘက်တွင် ရှင်ဥပဂုတ္တ (ရေကန်တော်) နှင့် ရဟန္တာဆံတော်ရှင် ဆုတောင်းပြည့်စေတီတော် ရှိသည်။

❖ ❖ ❖

## ဧည့်သည် တည်းခိုဆောင်နှစ်ဆောင် (အထူး၊ ရိုးရိုး)

အထူးဧည့်သည် တည်းခိုဆောင်မှာ၊ အလျား ၃၀ ပေ၊ အနံ ၂၀ ပေ၊ အမြင့် ၁၂ ပေ ရှိသည်။ နိုင်ငံတော်အဆင့် ဧည့်သည်တော်ကြီးများအတွက် သီးသန့် နားနေဆောင်ဖြစ်သည်။

ရိုးရိုးဧည့်သည် တည်းခိုဆောင်မှာ အလျား ၄၀ ပေ၊ အနံ ၃၅ ပေနှင့် အမြင့် ၁၈ ပေ ရှိသည်။ နှစ်ထပ်ဆောင်ဖြစ်၏။ မည်သည့် ဘုရားဖူးဧည့်သည်မဆို လာရောက် တည်းခိုနိုင်ပါသည်။

ဘုရားကြီးတွင် ဘုရားဖူးရဟန်းရှင်လူများ လုံလောက်စွာ တည်းခိုနေထိုင်နိုင်သော ဓမ္မာရုံများ၊ တည်းခိုဆောင်များ၊ ကျောင်းဆောင်များ၊ ဇရပ်များ ရှိသည်။ ဘုရားဖူး ဧည့်သည်များကိုလည်း ထာဝရ ကြိုဆိုလျက် ရှိနေပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ညှို့သည် တည်းခိုဆောင်ကြီး နှစ်ဆောင်မှာ ဆုတောင်းပြည့် ဘုရားကြီးဝင်းအတွင်း မြောက်ဘက်အစွန်တွင် ရှိသည်။ အလှူယ်တကူ ဝင်ထွက်သွားလာနိုင်သောနေရာတွင် တည်ဆောက်ထားသည်။ ဘုရားကြီး မုခ်ဦးအဝင်ဝရောက်သည်နှင့် ညှို့သည် တည်းခိုဆောင်ကို လှမ်းမြင်ရပြီး ရောက်ရှိနိုင်သည်။ ဘုရားကြီးနှင့် နီးကပ်စွာ ထားရှိ တည်ဆောက်ထားသည်။ ဘုရားကြီးနှင့် ညှို့တည်းခိုဆောင်ကြား အချိန်တိုအတွင်း သွားလာနိုင်ပါသည်။ ဘုရားဖူးများအတွက် အပန်းပြေ၍ သက်သာစွာ ဘုရားဖူးနိုင်ရေး စေတနာထားရှိ ဆောင်ရွက်ထားကြောင်း တွေ့ရှိရသည်။

❖ ❖ ❖

## မုခ်ဦး (အဝင်ဝ)

၂၅ ပေ နှစ်ခန်းရှိသည်။ လက်ခံတိုင် ၁၈ ပေခန့်ရှိသည်။ ပြာသာဒ်အမြင့် ၁၈ ပေ ရှိသည်။ တိုင်လုံးနှင့် ပြာသာဒ်မှာ မြန်မာမှု အလှအပလက်ရာများဖြင့် ထုံမွမ်းထားသည်။

မုခ်ဦးအဝင်ဝတွင် ဩဝါဒပါတိမောက် ကျောက်စာ ရှိသည်။ အင်္ဂလိပ်နှင့် မြန်မာ နှစ်ဘာသာ ရေးထိုးထားသည်။

မုခ်ဦးအဝင်ဝ မျက်နှာချင်းဆိုင်တွင် ကျိုက်မရော မြို့မဈေးကြီးရှိသည်။ မြို့မဈေးကြီးသည် ကျိုက်မရောမြို့၏ အလယ်ဗဟို ချက်ပင် ဖြစ်သည်။

ကျိုက်မရောမြို့ ဆုတောင်းပြည့် ဘုရားကြီးသည်လည်း ကျိုက်မရောမြို့လယ်ကောင်၊ အလယ်ဗဟိုချက်မတွင် တည်ရှိသည်။ လူ၊ ယာဉ်အမျိုးမျိုး အလွယ်တကူ ဝင်/ထွက်သွားလာနိုင်သောနေရာ ဖြစ်သည်။ ဝတ်ပြုသွားရန် လွယ်ကူအဆင်ပြေသောနေရာ ဌာနတစ်ခု ဖြစ်နေကြောင်း တွေ့ရှိရသည်။ ဤသည်မှာလည်း ဆုတောင်းပြည့် ဘုရားကြီးအတွက် ထူးခြားခွန်မြင့်သော ကောင်းမွန်သည့် အချက်တစ်ရပ် ဖြစ်နေပါသည်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com



## ဆုတောင်းပြည့်ဘုရားကြီး၏ ထူးခြားချက်များ

(၁) မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန်ပြုပြီးနောက် နှစ်ပေါင်း (၃၅၀) နှင့် (၅၀၀) ကြား၊ အိန္ဒိယနိုင်ငံတောင်ပိုင်း မဟာရဋ္ဌပြည်နယ် အလိုရာနှင့် အာဂျန်တာ လိုဏ်ဂူများတွင် ထုဆစ်ပူဇော်ကြကြောင်း သိရသည်။ ခန္တီပါရမီ၊ မေတ္တာပါရမီခန်းများအတွက် ရည်ညွှန်း၍ ထုဆစ်ပူဇော်ကြောင်း သိရှိရသည်။ ခြေတွဲလျားချ၊ လက်ဘောင်းနှစ်ဖက်ထောက် ထိုင်တော်မူရုပ်ပွားတော် ထုဆစ်ပူဇော် ဖူးမြော်ကြသူများသည် အပန်းပြေ၍ သက်သာရာရစေကြောင်းလည်း သိရသည်။

(၂) နိမိတ္တဗုဒ္ဓပုံတော်များလည်း ရှိကြောင်း သိရသည်။ ရှားပါးသော ခြေတွဲလျားချ၊ လက်ဘောင်းနှစ်ဖက်ထောက် ထိုင်တော်မူ ရုပ်ပွားတော်များ ဖြစ်ပါသည်။ မယ်တော်မိနတ်သားအတွက် နိမိတ္တရုပ်ပွားတော်၊ သုဝဏ္ဏဘူမိသားများအတွက် သာသနာတော် ထွန်းကားလာစေရန် ဗုဒ္ဓနိမိတ်ရုပ်ပွားတော် စသည်ဖြင့် ရှိကြောင်း သိရှိရသည်။ ရှားပါးလှသော မုဒြာပုံစံများ ဖြစ်သည်။

(၃) ဆုတောင်းပြည့် ဘုရားကြီးပတ်ဝန်းကျင်တွင် အင်္ဂလိပ်၊ ဂျပန်ခေတ်က ဗုံးများကြဲချသော်လည်း ကျရောက်ပေါက်ကွဲခြင်း မရှိကြောင်း သိရှိရသည်။

(၄) ကျိုက်မရောတစ်မြို့လုံး ရေကြီးပြီး နစ်မြုပ်သော်လည်း ဘုရားကြီးသည် အာရုံခံတန်ဆောင်းအထိ ရေရောက်ရှိ နစ်မြုပ်ခြင်း မရှိကြောင်း တွေ့ရှိရသည်။

(၅) လေပြင်းမုန်တိုင်း တိုက်ခတ်သော်လည်း ဘုရားကြီး၏ ဘုံပြာသာဒ်အဆင့်ဆင့်သည် ယိမ်းယိုင်တိမ်းစောင်းခြင်း မရှိ။ ကျောက်စာတိုင်ကဲ့သို့ မားမားမတ်မတ် ခိုင်မာစွာ ရပ်တည်နေလျက်ရှိကြောင်း တွေ့ရှိရသည်။

(၆) မိုးသည်းထန်စွာ မည်မျှပင် ရွာသွန်းသော်လည်း မိုးရွာသွန်းမှုရပ်သည်နှင့် ဆုတောင်းပြည့်ဘုရားဝင်းအတွင်း ရေတစ်စက်မျှပင် ကျန်ရစ်မနေကြောင်း တွေ့ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



(၇) ပစ္စည်းပျောက်ခြင်း၊ အိမ်ခြံမြေပြဿနာရှိခြင်း၊ လူမှုရေးကိစ္စပြဿနာ၊ အငြင်းပွားမှု ဖြစ်ခြင်းများကို ဘုရားကြီးသို့ လာရောက်သစ္စာဆိုပြီး အမှန်တရား ဖော်ထုတ်တတ်ကြသည်။ မမှန်မကန် သစ္စာဆိုမိပါက ထိုင်ရာမထ၊ ချက်ချင်း နိမိတ် ပြတတ်သည်။ ဓားချွေးပြန်ခြင်း၊ မူးဝေခြင်း၊ နေမထိ ထိုင်မသာ ဖြစ်ခြင်းများ နိမိတ်ပြတတ်သည်။ သစ္စာဆိုမှားသူများ ရေရှည်တွင်၊ ကာယကံရှင်နှင့် ဆွေစဉ်မျိုးဆက် တဖြည်းဖြည်း ပျက်စီးခြင်း ဖြစ်တတ်သည်။ ပစ္စည်းဥစ္စာ ဆုံးရှုံးခြင်း၊ ဆင်းရဲဒုက္ခတွေ့ကြုံရခြင်းနှင့် အသက်ပါ ဆုံးရှုံးရခြင်း ဖြစ်ရတတ်သည်။

(၈) ဘုရင်မ ရှင်စောပုသည် သာသနာပြု၍ တိုင်းပြည်ပြန်လည် ထူထောင်မှု ဆောင်ရွက်ရန် ဆုတောင်းရာတွင် ပြီးပြည့်စုံကြောင်း သိရှိရသည်။

(၉) အလားတူ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးကိစ္စအဝဝများအတွက် ကောင်းသော လိုအင်ဆန္ဒများ ဆုတောင်းမှုပြုကြရာတွင် ပြီးပြည့်စုံကြကြောင်းလည်း သိရပါသည်။

(၁၀) ဘုရားကြီး၏ မျက်လုံးတော်မှာ မဟူရာကျောက် ဖြစ်သည်။ ဦးခေါင်းတော်မှာ ရှရှားစိန် ဖြစ်သည်။ ရှရှားစိန်ကြီးအား ဝန်းရံထားသော ကျောက်များမှာ စိန်အစစ်များ ဖြစ်သည်။ ဥဏ္ဏာလုံတော်မှာ ပတ္တမြားအစစ် ဖြစ်သည်။ ပတ္တမြားကို စိန်အစစ်နှင့် ရံထားသည်။ နဖူးသင်းကျစ်တော်ကို ရွှေလုံးများဖြင့် လှပသပ္ပာယ်စွာ ခြယ်မှုန်း၍ အထူး ပူဇော်ထားကြောင်း သိရှိရသည်။

(၁၁) ကျိုက်မရောမြို့ ဆုတောင်းပြည့်ဘုရားကြီး တည်ရှိသော ကုန်းမြေတော်မှာ စေတီပုထိုး ဘုရား၊ ကျောင်း၊ တန်၊ ဇရပ်၊ ဓမ္မာရုံ၊ သာသနိက အဆောက်အအုံများ ဆောက်လုပ် ပူဇော်သင့်သည့် ဂေါပက စည်းမျဉ်းပါ ပြဋ္ဌာန်းချက်

www.burmeseclassic.com

www.burmeseclassic.com



နှင့် ကိုက်ညီသောနေရာ ဖြစ်ပါသည်။ မြင့်မြတ်သန့်ရှင်းသောနေရာ ဖြစ်သည်။ ဗုဒ္ဓဘာသာဝင် အများစု နေထိုင်ရာ ဖြစ်သည်။ မစင်ကြယ်သောပြုလုပ်မှု၊ ဒုစရိုက်ပြုမှုများနှင့် ကင်းဝေးရာနေရာ ဖြစ်သည်။ ဥယျာဉ်ခြံမြေ၊ လယ်ယာကိုင်းကျွန်း စိုက်ပျိုးရေးနှင့် သမ္မာအာဇီဝ ဖြစ်သည့် အသက်မွေးဝမ်းကျောင်းရှိသော လူမှုအသိုင်းအဝိုင်း ပတ်ဝန်းကျင်ကောင်း ရှိနေသည်။ လမ်းဆုံလမ်းခွနှင့် သွားလာဝင်ထွက်မှု လွယ်ကူသည့် ဗုဒ္ဓဘာသာနှင့် ပတ်သက်၍ သင့်တင့်လျောက်ပတ်သောနေရာ ဖြစ်သည်။ မိစ္ဆာဒိဋ္ဌိ အယူဝါဒ ရှိသူများနှင့် ကင်းဝေးသည့် မွန်မြတ်စင်ကြယ်သော နေရာ ဖြစ်သည်။ ကောင်းမွန်မြင့်မြတ်သည့် ဆန္ဒမွန်နှင့် ဆုတောင်းပြည့်သော အောင်မြေရှိရာ နေရာဒေသကောင်း ဖြစ်နေပါသည်။

(၁၂) မွန်ပြည်နယ်တွင် ထင်ပေါ်ကျော်ကြား တန်ခိုးကြီးမားသော ရှေးဟောင်းစေတီပုထိုး ဘုရားများဖြစ်သည့် (ဘီးလင်းမြို့ရှိ) ကျိုက်ထီးဆောင်း။ (ကျိုက်ထိုမြို့ရှိ) ကျိုက်ထီးရိုး၊ ကျိုက်ပေါ်လော မှဲ့ရှင်တော်၊ မဟာမုနိ သွန်းဘုရား၊ (သထုံမြို့ရှိ) ရွှေစာရံ၊ ရွှေဘုံသာ စေတီတော်၊ ဘုရင့်ညီနောင် ရတနာဂူ၊ မြသပိတ်စေတီတော်၊ တောင်လေးကုန်း ရွှေရင်မျှော်နှင့် ဖောင်တော်ဦးစေတီတော်၊ (ပေါင်မြို့ရှိ) ခင်းကျိုက်ဆံတော်ရှင်ဆုတောင်းပြည့်၊ နွားလပို့တောင်၊ (မော်လမြိုင်မြို့ရှိ) ကျိုက်သန်လန်စေတီတော်၊ ဦးခန္တီ မဟာမြတ်မုနိဘုရားနှင့် မဟာမြတ်မုနိ။ (မုဒုံမြို့ရှိ) ရိုးဂိုးစေတီတော်နှင့် ကန်ကြီးစေတီတော်။ ကျိုက်ခမီမြို့ ဆုတောင်းပြည့်ရေလယ်ဘုရားတို့နှင့် ကျိုက်မရောမြို့ ဆုတောင်းပြည့်ဘုရားကြီးသည် ရေမြေချင်း တစ်ဆက်တစ်စပ်တည်းတည်ရှိနေသည်။ တစ်ဆက်တည်းပင် ရောက်ရှိဖူးမြော်ကော်ရော်နိုင်ကြောင်း တွေ့ရှိနိုင်ပါသည်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com



## ဆုစတောင်းပြည့်ဘုရားကြီး၏ ဘုရားပွဲတော်

ဘုရားပွဲတော်ကို နှစ်စဉ် သကြံန်ရက်အတွင်း စည်ကား သိုက်မြိုက်စွာ ကျင်းပကြသည်။ သကြံန်အကျနေ့မှ အတက်နေ့ အထိ (၃) ရက် ဖြစ်ပါသည်။

သာသနာတော်အတွက် ရောင်ဝါနေသို့ ထွန်းလင်းတောက်ပ နေစေရေး အစီအစဉ်များ၊ အခမ်းအနားများ ဆောင်ရွက်သည်။ ပူဇော်သဘင်များ ဆင်ယင်ကျင်းပသည်။ ကုသိုလ်ကောင်းမှု အစုစု တို့ ဆောင်ရွက်ကြသည်။ သံသရာကို စွန့်ခွာပယ်ဖြတ်လိုသူများ တရားဘာဝနာကို အားထုတ်ကြသည်။ ကမ္မဋ္ဌာန်းကို စီးဖြန်းကြ သည်။ မီးထွန်းပူဇော်ပွဲများ ပြုလုပ်ကြသည်။

သီးသန့် တရားစခန်းများ ဖွင့်ကြသည်။ (၁၀) ရက် အထူး စခန်းများ ဖွင့်ကြသည်။ တရားဘာဝနာကို သီးသန့် လုပ်ချင်သူ များအတွက် မိုးကုတ်နှင့် မဟာစည်ဝိပဿနာစခန်းများ ဖွင့်လှစ် ထားပါသည်။

လူငယ်၊ လူရွယ်များအတွက် ဝါသနာပါရာ ကြည့်ချင်ပွဲ များလည်း ဆောင်ရွက်ပေးသည်။ ဗလာပွဲများ ရှိသည်။ လက်ဝှေ့ ပွဲများ ရှိသည်။ အငြိမ့်ဇာတ်သဘင်ပွဲများ ရှိသည်။ ဘားအံ၊ မော်လမြိုင်၊ မုဒုံ၊ ကြာအင်းဆိပ်ကြီးမြို့များ ဆက်စပ်၍ နီးသဖြင့် ကူးလူးသွားလာ ပျော်ပါးကြသည်။

မွန်ယဉ်ကျေးမှုဖော်ထုတ်ခြင်း၊ မွန်ရိုးရာအငြိမ့်ဖြင့် ဖျော်ဖြေ ခြင်းများလည်း ရှိသည်။ ပျော်ရွှင်မှုနှင့် လှူဒါန်းမှုများ အားပြိုင် လျက် ရှိကြောင်းလည်း တွေ့ရှိရသည်။ ကြည်နူးဝမ်းမြောက်ဖွယ် မြင်ကွင်းများပင် ဖြစ်ကြသည်။

ကဆုန်လတွင် ညောင်ရေသွန်းပွဲတော် ဆောင်ရွက်သည်။ ရှင်ဥပဂုတ္တ (ရေကန်တော်) ဇောတိညောင်ပင်တို့တွင် ညောင်ရေသွန်း လောင်းကြပါသည်။ ရှေးရိုးရာမပျက် စီတန်းလှည့်လည်သည်။ ကျိုက်မရောမြို့မကို တစ်ပတ်ပတ်၍ လှည့်ကြသည်။ ကြည်နူးဖွယ် ဖြစ်သည်။ ညောင်ရေသွန်းပွဲ ကျင်းပရခြင်းမှာ ဘုရား၏ ပရိဘောဂ

www.burmeseclassic.com

www.burmeseclassic.com



စေတီကို စုပေါင်းပူဇော်ပြီး ညောင်ပင်အသက်ရှည် စိမ်းလန်းစိုပြည်သကဲ့သို့ သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားနိုင်စေရန် ဖြစ်ကြောင်း သိရသည်။

စိတ်တန်းလှည့်လည်သော လူအုပ်ကြီးသည် ဘုရားကြီးသို့ ဦးတည်နေကြသည်။ ဗုဒ္ဓဘုရားရှင်၏ တရားတော်သည် နိဗ္ဗာန်သို့ ဦးတည်သည်။ နိဗ္ဗာန်ရောက်ကြောင်း တရားများ ဖြစ်သည်။ ထို့အတူ လူအုပ်ကြီးသည် နိဗ္ဗာန်ရောက်ကြောင်း အထောက်အပံ့ဖြစ်သော ဘုရားကြီးသို့ ဦးတည်ကြသည်။ ဘုရားကြီးတွင် ကုသိုလ်ပြုကြမည်။ ဘုရားကြီးဝင်းအတွင်းရှိ ရေကန်တော်နှင့် ဇောတိညောင်တွင် ညောင်ရေသွန်းပွဲ ဆင်နွှဲကြမည်။ ဤသို့လည်း ဘုရားကြီးတွင်း ကဆုန်လ အခါသမယ၌ ဆောင်ရွက်တတ်ကြသည်။

တန်ဆောင်မုန်းလတွင် မီးထွန်းပွဲတော် ကျင်းပပြန်သည်။ ရိုးရာအစဉ်အလာမပျက် နှစ်စဉ်ကျင်းပမြဲ ကျင်းပကြသည်။ မီးထွန်းပွဲတော်နှင့်အတူ မသိုးသင်္ကန်း ရက်လုပ်ပူဇော်မှု ပြုကြသည်။ နှစ်စဉ် ရက်ကန်းစင် (၅) စင်ခန့် ဝင်ရောက်ဆောင်ရွက်ကြသည်။

တန်ဆောင်မုန်းလဆန်း (၁၄) ရက်နေ့တွင် ရက်လုပ်ကြရသည်။ မသိုးသင်္ကန်း ရက်မှုတွင်လည်း နှစ်စဉ် အစဉ်အလာမပျက် ဆောင်ရွက်ကြသည်။ ကျိုက်မရောမြို့မတွင် ရက်ကန်းရက်သော လုပ်ငန်းသည် အသက်မွေးဝမ်းကျောင်း ပညာတစ်ရပ်အနေဖြင့် ၁၉၈၀ ခုအထိ တည်ရှိခဲ့သည်။ ရိုးရာမပျက် ရက်ကန်းစင်များ ရှိခဲ့သဖြင့် မသိုးသင်္ကန်းအတွက် အဆင်ပြေသည်။ မသိုးသင်္ကန်းရက်ရာတွင် အထောက်အပံ့ပြုသည်။ "မလေးလက်ခတ်သံ" သီချင်းသံစဉ်များအတိုင်း အတိုင်အဖောက် ညီညာလှသည်။ လက်ခတ်သံများသည် နဝင်ပီယံ ရှိသည်။

တန်ဆောင်မုန်းလပြည့်နေ့ နံနက်ပိုင်းတွင် မသိုးသင်္ကန်းကို တင်လှူပူဇော်ကြသည်။ ဘုရားကြီးတွင် မသိုးသင်္ကန်း တင်လှူ

www.burmeseclassic.com

www.burmeseclassic.com



ပွဲတော်ပွဲသည် မရှိနိုင်သော မြတ်ဗုဒ္ဓပူဇော်ပွဲပင် ဖြစ်သည်။ စိတ်နှလုံး အေးမြဖွယ် မြင်ကွင်းပင် ဖြစ်သည်။

ပြာသိုလတွင် ဆွမ်းကြီးလောင်းပွဲ ပြုလုပ်သည်။ တစ်နှစ်တစ်ခါ ဆွမ်းဆန်စိမ်းဝတ္ထုပစ္စည်းများ လောင်းလှူကြသည်။ ကျိုက်မရောတစ်မြို့လုံး လောင်းလှူကြခြင်း ဖြစ်သည်။ လပြည့်နေ့ နံနက်ပိုင်းတွင် လောင်းလှူသည်။ သံဃာတော် အပါး (၄၀၀) ကျော်အား စာရေးတံမဲ ဖောက်၍ ဆက်လက်လှူဒါန်းပြန်သည်။ ဗုဒ္ဓသာသနာတော် ဆက်လက်တည်တံ့ထွန်းကားပြန့်ပွားစေရန်အတွက်ပင် ဖြစ်သည်။ ဂုဏ်ယူဝမ်းမြောက်ဖွယ် ဖြစ်သည်။

❖ ❖ ❖

## ဘုရားကြီးနှင့် ပတ်သက်ဆက်နွယ်သော အကြောင်းအရာများ သုံးသပ်ချက်

မှန်နန်းရာဇဝင်၊ စေတီတော်သမိုင်းပေါင်းချုပ် အလိုအရ မြတ်စွာဘုရားရှင်၏ ဓာတ်တော်၊ မွေတော်များကို အောက်ပါအတိုင်း စေတီ၊ ပုထိုး၊ ဘုရားများ တည်ထားကိုးကွယ်ခဲ့ကြောင်း တွေ့ရသည်။

ဂဝမ္ပတိရဟန္တာမထေရ်မြတ်၏ ပင့်လျှောက်ချက်အရ ကောဇာသက္ကရာဇ် (၁၁၁) တွင် သုဝဏ္ဏဘူမိသို့ မြတ်စွာဘုရားရှင် ကြွရောက်တော်မူပါသည်။ ဦးစွာ လာရောက်ဖူးမြော်သော ရသေ့ (၆) ပါးတို့အား ဆံတော် (၆) ဆူ ပေးသနားတော်မူပါသည်။ တစ်ဖန် လာရောက်ဖူးမြော်သူ ရသေ့ (၇) ပါးတို့အားလည်း ဆံတော် (၇) ဆူ ပေးတော်မူပြန်သည်။ တိဿဓမ္မသီဟရာဇာမင်း၊ သုဝဏ္ဏဘူမိပြည့်ရှင်အားလည်း ဆံတော် (၂) ဆူ ပေးသနားပြန်သည်။ စုစုပေါင်း ဆံတော် (၁၅) ဆူအား ဌာပနာလျှင် စေတီတော်များကို အောက်ပါအတိုင်း တည်ထား ကိုးကွယ်ခဲ့ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



(၁) တိဿမဗ္ဗသီဟရာဇာမင်း ရရှိသော ဆံတော် (၂) ဆူကို ဌာပနာ၍ သက္ကရာဇ် (၁၁၁)မှာ သုဝဏ္ဏဘူမိတွင် စေတီ တည်သည်။ ဘုရားရှင် ပရိနိဗ္ဗာန်ပြုပြီး ရရှိသော သွားတော် ဓာတ် (၃၃) ဆူကို ဌာပနာ၍ သက္ကရာဇ် (၁၄၈) မှာ စေတီ (၃၃) ဆူ တည်ပြန်သည်။ မိဖုရား (၃၃) ပါးက စေတီတစ်ဆူစီ တည်၍ ပူဇော်ကြခြင်း ဖြစ်သည်။

(၂) ဂဏ္ဍဂီရိတောင်ရှိ တိဿကုမာရ ရသေ့ထံတွင်ရှိသော ဆံတော်ဓာတ် (၁) ဆူကို ဌာပနာ၍ ကျိုက်ဗြော်နတ် စေတီဘွဲ့အမည်ဖြင့် ဂဏ္ဍဂီရိတောင်ထိပ်အစွန်းတွင် စေတီ တည်သည်။ နဂါးမိန်းမဘုရား ဟု မြန်မာလို အဓိပ္ပာယ် ရသည်။ ယခုအခါ ဇင်းကျိုက်ဘုရားဟု အမည်တွင်လေ သည်။

(၃) ဗန္ဓဝဂီရိတောင်ရှိ သီဟကုမရ ရသေ့ထံတွင် ရှိသော ဆံတော်ဓာတ် (၁) ဆူကို ဌာပနာ၍ ကျိုက်အရွယ်က ပန်စေတီဘွဲ့ အမည်ဖြင့် ဗန္ဓဝဂီရိတောင်ထိပ်တွင် စေတီ တည်သည်။ သဘော်ချည်သော တောင်ဘုရားဟု မြန်မာ လို အဓိပ္ပာယ်ရသည်။ ကာလရွေ့လျား လာသောအခါ အရွယ်ကပန်မှ ဂရွဲကဖန် သို့၊ ၎င်းမှ ဖွဲကဖန်သို့ ၎င်းမှ ဖွဲကဗင် ဖြစ်လာသည်။ ဗန္ဓဝဂီရိတောင် ဘုရားဟုလည်း ခေါ်ကြသည်။

(၄) ဒိုးကမော့ခတွဲဂလိုင်းတောင်ရှိ ဗုဒ္ဓဉာဏ ရသေ့ရှိသော ဆံတော်ဓာတ် (၁) ဆူကို ဌာပနာ၍ ကျိုက်အိသိရှိ စေတီဘွဲ့အမည်ဖြင့် ဒိုးကမော့ခတွဲဂလိုင်း တောင်ထိပ်တွင် စေတီတည်သည်။ ရသေ့ရွက်ထားသော ဘုရားဟု မြန်မာ လို အဓိပ္ပာယ်ရသည်။ တောင်မှာ ကျောက်လုံးပေါ်ရှိ သောတောင်ဟု အဓိပ္ပာယ်ရသည်။ ယခုအခါ ကျိုက်ထီး ရိုး ဆံတော်ရှင်ဘုရားဟု လူသိများ၍ အမည်တွင်လေ သည်။

www.burmeseclassic.com

www.burmeseclassic.com



(၅) ဒိုးခလွန်တောင်ရှိ ရသေ့ရရှိသော ဆံတော်ဓာတ် (၁)ဆူကို ဌာပနာ၍ ကျိုက်ကုသိနာရုံ ဘွဲ့အမည်ဖြင့် ဘီးလင်းမြို့ အနောက်မြောက်အရပ် ကုသိနာရုံ တောင်ထိပ်တွင် စေတီတည်သည်။ ခါးဖြတ်တောင်ဘုရားဟု မွန်ဘာသာဖြင့် အမိပ္ပာယ်ရသည်။ ယခုအခါ ကုသိန္နာရုံဘုရားဟု လူသိများ၍ အမည်တွင်လေသည်။

(၆) မဲလံတောင်ရှိ ရသေ့ရရှိသော ဆံတော်ဓာတ် (၁) ဆူကို ဌာပနာ၍ ဆံတော်ဘုရားဘွဲ့ အမည်ဖြင့် သက္ကရာဇ် (၁၁၉) မှာ မဲလံ တောင်ထိပ်တွင် စေတီတည်သည်။ နာဂပဗ္ဗတတောင်ဟုလည်း အမည်တွင်သည်။ ကျောက်သုံးလုံးအနက် အပေါ်ကျောက်လုံးတွင် စေတီတည်ခြင်းဖြစ်သည်။

(၇) ဆောင်ခဲတောင်ရှိ အလ္လကပ္ပရသေ့ရရှိသော ဆံတော်ဓာတ် (၁) ဆူနှင့် ဓာတ်တော် (၈) ဆူ ဌာပနာ၍ ကျိုက်ဒဲစေတီဘွဲ့အမည်ဖြင့် သက္ကရာဇ် (၁၁၃) မှာ ဆောင်ခဲတောင်စွန်းတွင် စေတီတည်သည်။ ကေလာသာတောင်၏ အရှေ့မြောက်ဘက်တွင် တည်ရှိသည်။ မဇ္ဈိမဒေသမှ ရဟန္တာငါးပါး ကြွရောက်တော်မူစဉ် သုဓမ္မဝတီ (ဒုတိယသထုံ) ပြည့်ရှင် ရာဇာစောဝေမင်းအား ဓာတ်တော် (၈) ဆူ ပေးတော်မူခဲ့သည်။ မူလရှိသော ဆံတော် ဓာတ်တစ်ဆူကို ပြည်သူများ မယုံကြည်ကြပါ။ ရဟန္တာတို့၏ တန်ခိုးဖြင့် တူးဖော်ရာ တွေ့ရှိသည်။ ဆံတော်ဓာတ် အစစ်တစ်ဆူကို တွေ့ရှိ ဖူးမြော်မှ ယုံကြည်ကြရသည်။ သက္ကရာဇ် (၂၀၄) ခုနှစ်တွင် ဆံတော်ဓာတ်တော်များ ပေါင်း၍ ကျိုက်ပတဲ ဘွဲ့အမည်ဖြင့် စေတီတည်သည်။ ယုံပြီ၊ ယုံပြီ ဘုရားဟု မွန်ဘာသာဖြင့် အဓိပ္ပာယ်ရသည်။ မူလအမည် ကျိုက်ပတဲမှ ကျိုက်ဒဲဆံတော်ရှင်ဟု အမည်တွင်လာသည်။ (ပထမ သထုံ သုဝဏ္ဏဘူမိတွင် သက္ကရာဇ် ၁၁၀၊ တိဿ ဓမ္မသီဟရာဇာမင်းမှ ၆-ဆက်၊ သက္ကရာဇ်

www.burmeseclassic.com

www.burmeseclassic.com



၁၉၀ ခုတွင် ပျက်သည်။ ဒုတိယ သထုံသုဓမ္မဝတီတွင် ရာဇာစောဝေမင်းမှ ၁၀ ဆက်မင်းပြုသည်။ ၄င်းမှ ပထမ သထုံ-သုဝဏ္ဏဘူမိသို့ ထီးနန်းရွှေ့ပြောင်းပြန်သည်။ မင်းဆက် ၄၈ ဆက် စိုးစံသည်။ မနုဟာမင်းလက်ထက်တွင် သုဝဏ္ဏဘူမိပျက်သည်။)

(၈) မွတ်လအိတောင်ရှိ ကပ္ပရှင်ရသေ့ရရှိသော ဆံတော်ဓာတ် (၁) ဆူ ဌာပနာ၍ ကျိုက်မွတ်လအိ ဘွဲ့အမည်ဖြင့် သက္ကရာဇ် (၁၁၄) ခုမှာ မွတ်လအီ တောင်ထိပ်တွင် စေတီတည်၏။ အမြဲထင်ပေါ်သောဘုရားဟု မွန်ဘာသာ အမိပ္ပာယ် ပြန်ရသည်။ မော်လမြိုင်မြို့ အထက် ဟောင်သရောင်ချောင်း အရှေ့ဘက်တွင် တည်ရှိသည်။ မွတ်လအိတောင်၏ အရှေ့တောင်ဘက်တွင် မွတ်လအပ်တောင် ရှိသည်။

(၉) မွတ်လအပ်တောင်ရှိ နာရဒရှင်ရသေ့ ရရှိသော ဆံတော်ဓာတ် (၁) ဆူ ဌာပနာ၍ ကျိုက် မွတ်လအစေတီဘွဲ့ အမည်ဖြင့် သက္ကရာဇ် (၁၁၄) ခုမှာ မွတ်လအတောင်ထိပ်တွင် စေတီတည်သည်။ အလွန်ထင်ပေါ်သော ဘုရားဟု မွန်ဘာသာပြန် အမိပ္ပာယ်ရသည်။

(၁၀) ဝါဂရုနယ် လမိုင်းကေလာသတောင်ရှိ ကေလာသရှင်ရသေ့ ရရှိသော ဆံတော်ဓာတ် (၁) ဆူ ဌာပနာ၍ ကေလာသတောင်တွင် ကေလာသဘုရား တည်သည်။ ကေလာသဘုရားဟုသာ ခေါ်ကြသည်။

(၁၁) ကျိုက္ခမီတောင်ရှိ ရှင်ရသေ့ရရှိသော ဆံတော်ဓာတ် (၁) ဆူ ဌာပနာ၍ ကျိုက္ခမီ ဘွဲ့အမည်ဖြင့် ကျိုက္ခမီတောင်တွင် စေတီတည်သည်။ မျှော်ကြည့်ဘုရားဟု မွန်ဘာသာပြန် အမိပ္ပာယ်ရသည်။ (ကျိုက္ခမီရေလယ်ဘုရားကြီး သမိုင်းတွင် သီဟိုဠ်ကျွန်း နိုင်ငံမင်းကြီး သီရိမေဃာသောကမင်း မျှော်တော်မူသော ဗုဒ္ဓရုပ်ပွားတော်မြတ်ဖြစ်ကြောင်း မူကွဲ တွေ့ရသည်။ ရုပ်ပွားတော် (၄)ဆူတွင် ရခိုင်၊

www.burmeseclassic.com

www.burmeseclassic.com



ပုသိမ်၊ ကျိုက်ထို (သုံး) ဆူရောက်သည်။ ပုသိမ်တွင် သီဟိုဠ်ရှင် ဘုန်းတော်ပြည့် ရုပ်ပွားတော် အမည်တွင်သည်။ တစ်ဆူမှာ ကျိုက္ခမီမြို့သို့ ရောက်သည်။ သက်နံ့တုံးနှင့်တကွ ရုပ်ပွားတော်မြတ်သည် ယခုတည်ဆောက်ထားသော ဝတ်ကျောင်းတော်အနီး ကျောက်ဆောင်ပေါ်တွင် သာသနာသက္ကရာဇ် ၂၃၇ ခုနှစ်တွင် ကြွရောက်စံမြန်းတော်မူကြောင်း ဖော်ပြထား၏။ ကျာဟာမိဘွဲ့အမည်မှာ မွန်ဘာသာပြန် မျှော်ကြည့်ဘုရားဟု အဓိပ္ပာယ်ရကြောင်း ဆိုထားသည်။)

(၁၂) ဇုတ်သွတ်အရပ်မှ နတ်ဘီလူးညီနောင် နှစ်ပါးရှိသော ဆံတော်ဓာတ် (၁)ဆူ ဌာပနာ၍ ကျိုက်ကလွတ်ဒက်ဘွဲ့အမည်ဖြင့် စေတီတည်သည်။ နတ်တည်သောဘုရားဟု မွန်ဘာသာဖြင့် အဓိပ္ပာယ်ရသည်။ ကျိုက်ဇုတ်သွတ်ဟုလည်း အမည်တွင်ပြန်သည်။ နတ်သမီးဆံပင် ကြိုးဌာပနာခြင်း ဘုရားဟု မွန်ဘာသာပြန် အဓိပ္ပာယ်ရသည်။

(၁၃) ဒိုးယွန်းတောင် ရှင်ရသေ့ရှိသော ဆံတော်ဓာတ် (၁) ဆူ ဌာပနာ၍ ကျိုက်ဒိုးယွန်းဘွဲ့ အမည်ဖြင့် ဒိုးယွန်းတောင်ထိပ်တွင် စေတီတည်သည်။ ချောက်ကမ်းပါးရှိ၍ အလွန်သွားရခက်သော ဘုရားဟု မွန်ဘာသာပြန် အဓိပ္ပာယ်ရသည်။

ဤသည်မှာ ဆံတော် (၁၅) ဆူ ဌာပနာ၍ စေတီဘုရားတည်ထားကိုးကွယ်မှု အကြောင်းပင် ဖြစ်သည်။

˪တစ်ဖန် သုဝဏ္ဏဘူမိသက္ကရာဇ် (၁၉၉) ခု ဥပဒေဝမင်းလက်ထက် ပျက်သည်။ ဆံတော်၊ ဓာတ်တော်များ မပျက်သုဉ်းရေး၊ ရဟန္တာများ ရှာဖွေပေးသည်။ ရရှိသော ဆံတော် (၂) ဆူ၊ သွားဓာတ်တော် (၃၃) ဆူ ရရှိသည်။ ဆံတော် (၂) ဆူအနီးတွင် ဆံတော်ရှင် စေတီအသစ်တည်၍ ဆံတော် (၂) ဆူ ဌာပနာသည်။ သွားတော်ဓာတ် (၂၂) ဆူကိုလည်း ရရှိသောနေရာအနီးတွင် ဌာပနာ၍ စေတီတော် တည်သည်။ ကျန်သွားတော်

www.burmeseclassic.com

www.burmeseclassic.com



ဓာတ် (၁၁) ဆူမှာ အောက်ပါအတိုင်း စေတီတော်များ တည်ကြသည်။

(၁) မော်လမြိုင်မြို့ တောင်ပေါ်တွင် သွားတော် ဓာတ် (၁) ဆူ ဌာပနာ၍ ကျိုက်သံလင် ဘွဲ့အမည်ဖြင့် စေတီတည်သည်။ ကမ်းပျက် ဘုရားဟု မွန်ဘာသာဖြင့် အမိပ္ပာယ်ရသည်။ ကာလရွေ့လျားလာသောအခါ ကျိုက်သံလန် ဘုရားဟု လူသိများ ထင်ရှားလာသည်။

(၂) သာသနာသက္ကရာဇ် (၂၃၆) ခု၊ မူးပွန်ကမ်းနဖူးတွင် သွားတော်ဓာတ် (၁) ဆူ ဌာပနာ၍ ကျိုက်မူးပွန်ဘွဲ့ အမည်ဖြင့် စေတီတည်သည်။ အစွန်းလေးခု ဘုရားဟု မွန်ဘာသာပြန် အမိပ္ပာယ်ရသည်။ ကမ်းနားကျောက်စွန်း ပေါ်မှ ဘုရားဟောင်း ၄တ်တိုသည် မူလ မူးပွန် ဘုရား အစစ် ဖြစ်သည်။ မော်လမြိုင်သည် ရမ္မာပူရမြို့၊ ရမ္မာဝတီ မြို့၊ ဒုံမွတ်ဘလုံး ဟု ယခင်က ခေါ်သည်။ သွားတော် ဓာတ် ဌာပနာရန် ဘုရားရဟန္တာတို့ ရပ်တော်မူသော နေရာကို ပင်ပန်းကြီးစွာ ရှာရသည်။ ရှာဖွေတွေ့ရှိရသော နေရာတွင် မောချ၍ မှိုင်တွေရသည်။ မောလို့မှိုင်မှ မော်လမြိုင် ဖြစ်လာကြောင်း ဆိုကြသည်။

(၃) ဘီလူးကျွန်းမြစ်ကမ်းတောင်စွန်း၊ ကျောက်ဆောင်အငူပေါ်တွင် သွားတော်ဓာတ် (၁) ဆူ ဌာပနာ၍ ကျိုက္ခမောင်နတ် အမည်ဖြင့် စေတီတည်သည်။ ဘုရားစေတီနှင့် တောင်စွန်း အခြေအနေ ပုံသဏ္ဌာန်သည် နဂါးနှုတ်သီးနှင့် တူသည်။ နဂါးနှုတ်သီးဘုရားဟု မွန်ဘာသာပြန် အမိပ္ပာယ်ရသည်။ ကာလရွေ့လျားလာသောအခါ ကျိုက်မူးနန်းဟု လူသိများလာသည်။

(၄) မော်လမြိုင်အထက်၊ ဓာသပြင်ချောင်းဝတွင် သွားတော် ဓာတ် တစ်ဆူ ဌာပနာ၍ ကျိုက်ပိုင်ကြိုဘွဲ့ အမည်ဖြင့် စေတီတည်သည်။ ချောင်းဝဘုရားဟု မွန်ဘာသာပြန်

www.burmeseclassic.com

www.burmeseclassic.com



အဓိပ္ပာယ်ရသည်။ သက္ကရာဇ် ၂၃၇ ခုနှစ်တွင် ဖြစ်ပါသည်။

(၅) ကျိုက်ထိုမြို့နှင့် စစ်တောင်းကြား ကျိုက်ကသော အရပ်တွင် သွားတော်ခေတ်တစ်ဆူ ဌာပနာ၍ ကျိုက်အပ်သား ဘွဲ့အမည်ဖြင့် စေတီတည်သည်။ နယ်ကုန်ဘုရားဟု မွန်ဘာသာပြန် အဓိပ္ပာယ်ရ၏။ သက္ကရာဇ် ၂၃၇-ခုတွင် ဖြစ်၏။ နောင်ကာလရွှေ့လျောလာသောအခါ ကျိုက္ကသာ အမည်တွင်၏။ သွားတော်ခေတ် ဌာပနာသော စေတီမှာ ကွင်းစပ်နား စေတီမဟုတ်ပါ။ အတွင်းပိုင်းမှ စေတီဘုရားဖြစ်ပါသည်။

(၆) စစ်တောင်းမြို့၊ ပေါင်းလောင်းမြစ် အရှေ့ဘက်ကမ်း၊ ဇေယပဗ္ဗတ ကျောက်ဆောင် တောင်စွန်းအငူတွင် သွားတော်ခေတ် တစ်ဆူဌာပနာ၍ ကျိုက်ကလွဲပွန်းစေတီ ဘွဲ့အမည်ဖြင့် စေတီတည်သည်။ လူလေးဦးဘုရားဟု မွန်ဘာသာပြန် အဓိပ္ပာယ်ရသည်။ ဘီလူး (၁၀၀) ဖက်ဘုရားဟုလည်း တချို့ ခေါ်ကြသည်။ စစ်တောင်းမြို့သား လူလေးဦးမှ သွားတော်ခေတ် ရရှိလာသည်ကို အကြောင်းပြုပြီး လူလေးဦးဘုရား ခေါ်တွင်ခြင်းမှာ ပို၍ သဘာဝကျသည်။

(၇) စစ်တောင်းမြစ်ဝှမ်း၊ ဒုံဇရစ်အရပ်ဒေသတွင် သွားတော်ခေတ်တစ်ဆူ ဌာပနာ၍ ဒုံဇရပ်ဘုရားဘွဲ့အမည်ဖြင့် စေတီတည်သည်။ နတ်လှည့်ပတ်ဘုရားဟု အဓိပ္ပာယ်ရပြီး ခေါ်တွင်သည်။ ဒုံဇရစ်မြို့သည် ဟံသာဝတီ (၃၂) မြို့အပါအဝင် ဖြစ်သည်။

(၈) ဟံသာဝတီနေပြည်တော်၏ အရှေ့တောင်ဘက် မူးခိုင်ကြီး၊ မူးခိုင်ကလေး အရပ်ဒေသတွင် သွားတော်ခေတ်တစ်ဆူစီ ဌာပနာ၍ စေတီတည်သည်။ ကျိုက်မူးအမော့တ်နှင့် ကျိုက်မူးကမော့တွက် စေတီဘွဲ့အမည်များ ဖြစ်ကြသည်။ ကျောက်စွန်းကြီးဘုရားနှင့် ကျောက်စွန်းငယ်

www.burmeseclassic.com

www.burmeseclassic.com



ဘုရားဟု မွန်ဘာသာမှ မြန်မာဘာသာပြန် အမိပ္ပာယ် ရသည်။ ကာလရွေ့လျောလာသောအခါ မူးခိုင်ကြီး၊ မူးခိုင် ကလေးဟု အမည်တွင်လာသည်။

(၉) ဟံသာဝတီနေပြည်တော် ရွှေမော်ဓောဘုရားတွင် သွား တော်ဓာတ် တစ်ဆူ ဌာပနာထားသည်။ ရွှေမော်ဓော ဘုရားသမိုင်း အလိုအရ ဒုံနိုင်းတူမြို့မှ စူဠသာလ၊ မဟာသာလ ကုန်သည်ညီနောင်တို့ မြတ်စွာဘုရားရှင်ထံမှ ဆံတော်ဓာတ် နှစ်ဆူ ရရှိပင့်ဆောင်သည်။ ၎င်း ဆံတော် ဓာတ်မြတ်နှစ်ဆူ ဌာပနာ၍ ကျိုက်မူးတား စေတီဘွဲ့ အမည်ဖြင့် စေတီတည်သည်။ မြတ်စွာဘုရားရှင် ဒေသ စာရီ ကြွတော်မူစဉ်က ရပ်တော်မူသောနေရာ အထိမ်း အမှတ် ဖြစ်သည်။ ရပ်တော်မူသည့် အစွန်းဘုရားဟု အဓိပ္ပာယ် ရသည်။ ကာလရွေ့လျောလာသောအခါ မူးတား၊ မူတော၊ မော်တော၊ မော်ဓောဟု အမည်တွင်၍ ထင်ရှားလာသည်။

(၁၀) ဟံသာဝတီ၊ ပဲခူးမြို့၏ အနောက်ဘက် ကဝမြို့ရွာ၏ ကုန်းတော်ပေါ်တွင် သွားတော်ဓာတ် တစ်ဆူ ဌာပနာ၍ စေတီတည်သည်။ စေတီဘွဲ့အမည်မှာ ကျိုက်ကဝဘုရား ဖြစ်သည်။ လင်းမီးဆွဲဘုရားဟု အဓိပ္ပာယ် ရသည်။ သာသနာ သက္ကရာဇ် ၂၃၇ ခုနှစ်တွင် ဖြစ်သည်။

ဤသည်မှာ သွားတော်ဓာတ် (၁၀) ဆူ ဌာပနာ၍ စေတီ ဘုရားတည်ထား ကိုးကွယ်မှု အကြောင်းများပင် ဖြစ်သည်။

တဖုဿ၊ ဘလ္လိက ညီနောင်နှစ်ပါး၊ မြတ်စွာဘုရားရှင်၏ ဆံတော်ဓာတ် ရှစ်ဆူရရှိ ပင့်ဆောင်သည်။ ဆံတော်ဓာတ်၊ ရေသနုပ်တော်၊ ရေစစ်တော်၊ တောင်ဝှေးတော်တို့နှင့် ဌာပနာ၍ လေးဆူဓာတ်ပုံ မြတ်ရွှေတိဂုံစေတီတော် တည်ထားကိုးကွယ် ကြသည်။

ဖာဒမွန်ရှေးဟောင်းမြို့ပြနိုင်ငံတွင်လည်း စေတီတော်များ တည်ထား ကိုးကွယ်ခဲ့ကြသည်။ တွံတေး၊ ကွမ်းခြံကုန်းဘက်

www.burmeseclassic.com

www.burmeseclassic.com



တွင် ဆံတော်ကြိုစေတီတော်များလည်း တည်ထားကိုးကွယ်ခဲ့ကြသည်။ ကျိုက်ဒေးကနောင်စေတီ (ယခု ဒေတနော)၊ ကျိုက်အံခလွန်း (ယခုအင်ဂလုံး)၊ ကျိုက်လှာပက်စေတီ (ယခုဆပုကန်)၊ ကျိုက်တရိုးနွတ် စေတီကြီး၊ ကျိုက်တရိုးတွတ်စေတီကြီး၊ လှာပတီစေတီ (ယခုလက်ခိုက်ဘုရား)၊ ကျိုက်ကော့မှူး (ကော့မှူးဘုရား)၊ ဖယ်ယားကြီးစေတီ (ယခုဖရ ကြီးအင်း)၊ ကျိုက်ကေသ (ယခု ဆံတော်ဘုရား) ခေါ်ကြသည်။

မွန်ရာဇဝင်၊ စေတီတော်သမိုင်းပေါင်းချုပ် အလိုအရ ဖော်ပြပါအတိုင်း စေတီဘုရားများ တည်ထား ကိုးကွယ်ခဲ့ကြသည်။ ဆံတော်ဓာတ်၊ သွားတော်ဓာတ်များ ဌာပနာ ထည့်၍ ပူဇော်ခဲ့ကြသည်။ ကျိုက်မရောဘုရားကြီးနှင့် ပတ်သက်ဆက်နွယ်မှု မရှိကြောင်းလည်း တွေ့ရသည်။ သက်ကြီးစကား သက်ငယ်ကြားအဆိုရ မြတ်စွာဘုရားရှင် သထုံမြို့သို့ ကြွရောက်စဉ်၊ ကျိုက်မရောမြို့သို့လည်း ကြွရောက်ကြောင်း၊ ပတ်သက်ဆက်နွယ်သောအကြောင်းအရာ မရှိကြောင်း တွေ့ရသည်။ မှန်ကန်နိုင်သောမှုကွဲ အဆိုအရ ယသော်ဓရာဒေဝီအား ငိုကြွေးစေရန်နှင့် ကျွတ်တန်းဝင် အကျွတ်တရားရရှိစေရန် ရည်ရွယ်၍ လက်နှစ်ဖက်ထောက်ပြီး၊ ခြေတွဲလျားချ ထိုင်ပေးတော်မူသော ဗုဒ္ဓစေတီတော်သမိုင်း၊ ဗုဒ္ဓဝင်သမိုင်း၊ ရာဇဝင်သမိုင်း အထောက်အထား ခိုင်မာစွာဖြင့် မရှိကြောင်းလည်း တွေ့ရသည်။

သို့ရာတွင် ကျိုက်မရောမြို့ ဟူသော ဝေါဟာရအဓိပ္ပာယ်ကို ဆန်းစစ်သုံးသပ်ကြရန် လိုပါမည်။ ကျိုက်ဗရော့ရ် ဟူ၍ မွန်လို အသံထွက်သော မြန်မာအဓိပ္ပာယ်မှာ ထင်ပေါ် ကျော်ကြားသော ဘုရားရှိသည့်မြို့ ဖြစ်သည်။ ဘုရားတစ်ဆူ အာနုဘော်ထင်ပေါ်ကျော်ကြားလာမှုအရသာ ကျိုက်မရောမြို့သည် နောက်မှဖြစ်ပေါ်လာကြောင်း သုံးသပ်၍ ရနိုင်ပါသည်။

ထို့အတူ ဘုရင်မ ရှင်စောပုဘုရားကြီးပြုပြင်သော ကျောက်စာမော်ကွန်းအရလည်း ရှေးဟောင်းဘုရားဖြစ်ကြောင်း ပေါ်လွင်သည်။ ဘုရင်မရှင်စောပုသည် ဉာဏ်ပညာ ထက်မြက်ပြီး၊

www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံတော် အတိုင်းအတာဖြင့် ဗဟုသုတကုံလုံ ကြွယ်ဝသော ပုဂ္ဂိုလ် ဖြစ်သည်။ ထိုပုဂ္ဂိုလ်ကျော် ရေးထိုးသော ကျောက်စာမှာ အားနည်းချက် မရှိစကောင်းဟု ယူဆရပါသည်။ ဘုရင်မကျောက်စာတွင် ဘုရားကြီး စတင်တည်ထားသော ခုနှစ်၊ သက္ကရာဇ် မပါရှိခြင်းပင် ဖြစ်သည်။ ဘုရားကြီးကို မည်သူက မည်သည့်အချိန်တွင် စတင်ကိုးကွယ်တည်ထားခဲ့ကြောင်း ဘုရင်မပင် မသိရှိကြောင်း ယူဆရပါသည်။ ဘုရင်မပင်၊ မသိမီသော ဘုရားကြီးဖြစ်သဖြင့် အလွန်ရှေးကျကြောင်းကို ပေါ်လွင်ထင်ရှားစေပါသည်။

ဖော်ပြပါအချက်များအရ ဘုရားကြီးသည် အလွန်ရှေးကျပြီး မြန်မာနိုင်ငံသို့ ဗုဒ္ဓဘာသာ သာသနာတော် စတင် ရောက်ရှိချိန်ခန့်က တည်ထားကိုးကွယ်ခဲ့ကြောင်း ယူဆနိုင်ပါသည်။

ဤသည်မှာ ဘုရားကြီးနှင့် ပတ်သက်ဆက်နွယ်မှုများကို လေ့လာဖြည့်စွက် သုံးသပ်ချက်ပင် ဖြစ်သည်။ သမိုင်း အထောက်အထားများ ရှိတတ်ပါသည်။ တွေ့ရှိချက်ပေါ်မူတည်ပြီး သုံးသပ်ချက်၊ ယူဆချက်၊ ကောက်ချက်များ ရရှိပါသည်။ ကောက်ချက်တွင် လိုအပ်ချက် ရှိတတ်ပြန်သည်။ လိုအပ်ချက်ကို ထပ်မံဖြည့်စွက်ရပါမည်။ ကောင်းသထက်ကောင်းအောင် ပြည့်စုံသည်ထက် ပြည့်စုံအောင် စေတနာထား ကြိုးစားသွားရမည်မှာ စာပေတာဝန် တစ်ရပ်သာဖြစ်ကြောင်း လေးစားစွာဖြင့် ဖော်ညွှန်းအပ်ပါသတည်း။

သာနိုင်အောင် (ကျိုက်မရော)
မိုလ်မှူးကြီးသာအောင် (ငြိမ်း)

www.burmeseclassic.com

www.burmeseclassic.com



## မှီငြမ်းပြုသော စာအုပ်စာတန်းများ

၁။ ကျိုက်ထီးရိုးဆံတော်ရှင် ဘုရားသမိုင်း။
၂။ ကျိုက္ကမီမြို့ ဆုတောင်းပြည့် ရေလယ်ဆံတော်ရှင်ဘုရားကြီး သမိုင်း။
၃။ ကျိုက်မရောမြို့နယ် မဂ္ဂဇင်းအမှတ် (၁) (ကျိုက်မရောအသင်း၊ ရန်ကုန်)။
၄။ ကျွန်တော်တို့ မွန်မြန်မာသွေးမျိုးများ (ဆရာသိန်းဖေမြင့်)။
၅။ ဇင်းကျိုက် ဆံတော်ရှင်ဘုရားသမိုင်း။
၆။ ပဲခူးမြို့ ဆုတောင်းပြည့် ရွှေမော်ဓောစေတီတော်မြတ်ကြီး သမိုင်း (မူသစ်)။
၇။ ပဲခူးရာဇဝင်ရွှေမော်ဓောသမိုင်းချုပ်မူဟောင်း (ရတနာဦးသွင်)။
၈။ ပဲခူးမြို့ ကျိုက်ကလွန်ပွန်းစေတီတော်သမိုင်း (မောင်စေတနာ)။
၉။ ပါဒနိုင်ငံရာဇဝင်နှင့် ရုပ်ပွားစေတီတော်များသမိုင်း (ပြည်တော်သာဦးထွန်းရီ)။
၁၀။ ပုသိမ်ရာဇဝင် (ဆရာမာဃ)။
၁၁။ ဗုဒ္ဓသာသနာသမိုင်း (ဆားလင်းကြီးတောင်ပေါ်ကျောင်းဆရာတော်အရှင်ဒါဒိစ္စဝံသ)။
၁၂။ ဗုဒ္ဓဝင်ပုံတော်စာအုပ် (အရှင်ဇနကာဘိဝံသဆရာတော်)။
၁၃။ ဗုဒ္ဓဝင်စကားတန်ဆာ ဥပမာပန်းကုံး (ဦးသိန်းခံ)။
၁၄။ မြန်မာပြည်ရှိ ရှေးဟောင်းဘုရား၊ စေတီပုထိုးများ (မြတ်မင်းလှိုင်)။
၁၅။ မြန်မာ့ရိုးရာ ပဋိမာ သိပ္ပံပညာ မုဒြာများ (ဦးစဝ်ထွန်းမှတ်ဝင်း)။

www.burmeseclassic.com

www.burmeseclassic.com




၁၆။ မရှိမဒေသဘုရားဖူး (ဦးဘသွင်)။
၁၇။ မဟာဗုဒ္ဓဝင် အကျဉ်းချုပ် (ဗေယျာမောင်)။
၁၈။ မွန်ရာဇဝင် (၁၂၈၄) မြန်မာပြည်စာပုံနှိပ်လုပ်သားများ ပုံနှိပ်တိုက်။
၁၉။ မွန်ရာဇဝင်စေတီတော်သမိုင်းပေါင်းချုပ် (စစ်ကဲကြီး ဦးရွှေနော်)။
၂၀။ မွန်ခေလှေနှင့် မွန်မှု (နိုင်မောင်တိုး)။
၂၁။ ယသော်ဓရာအလွမ်း (ချစ်စံဝင်း)။
၂၂။ ရှင်စောပု (ချစ်ဦးညို)။
၂၃။ ရွှေတိဂုံစေတီတော် ဗုဒ္ဓဝင်ပြခန်း (၁၉၉၁)။
၂၄။ ရာဇမိရာဇ်အရေးတော်ပုံ (ဗညားဒလ)။
၂၅။ သုတေသန စာတမ်းများ (ဒေါက်တာနိုင်ပန်းလှ)။

www.burmeseclassic.com

www.burmeseclassic.com



# ကျိုက်မရောမြို့ ဆုတောင်းပြည့်ဘုရားဝင်း သာသနိကအဆောက်အဦပြ မြေပုံ



## ရည်ညွှန်းချက်

| | | | |
|---|---|---|---|
| ၁ | ဘုရားကြီး | ၉ | ပိဋကတ်တိုက် |
| ၂ | ဘုရားကြီးကျောင်းတိုက် | ၁၀ | ရဟန္တာသိမ်တော် |
| ၃ | ဘုရားကြီးကျောင်းဓမ္မာရုံ | ၁၁ | သံဃာကျောင်းဆောင် |
| ၄ | ရေကန် (ရှင်ဥပဂုတ္တ) | ၁၂ | ဥပုသ်အရှေ့+အနောက်ဓမ္မာရုံ |
| ၅ | ရဟန္တာဆံတော်ရှင်စေတီ | ၁၃ | သီလရှင်ရေမ် |
| ၆ | ပြည်လုံးချမ်းသာစေတီ | ၁၄ | ဗုဒ္ဓဝင်ပြခန်း |
| ၇ | လေးမျက်နှာဘုရား | ၁၅ | ဧည့်ဆောင် (၂) ဆောင် |
| ၈ | နဂါးရုံဘုရား | ၁၆ | မုခ်ဦး |

www.burmeseclassic.com

www.burmeseclassic.com



## ၂၀၁၀ ခုနှစ်၊ မေလ (၂၁) ရက်နေ့၊ နေ့လယ် (၁၀း၃၀) အချိန်တွင် မွန်ပြည်နယ်၊ ကျိုက်မရောမြို့၊ ဆုတောင်းပြည့်ဘုရားကြီး ကျောင်းတိုက်ဝင်းအတွင်းရှိ ကလျာဏီ ရဟန္တာသိမ်တော်တွင် စောင့်ရှောက်လျက်ရှိသော သက်ဆိုင်ရာပုဂ္ဂိုလ်၏ တင်ပြလျှောက်ထားမှုများ

၁။ မွန်ပြည်နယ်၊ ကျိုက်မရောမြို့ရှိ အဓိကရဆုတောင်းပြည့် ဘုရားကြီးကို သက္ကရာဇ် (၁၁၀) ခုနှစ်တွင် ယခု ဘားအံမြို့နယ် တွင် နန်းစိုက်ခဲ့သော "ဓမ္မရာဇာမင်း" (စလွယ်၌ ဖားရုပ်ရှိ) သည် စတင်တည်ဆောက် ပူဇော်ခဲ့ပါသည်။ ၎င်းမင်းတွင် သမီး တော် သုံးယောက် ရှိပြီး အကြီးဆုံးသမီးတော်မှာ "မြနန်းသူဇာ" ဖြစ်ပြီး သမီးလတ် "မြနန်းဒေဝီ"နှင့် သမီးငယ် "မြနန်း ကလျာ" တို့ ရှိခဲ့ရာ ဓမ္မရာဇာမင်း စစ်ရှုံးသောအခါ၌ ထိုသမီး တော် (၃) ယောက်နှင့် အတူတကွ ယခု ဆုတောင်းပြည့် ဘုရားကြီးဝင်းအတွင်းရှိ လေးမျက်နှာ ဘုရားနေရာ၌ ဖမ်းဆီး ချုပ်နှောင်ခြင်း ခံရပြီး ကွပ်မျက်ခံခဲ့ရသည်။ ကွပ်မျက်မခံရမီ လှည်း (၉) စီးခန့် ရှိသော ရွှေ ငွေ ရတနာများကို သိုဝှက်ထား မိ၍ သေလွန်သောအခါ ၎င်းပစ္စည်းတို့နှင့် ဘုရားကို စွဲလမ်း သော စိတ်ကြောင့် ဘုရားဝင်းအတွင်းတွင် သာသနာပြုအစောင့် ဘဝသို့ ရောက်ရှိခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဘုရားဒါယိကာ ဓမ္မရာဇာမင်းသည် ဆုတောင်းပြည့်ဘုရားကြီးကို စတင်တည်ဆောက်ခဲ့စဉ်က ဘုရားမုခ်ဦးများတွင် ဂမ္ဘီရအစီအရင်များကို ထည့်သွင်းတည်ဆောက်ခဲ့သည်။ မြောက်ဘက်မုခ်ဦးရှိ ဘီလူးအထီး၊ အမ နှစ်ဦးမှာ မနော့ယက္ခမောင်နှမဖြစ်ပြီး၊ တောင်ဘက် မုခ်ဦးရှိ ဝိဇ္ဇာရုပ်နှစ်ခုမှာ ဆေးအစီအရင်အတွက် ဆေးစောင့် ပုဂ္ဂိုလ်နှစ်ဦး ဖြစ်သည်။ ဘုရားကြီး၏အရှေ့ဘက် မျက်နှာစာမုခ်ဦးတွင် အောက်-ဆင်၊ အလယ်-ခြင်္သေ့၊ အပေါ်-ဘီလူးတို့မှာ လမိုင်းနတ်များ ဖြစ်ကြသည့်-

(၁) ဆင် - အာကာသလမိုင်း (မုန်တိုင်း)
(၂) ခြင်္သေ့ - ပထဝီလမိုင်း (ငလျင်)
(၃) ဘီလူး - ဇာဇောလမိုင်း (မီး)

တို့ဖြစ်ပြီး လက်ဝဲဆင်သည် အနက်ရောင်၊ လက်ယာဆင်သည် အဖြူရောင်ဖြစ်ကာ ဆင်များကို ရွှေကြိုးဖြင့် ထုခတ်၍ ဂမ္ဘီရ အစီအရင်အတွက် အသုံးပြုနိုင်ကြောင်း လျှောက်ထားသွားပါသည်။

၂။ မြနန်းသူဇာ နဂါးမယ်တော်ကြီး လာရောက်လျှောက်ထားမှုကြောင့် မွန်ပြည်နယ်၊ ကျိုက်မရောမြို့ ဆုတောင်းပြည့် ဘုရားကြီး ကျောင်းဝင်းအတွင်း တည်ဆောက်နေဆဲဖြစ်သည့် လေးကျွန်းစကြာ သစ္စာပန္နက် ဆုတောင်းပြည့် ဘုရားကြီးကျောင်းတိုက်ဆရာတော် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်၊ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝါရိန္ဒမှ ကြီးမှူးဦးဆောင်ကာ ရွှေဘုန်းမြင့် ဘဘနှင့် တပည့်များ ဒါယိကာ၊ ဒါယိကာမများ စုပေါင်းကာဖြင့် မင်္ဂလာအုတ်မြစ်ချကာ စတင်တည်ဆောက်ခဲ့သည်။

လေးကျွန်းစကြာဘုရား တည်ဆောက်ပြီးသည့်ကာလ၌ အနယ်နယ် အရပ်ရပ်မှ နဂါးဆွေတော်မျိုးတော်များ လာရောက်သာသနာပြုနိုင်ရန်အတွက် လေးကျွန်းစကြာပွဲ ဖြစ်သည့်-

(၁) သာသနာပွဲ၊ (၂) အရှေ့နဂါးမင်းသိုက်ချုပ်တစ်ပွဲ၊ (၃) အနောက်နဂါးမင်းသိုက်ချုပ် တစ်ပွဲ၊ (၄) တောင်နဂါးမင်းသိုက်ချုပ် တစ်ပွဲ၊ (၅) မြောက်နဂါးမင်းသိုက်ချုပ်တစ်ပွဲ၊ စုစုပေါင်း

www.burmeseclassic.com

www.burmeseclassic.com



သိုက်ပွဲ ငါးပွဲတို့ကို ပန်းသစ်သီးစုံလင်စွာဖြင့် ပွဲတင်ပေးရန် တောင်းဆိုထားပါသည်။

နဂါးသိုက်ပေါင်းချုပ် ဘုရားအနီးတွင် ဓမ္မရာဇာမင်းနှင့် သမီးတော် (၃)ယောက်တို့၏ ရုပ်တုများကို နတ်နန်းဖြင့် ထားရှိပေးရန်နှင့် နောင်သောအခါ မြန်နန်းသူဇာ နဂါးမယ်တော်ကြီးနှင့် ဘဝပဋ္ဌာန်းဆက် ရှိခဲ့သော ဆရာတော် ဦးဝါရိန္ဒအား သာသနာပြုနိုင်ရန်အတွက် ရွှေငွေ ရတနာများကို လှူဒါန်းပေးအပ်သောအခါ၌လည်း မိမိတို့ကို ရည်စူး၍ ရွှေကျောင်းတော်၊ ငွေကျောင်းတော် တို့ကို တည်ဆောက်လှူဒါန်း၍ ရေစက်သွန်းချ အမျှပေးဝေပါရန် လျှောက်ထားပြီး ထိုရွှေငွေရတနာများကို မြေကြီး ရွှေဖြစ်စမ (သို့မဟုတ်) သိုက်ပစ္စည်းထိန်း စမ၊ ပထမံ ဘိုးဘိုးအောင်၏ "ယ"စမတို့ကို အသုံးပြု၍ သတ်သတ်လွတ် အဓိဋ္ဌာန်ဝင်ကာ ဖော်ထုတ်ယူရမည်ဖြစ်ကြောင်းတို့ကို တင်ပြလျှောက်ထား သွားပါသည်။

၃။ ဘုရားလောင်း ဘူရိဒတ်နဂါးမင်းဖြစ်စဉ်ဘဝက ယခုစံပယ်ဂူတောင်၌ ဥပုသ်သီတင်း စောင့်တည်နေစဉ် အလမ္ဘာယ် ဆရာ၏ ဖမ်းဆီးခြင်းခံရကာ ဘုရားကြီး အရှေ့ဘက်မုခ်နေရာတွင် နှိပ်စက်ညှဉ်းပန်းမှုကို ခံခဲ့ရသည်။ ထိုအကြောင်းကို ကြားသိသောအခါ နောင်တော် နဂါးမင်းက (ယခု ရသေ့တောင်နေရာ) ရသေ့အသွင်၊ နှမတော် နဂါးမယ်က (ယခု ဖားအောက်ရွာနေရာ) ဖားအသွင် ဖန်ဆင်းကာ အလမ္ဘာယ်ဆရာနှင့် ယခု ဒက္ခိဏာရာမိက သာသနာ့ဗိမာန်နေရာတွင် ပညာပြိုင်ရာ အလမ္ဘာယ်ဆရာ ရှုံးနိမ့်ပြီး ဘုရားလောင်း နဂါးမင်း လွတ်မြောက်ရာ အောင်မြေနေရာ ဖြစ်သောကြောင့် အနယ်နယ် အရပ်ရပ်မှ လာရောက်ကြသော နဂါးဆွေတော်မျိုးတော်များသည် ဗိမာန်တော်ကြီးတည် ဆောက်ခဲ့သည့် အောင်မြေနေရာသို့ရောက်လျှင် လွတ်လပ်စွာ ပျော်ပါးကခုန်ကာဖြင့် လှူဒါန်းပူဇော်မှု ပြုကြလိမ့်မည်ဖြစ်ကြောင်းနှင့် နဂါးပဋ္ဌာန်းဆက်တို့ဖြင့် ဆက်နွယ်ကာ နဂါးသိုက်၏ အတွင်းပစ္စည်းဖြစ်သည့် မူလခဲ (ခေါ်) အမတေဥသည် သာသနာပြုရန်

www.burmeseclassic.com

www.burmeseclassic.com



အတွက် ဆရာတော်ထံသို့ ပို့ဆောင်ပေးခဲ့သည်ဖြစ်ကြောင်း လာရောက်တင်ပြလျှောက်ထားသွားပါသည်။

လေးကျွန်းစကြာ သစ္စာပန်းကတ် ဆုတောင်းပြည့်
နဂါးသိုက်ချုပ်ဘုရား တည်ဆောက်ရာတွင် မည်သူမဆို
ကုသိုလ်ယူပါဝင်လှူဒါန်းနိုင်ကြောင်း အသိပေးနှိုးဆော်
အပ်ပါသည်။

နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်၊
သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝါရိန္ဒ
ဆုတောင်းပြည့် ဘုရားကြီးကျောင်းတိုက်
ကျိုက်မရောမြို့နယ်၊ မွန်ပြည်နယ်။

မှတ်တမ်းတင်ပြုစုသူ- ရွှေဘုန်းမြင့် ဘဘ
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

www.burmeseclassic.com

www.burmeseclassic.com

# မွန်ပြည်နယ်

